# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ယောက်ျားအာဇာနည်**

ယောက်ျားအာဇာနည်မျိုးသည် ဖြစ်ထွန်းပေါ်ပေါက်နိုင်ခဲ၏။ ထိုယောက်ျားအာဇာနည်မျိုးသည် ခပ်သိမ်းသော အရပ်ဒေသ၊ ခပ်သိမ်းသော အမျိုးအနွယ်တို့၌ မဖြစ်ထွန်းနိုင်၊ ပညာရှိသော အာဇာနည်ယောက်ျားမျိုးသည် အကြင်အမျိုးအနွယ်၌ ဖြစ်၏။ ထိုအမျိုးအနွယ်သည် ချမ်းသာခြင်းသို့ ရောက်၏။ **ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၉၃)**


၁၃၈၀ ပြည့်နှစ် ဒုတိယဝါဆိုလဆန်း ၇ ရက်၊ ကြာသပတေးနေ့။ Thursday 19 July 2018 ၉၃၇၂





## အာဇာနည်ခေါင်းဆောင်ကြီးများကို ဦးညွတ်အလေးပြုပါ၏။

ကြေးမုံ

# အာဇာနည်ခေါင်းဆောင်ကြီးများမျှော်မှန်းသည့် လောကနိဗ္ဗာန်သစ်ကို တည်ဆောက်

ယနေ့(ဇူလိုင်လ ၁၉ ရက်နေ့)သည် မြန်မာပြည်တစ်ဝန်းလုံးတွင် နေထိုင်ကြသည့် မြန်မာတစ်မျိုးသားလုံး မမေ့နိုင်သောနေ့တစ်နေ့ဖြစ်သည်။ ကုန်လွန်ခဲ့သည့် နှစ်ပေါင်း ၇၁ နှစ်အကြာ ဤနေ့ဤရက်တွင် လွတ်လပ်ရေးဗိသုကာကြီး၊ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့် ခေါင်းဆောင်များ မြန်မာ့လွတ်လပ်ရေး၊ တိုင်းပြည်တည်ဆောက်ရေးအတွက် ရန်ကုန်မြို့ ဝန်ကြီးများရုံးတွင် စည်းဝေးနေကြစဉ် အကြံပက်စက်သည့် မသမာသူလူတစ်စု၏လက်ချက်ဖြင့် ကျဆုံးခဲ့ရပါသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့်ခေါင်းဆောင်များ လုပ်ကြံခံရသည့် ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့ကို အာဇာနည်နေ့ဟူ၍ နေ့ကြီးရက်ကြီးသတ်မှတ်ပြီး နိုင်ငံတစ်ဝန်းလုံးရှိပြည်သူများ လွမ်းဆွတ်တသ သတိတရနှင့် ဦးညွှတ်အလေးပြုလာကြသည်မှာ ယနေ့နှင့်ပါဆိုလျှင် ၇၁ နှစ်ရှိလေပြီ။ ဤအာဇာနည်နေ့သည် မြန်မာတစ်မျိုးသားလုံးအတွက် မမေ့ပျောက်ကောင်းသောနေ့တစ်နေ့၊ ကမ္ဘာတည်သရွေ့ မပျောက်ကွယ်နိုင်သောနေ့တစ်နေ့ဖြစ်ပါသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးအကြိုကာလ၊ လွတ်လပ်ရေးရပြီးကာလ မြန်မာ့နိုင်ငံရေးအခြေအနေကို ပြန်ပြောင်းလေ့လာကြည့်မည်ဆိုလျှင် ခက်ခဲနက်နဲရှုပ်ထွေးလှသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများက မြန်မာတစ်မျိုးသားလုံး တစ်စိတ်တစ်ဝမ်းတည်း စည်းလုံးမိကြသလောက် လွတ်လပ်ရေးရလုနီးကာလတွင် နိုင်ငံရေးအယူအဆနှင့် သဘောထား ကွဲပြားမှုများဖြစ်ခဲ့ကြသည်။

ထိုကွဲပြားမှုများတွင် နိုင်ငံ့အာဏာကို လူထု၏တစ်ခဲနက် ထောက်ခံမှုဖြင့် ရယူလိုခြင်းမရှိဘဲ ဖြတ်လမ်းမှရယူလိုသူ၊ လက်နက်စွဲကိုင် အကြမ်းဖက်နည်းဖြင့် ရယူလိုသူအချို့လည်း ရှိခဲ့သည်။ ထိုအထဲတွင်ပါဝင်သည့် မသမာသူလူတစ်စုက အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်များကို ရက်ရက်စက်စက်လုပ်ကြံသတ်ဖြတ်ခဲ့ကြသည်။ ပြည်သူအားလုံး အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးရသည့်အတွက် ယူကျုံးမရဖြစ်ကြပြီး ယနေ့ထက်တိုင် ဝမ်းနည်းကြေကွဲ သတိရနေဆဲဖြစ်သည်။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်များ ကျဆုံးခဲ့ရခြင်းအတွက် ဝမ်းနည်းကြေကွဲခြင်းဖြစ်ရသလို မြန်မာနိုင်ငံနှင့် နိုင်ငံသားအားလုံးအတွက် တန်ဖိုးမဖြတ်နိုင်သည့် ကြီးမားသောဆုံးရှုံးမှုကြီးအတွက် သတိရကြရမည်ဖြစ်သည်။ နိုင်ငံရေးအယူအဆကွဲပြားမှုအကျိုးဆက်ကြောင့် အမျိုးသားခေါင်းဆောင်ကြီးများ အသက်ဆုံးရှုံးရပြီး ယနေ့ထက်တိုင်လည်း လက်နက်ကိုင်ပဋိပက္ခများ ဖြေရှင်းနေဆဲဖြစ်သည်ကို မြင်တွေ့ကြရမည် ဖြစ်သည်။

အာဇာနည်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား ဦးညွှတ်ဂုဏ်ပြု အမှတ်တရပြုကြရမည်ဖြစ်သလို အာဇာနည်ခေါင်းဆောင်ကြီးများ၏ နိုင်ငံနှင့်လူမျိုးအတွက် ထားရှိခဲ့ကြသော စိတ်ဓာတ်၊ စွမ်းရည်၊ အရည်အချင်းနှင့် ကြိုးပမ်းအားထုတ်မှုများကို အားကျအတုယူကာ မျက်မှောက်ကာလနှင့် အနာဂတ် တိုးတက်ကောင်းမွန်သည့် နိုင်ငံတော်ကြီး တည်ဆောက်နိုင်အောင် ဝိုင်းဝန်းကြိုးပမ်းအားထုတ်လုပ်ကိုင်ကြဖို့ လိုအပ်မည်ဖြစ်သည်။

အထူးသဖြင့် လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ ပေါ်ပေါက်လာသော နိုင်ငံရေး ဂိုဏ်းဂဏစွဲ၊ အယူအဆကွဲ၊ အာဏာအစွဲ စသည့် အကွဲအပြဲတို့ကြောင့် ဖြစ်ပွားလာခဲ့သည့် အဖြစ်ဆိုး၊ အနိဋ္ဌာရုံဆိုး၊ ပဋိပက္ခအမျိုးမျိုးတို့ မဖြစ်ပေါ်အောင် သင်ခန်းစာယူ ပြုပြင်ပြောင်းလဲ ကျင့်ကြံအားထုတ်ကြရမည်ဖြစ်သည်။ သို့မှသာ အာဇာနည်ခေါင်းဆောင်ကြီးများ ချမှတ်ခဲ့သည့်၊ မျှော်မှန်းခဲ့သည့်၊ အားထုတ်ခဲ့သည့် အေးချမ်းသာယာဝပြောသော လောကနိဗ္ဗာန်သစ်ကို တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း။ ။

MYANMAR Digital News Presented by NPE www.mdn.gov.mm

## ပြည်ထောင်စုရာထူးဝန်အဖွဲ့ (၁၃)ကြိမ်မြောက် သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၁၈**

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ (၁၃)ကြိမ်မြောက် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲက နေပြည်တော်ရှိ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၌ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းနှင့် အဖွဲ့ဝင်များဖြစ်ကြသည့် ဦးဝင်းမော်၊ ဦးသန်းထွန်း၊ ဦးစောဗယ်လင်တိုင်း၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။



ရှေးဦးစွာ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းက သတ်မှတ်နေရာ၌ အထိမ်းအမှတ် ရတနာတန်းဝင် ကျွန်းပင်ကို စိုက်ပျိုးပေးသည်။

ထို့နောက် တက်ရောက်လာကြသူများက သတ်မှတ်နေရာအသီးသီးတွင် နှစ်ရှည်သီးနှံပင်များ၊ အရိပ်ရလေကာပင်များနှင့် ရတနာတန်းဝင် ကျွန်းပင်များကို အစားထိုးဖြည့်စွက် စိုက်ပျိုးပေးကြပြီး ဝန်ထမ်းသက်သာသစ်သီးဝလံနှင့် ရာသီသီးနှံစိုက်ခင်းကို လှည့်လည်ကြည့်ရှုခဲ့သည်။

ယခု မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ ပျဉ်းကတိုးနှင့် မဟော်ဂနီစသော နှစ်ရှည်ပင်များအပါအဝင် အရိပ်ရလေကာပင် ၁၅၀ နှင့် ပန်းအလှပင် ၁၀၀ တို့ကို စိုက်ပျိုးခဲ့ကြပြီး ယခင်နှစ်များက စိုက်ပျိုးခဲ့သည့် သစ်ပင်များအား မြေဩဇာကျွေးခြင်းနှင့် ချုံနွယ်များ ရှင်းလင်းခြင်းတို့ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ရခိုင်ပြည်နယ်ရှိ သမဝါယမအသင်းများသို့ အသေးစားအရင်းအနှီးချေးငွေများ ပေးအပ်

**စစ်တွေ ဇူလိုင် ၁၈**

ရခိုင်ပြည်နယ်အတွင်းရှိ သမဝါယမအသင်းများသို့ အသေးစားအရင်းအနှီးချေးငွေနှင့် လယ်ယာသုံးစက်ကိရိယာများပေးအပ်ခြင်း အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် စစ်တွေမြို့ ပြည်နယ် သမဝါယမဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီး ဦးကျော်လွင်က အဖွင့်အမှာစကား ပြောကြားပြီး ပြည်နယ် သမဝါယမ ဦးစီးမှူးက သမဝါယမလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ်အတွင်းရှိ သမဝါယမအသင်းများသို့ ခရိုင်အလိုက် အသေးစားအရင်းအနှီးချေးငွေများကို ပြည်နယ်ဝန်ကြီးနှင့် ပြည်နယ် သမဝါယမဦးစီးမှူးတို့က ပေးအပ်ခဲ့ရာ ခရိုင်နှင့် မြို့နယ်သမဝါယမ



အသင်းစုချုပ် ဥက္ကဋ္ဌများက လက်ခံရယူကြသည်။

ဆက်လက်၍ ရခိုင်ပြည်နယ် သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌက ပြည်နယ်အတွင်းရှိ မြို့နယ်ခြောက်မြို့နယ်မှ အသင်းသားများအတွက် လယ်ယာသုံးစက်ကိရိယာ ၇၅ စီးအတွက် ပံ့ပိုးချေးငွေများ၊ ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးက မျိုးစေ့ထုတ် သမဝါယမအသင်းများသို့ ပံ့ပိုးချေးငွေများ၊ အသေးစားစက်မှုလက်မှု ဦးစီးဌာန ပြည်နယ်ဦးစီးမှူးက စံနမူနာပြ သမဝါယမအသင်း ဖြစ်ပေါ်လာရေးအတွက် ထုတ်ချေးငွေများ ပေးအပ်ကြရာ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌများက လက်ခံရယူကြသည်။

ယနေ့ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းများသို့ အသေးစားအရင်းအနှီးချေးငွေ ၁၀၇၇၆ ဒသမ ၅၁ သန်း၊ လယ်ယာမြေ အဆင့်မြှင့်တင်ခြင်းအတွက် ချေးငွေ ၂၄၆ ဒသမ ၃၀ သန်း၊ လယ်ယာသုံးစက်ကိရိယာ ၇၅ စီးအတွက် တန်ဖိုး ၁၉၆ ဒသမ ၈၀ သန်း၊ မျိုးစေ့ထုတ် သမဝါယမအသင်းများအတွက် ၂၆ ဒသမ ၄၀ သန်းနှင့် စံနမူနာပြ သမဝါယမအသင်း ဖြစ်ပေါ်လာရေးအတွက် ထုတ်ချေးငွေ ကျပ် ၅၂ သန်းတို့ကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**တင်ထွန်း(မြန်/ဆက်)**

## ပန်းတောင်းမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်း ကျင်းပ

**ပန်းတောင်း ဇူလိုင် ၁၈။** ။ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကို ပန်းတောင်းမြို့နယ် နတ်မောက်ကျေးရွာ ဓမ္မာရုံ၌ ဇူလိုင်လ ဒုတိယပတ်က ကျင်းပသည်။ အဆိုပါစကားဝိုင်းတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်နှင်းသစ်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ဆန်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာပိုက်ထွေး၊ စာရေးဆရာ ဦးလှကျော် (ပန်းတောင်း)တို့က ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူများက သိရှိလိုသည်များကိုမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

**သင်းသင်းအေး (မြန်/ဆက်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဇူလိုင် ၁၈**

ရန်ကုန်(ရွှေဈေး) ၉၄၄၀၀၀ - ၉၄၄၀၀၀ မန္တလေး(ရွှေဈေး) ၉၄၄၀၀၀ - ၉၄၄၀၀၀

**စက်သုံးဆီဈေးနှုန်း**

| | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၀၀/၉၁၅ ကျပ်၊ | ၉၄၅/၉၅၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၁၅/၉၄၀ ကျပ်၊ | ၉၈၅/၉၉၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၆၅/၈၉၀ ကျပ်၊ | ၉၃၅/၉၅၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၁၅/၉၃၀ ကျပ်၊ | ၉၅၅/၉၆၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၆၅/၈၇၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၈၀/၈၈၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၈၁၅/၈၂၀ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၁၅. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၄၉. ၇ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၁၁. ၀၀ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၂. ၄၈၀ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၄၈. ၈၂ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၆၇၈ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၅၂. ၅ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၅. ၅၂ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၄၅. ၀ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၃၆. ၆ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
ခေတ္တစာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

## စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်



တစ်တိုင်းပြည်လုံးကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့ စုပေါင်းပြီး အင်တိုက်အားတိုက်လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ။ ဗမာက တစ်မျိုး၊ ကရင်က တစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့ကတခြား အကွဲကွဲအပြားပြားလုပ်နေကြရင် အကျိုးရှိမှာမဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်။ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်း သိနိုင်တယ်။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့ ပင်လုံညစာစားပွဲတွင် ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ဥက္ကဋ္ဌ အငြိမ်းစားသံအမတ်ကြီး ဦးညွန့်မောင်ရှိန်နှင့်အဖွဲ့အား တွေ့ဆုံ

**ရန်ကုန် ဇူလိုင် ၁၈**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့နံနက် ၁၀ နာရီ ၅၅ မိနစ်တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် သံတမန်လမ်းရှိ မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေး အဖွဲ့ရုံးသို့ရောက်ရှိပြီး အဖွဲ့ဥက္ကဋ္ဌ အငြိမ်းစားသံအမတ်ကြီး ဦးညွန့်မောင်ရှိန် ခေါင်းဆောင်သည့် အဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ အဖွဲ့ဥက္ကဋ္ဌ အငြိမ်းစားသံအမတ်ကြီး ဦးညွန့်မောင်ရှိန်က နိုင်ငံတော်သမ္မတ၏ ခွင့်ပြုချက်ဖြင့် ဖွဲ့စည်းထားရှိသည့် မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာ လေ့လာရေးအဖွဲ့၏ လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားရာတွင် ၂၀၁၈ ခုနှစ်အတွက် အာဆီယံ မဟာဗျူဟာနှင့် နိုင်ငံတကာ လေ့လာရေးအဖွဲ့များဆိုင်ရာကွန်ရက်(ASEAN-ISIS) ၏ လက်ရှိဥက္ကဋ္ဌအဖြစ် ဆောင်ရွက်နေမှုများ၊ အရှေ့အာရှပညာရှင်များဆိုင်ရာကွန်ရက်(Network of East Asia Think Tanks-NEAT)၏ ၂၀၁၈ ခုနှစ် အလှည့်ကျဥက္ကဋ္ဌအဖြစ် ဆောင်ရွက်နေမှုများ၊ အဖွဲ့၏ အနာဂတ် မျှော်မှန်းချက်နှင့် နိုင်ငံတော်နှင့် ပြည်သူအတွက် အကြံပြုချက်များဖြင့် ကူညီပံ့ပိုး ဆောင်ရွက်ပေးလိုသည့် ကိစ္စများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့် ပြန်လည်ဆွေးနွေးကာ လိုအပ်သည်များကို မှာကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူတို့ တက်ရောက်ကြသည်။

**သတင်းစဉ်**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ဥက္ကဋ္ဌ အငြိမ်းစားသံအမတ်ကြီး ဦးညွန့်မောင်ရှိန် ခေါင်းဆောင်သည့် အဖွဲ့ဝင်များအား တွေ့ဆုံစဉ်။

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင် မဲဆန္ဒရှင်စာရင်းကြေညာထားရှိမှုများအား လိုက်လံကြည့်ရှုစစ်ဆေး



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်နှင့်အဖွဲ့ ဆိပ်ကမ်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ်အမှတ်(၂)တွင်ပါဝင်သော ရဲရိပ်သာရပ်ကွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် မဲဆန္ဒရှင်စာရင်း ကြေညာထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**ရန်ကုန် ဇူလိုင် ၁၈**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင် (ရန်ကုန်တိုင်းဒေသကြီးတာဝန်ခံ)သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဦး၊ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကြည်မြင့်တို့နှင့်အတူ နိုဝင်ဘာ ၃ ရက်တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲတွင် ပါဝင်သော တာမွေမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်နှင့် ဆိပ်ကမ်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ်အမှတ်(၂)တို့အတွက် ပထမအကြိမ် မဲဆန္ဒရှင်စာရင်း ကပ်ထားကြေညာမှုများအား ယနေ့မွန်းလွဲပိုင်းက လိုက်လံစစ်ဆေးကြည့်ရှုသည်။

ရှေးဦးစွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်နှင့်အဖွဲ့သည် ဆိပ်ကမ်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ်အမှတ်(၂)တွင်ပါဝင်သော ရဲရိပ်သာရပ်ကွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် မဲဆန္ဒရှင်စာရင်း ကြေညာထားရှိမှုကို သွားရောက်ကြည့်ရှုစစ်ဆေးရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမင်းဆွေက ရှင်းလင်းတင်ပြသည်။

ယင်းနောက် တာမွေမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်တွင်ပါဝင်သော ကျားကွက်သစ်ရပ်ကွက်နှင့် ကျောက်မြောင်း အရှေ့ရပ်ကွက်တို့သို့ သွားရောက်၍ ရပ်ကွက်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများတွင် မဲဆန္ဒရှင်စာရင်း ကြေညာထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးရာ တာမွေမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသိန်းပိုင်က ရှင်းလင်းတင်ပြသည်။ ထို့နောက် ကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်က ဆန္ဒမဲပေးခွင့်ရှိသူအားလုံး မဲပေးခွင့်ရရှိစေရေး၊ မဲဆန္ဒရှင်စာရင်းပြုစုရာတွင် အမှားအယွင်း အနည်းဆုံးဖြစ်စေရေးနှင့် ဒုတိယအကြိမ် ကပ်ထားကြေညာမည့် အောက်တိုဘာလတွင် ပိုမိုပြည့်စုံမှန်ကန်စေရေး အလေးထားဆောင်ရွက်ကြရန် ဖြည့်စွက်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

သစ်တောမှန်လျှင် အသုံးဝင်
အစဉ်ထာဝရ ထိန်းသိမ်းကြ

☆ ကျောဖုံးမှ

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား စစ်ရေယာဉ်(မေယု) အထိမ်းအမှတ် အမှတ်တရလက်ဆောင်နှင့် ဖခင်ဖြစ်သူဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် စစ်ရေယာဉ်(မေယု)ကို လက်ခံရယူစဉ်က သမိုင်းမှတ်တမ်းဓာတ်ပုံတို့ကို သန်လျင်တပ်နယ်မှ ဗိုလ်ချုပ်ငွေးနိုင်က ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် တာဝန်ရှိသူများနှင့်အတူ သမိုင်းဝင်စစ်ရေယာဉ်(မေယု)ရှေ့တွင် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

**စတင်တာဝန်ထမ်းဆောင်**

စစ်ရေယာဉ်(မေယု)သည် River Class အမျိုးအစား ဖရီးဂိတ်စစ်ရေယာဉ်ဖြစ်ပြီး အလျား ၃၀၁ ပေ၊ ၇ ဒသမ ၇၅ လက်မ၊ အနံ ၃၇ ပေ၊ ၉ ဒသမ ၂၅ လက်မ၊ ရေစူး ၁၄ ပေ ၄ လက်မ(ဝန်ပြည့်)၊ ရေယာဉ်အလေးချိန် ၁၆၁၄ ဒသမ ၉၁ တန်(ဝန်ပြည့်)ဖြစ်သည်။ မူလအမည်မှာ HMS FAL ဖြစ်ပြီး ၁၉၄၃ ခုနှစ် ဇူလိုင် ၁၅ ရက်တွင် ဗြိတိသျှတော်ဝင်ရေတပ်မတော် အမှတ်(၃၈) ကင်းထောက်ရေယာဉ်အုပ်စုတွင် စတင်တာဝန်ထမ်းဆောင်ခဲ့သည်။

**ရှုပ်ရှုပ်ချွံချွံ ပါဝင်တိုက်ခိုက်**

၁၉၄၇ ခုနှစ် မေ ၂၅ ရက် မွန်းတည့် ၁၂ နာရီတွင် ဗြိတိသျှတော်ဝင်ရေတပ်မတော်က မြန်မာနိုင်ငံ အရန်တော်ဝင်ရေတပ်သို့ အခမ်းအနားဖြင့် လွှဲပြောင်းပေးအပ်ခဲ့သည်။ ပထမဆုံးစစ်ရေယာဉ်မှူးမှာ ဗိုလ်မှူးခင်မောင်ဘိုဖြစ်သည်။ မြန်မာနိုင်ငံကို မဟာမိတ်များ ပြန်လည်ထိုးစစ်ဆင်ချိန်တွင် မြန်မာ့ရေတပ်မတော်သားများသည် ရခိုင်တိုက်ပွဲစဉ်များအတွင်း မေယုမြစ်ဝှမ်း၌ ရှုပ်ရှုပ်ချွံချွံ ပါဝင်တိုက်ခိုက်ခဲ့သည်ကို ဂုဏ်ပြုသောအားဖြင့် "မေယု"ဟု အမည်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးနောက် မြန်မာ့တပ်မတော်က ရောင်စုံသောင်းကျန်းသူတို့ကို တိုက်ခိုက်နှိမ်နင်းရာတွင် စစ်ရေယာဉ်(မေယု)သည်လည်း ရှေ့တန်းမှ တစ်တပ်တစ်အားပါဝင်ခဲ့ပြီး **စာမျက်နှာ ၅ သို့** »»



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် သမိုင်းဝင်စစ်ရေယာဉ်(မေယု)ပေါ်၌ ကြည့်ရှုလေ့လာပြီး ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးစဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား သန်လျင်တပ်နယ်မှ ဗိုလ်ချုပ်ငွေးနိုင်က စစ်ရေယာဉ်(မေယု)အထိမ်းအမှတ် အမှတ်တရလက်ဆောင် ပေးအပ်စဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် စစ်ရေယာဉ်(မေယု) လက်ခံရယူခဲ့သည့် သမိုင်းမှတ်တမ်းဓာတ်ပုံကို သန်လျင်တပ်နယ်မှ ဗိုလ်ချုပ်ငွေးနိုင်က ပေးအပ်စဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တာဝန်ရှိသူများ သမိုင်းဝင်စစ်ရေယာဉ်(မေယု)ရှေ့၌ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

»» စာမျက်နှာ ၄ မှ
၁၉၄၈ ခုနှစ် အင်းစိန်မြို့သိမ်းတိုက်ပွဲ၊ သန်လျင် ကျိုက်ခေါက်တိုက်ပွဲနှင့် ပုသိမ်မြို့သိမ်းတိုက်ပွဲ၊ ၁၉၄၉ ခုနှစ် ကျောက်ဖြူမြို့သိမ်းတိုက်ပွဲနှင့် ၁၉၅၀ ပြည့်နှစ် မော်လမြိုင်မြို့သိမ်းတိုက်ပွဲများတွင် ရှေ့တန်းမှ တာဝန်ထမ်းဆောင်ခဲ့သည်။

ထိုမှတစ်ဖန် မြန်မာ့ပင်လယ်ပြင်နှင့် ကမ်းရိုးတန်းတစ်လျှောက်တွင် စစ်ဆင်ရေးတာဝန်များကို နှစ်ပေါင်းများစွာ ကျေပွန်စွာထမ်းဆောင်ခဲ့ပြီးနောက် သက်တမ်းကာလ နှစ်(၄၀)ခန့် ရှိလာသည်နှင့်အမျှ စစ်ရေယာဉ်၏ ကြံ့ခိုင်မှုအခြေအနေမှာ ယိုယွင်းလာခဲ့သဖြင့် ၁၉၇၉ ခုနှစ် ဩဂုတ် ၂ ရက်တွင် ကျင်းပသော (၂၆၂)ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အစည်းအဝေးက ရေယာဉ်အား တပ်တော်ဝင်အဖြစ်မှ ရပ်စဲရန်ဆုံးဖြတ်ခဲ့သည်။

ထို့နောက် သမိုင်းဝင် စစ်ရေယာဉ်(မေယု)သည် လွတ်လပ်ရေးနှင့်အတူ ပါရှိလာသော သမိုင်းဝင်စစ်ရေယာဉ်ဖြစ်၍ နောင်လာနောက်သားများ ကြည့်ရှုလေ့လာနိုင်ရန် သန်လျင်တပ်နယ်၌ ပြတိုက်ရေယာဉ်အဖြစ် ထားရှိခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**


နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စစ်ရေယာဉ်(မေယု)ပေါ်၌ ကြည့်ရှုလေ့လာစဉ်။


နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စစ်ရေယာဉ်(မေယု)ပေါ်၌ ကြည့်ရှုလေ့လာစဉ်။

# ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၈**

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၁၃)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ တက်ရောက်ဆွေးနွေးသည်။



ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက လယ်ယာမြေကို လိုအပ်ချက်အရ အခြားနည်းသုံး၍ စက်ရုံ၊ အလုပ်ရုံများ တိုးချဲ့ဆောက်လုပ်မှုများနှင့် မြို့ရွာအိုးအိမ်များ တိုးချဲ့လာမှုများကြောင့် နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအား တိုးမြင့်လာစေခြင်းနှင့်အတူ လူနေမှုတိုးတက်ဖွံ့ဖြိုးလာခြင်းများ ရှိခဲ့သော်လည်း လျော့နည်းဆုံးရှုံးသွားသော လယ်ယာမြေများကြောင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှု စွမ်းအားကို သိသာစွာ ထိခိုက်မှုမဖြစ်ပေါ်စေရေးအတွက် မဖြစ်မနေ ခွင့်ပြုရမည့် ကိစ္စရပ်များအပေါ် အနည်းဆုံးလိုအပ်ချက်ကိုသာ ခွင့်ပြုရမည်ဖြစ်ကြောင်း၊ အခြားတစ်ဖက်တွင်လည်း လယ်ယာမြေအသစ်များ ရှာဖွေဖော်ထုတ်ပေးခြင်း၊ လယ်ယာမြေအဆင့်မြှင့်တင်ပေးခြင်း၊ မျိုးနှင့် စိုက်ပျိုးနည်းစနစ်များ ပြောင်းလဲပေးခြင်းဖြင့် အထွက်နှုန်းမြင့်တက်လာစေရေးလုပ်ငန်းများ စီမံဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ ဒုတိယဥက္ကဋ္ဌ ဦးလှကျော်နှင့် ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ဝင်များ တက်ရောက်ကြပြီး အတွင်းရေးမှူး ဦးသက်နိုင်ဦးက နစ်နာကြေး၊ လျော်ကြေးပေးချေရန် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လုပ်ငန်းကိစ္စရပ်များအလိုက် ရှင်းလင်းတင်ပြရာ ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေး ဆုံးဖြတ်ကြသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး၊ ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များမှ တာဝန်ရှိသူများက ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သို့ အခြားနည်းအသုံးပြုခွင့် ခွင့်ပြုမိန့် ပယ်ဖျက်ပေးရန် တင်ပြလာသော အမှုတွဲများကို လည်းကောင်း၊ စိစစ်ထောက်ခံတင်ပြ ပေးပို့လာသည့် လယ်ယာမြေ အခြားနည်းအသုံးပြုခွင့် လုပ်ငန်းစာတွဲများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုခဲ့ရသော လယ်ယာမြေများအတွက် လျော်ကြေးပေးချေနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို လည်းကောင်း၊ ယခင် ဗဟိုအဖွဲ့မှ ခွင့်ပြုထားသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို လယ်ယာမြေအဖြစ် သတ်မှတ်ပေးရန် လယ်ယာမြေ ဥပဒေပုဒ်မ ၃၄ နှင့် လယ်ယာမြေ နည်းဥပဒေ ၃၅၊ ၃၆ တို့အရ လျှောက်ထားလာသည့် အမှုတွဲများနှင့် ပတ်သက်၍လည်းကောင်း ဆွေးနွေးဆုံးဖြတ်ကြသည်။

လယ်ယာမြေ မြောက်မြားစွာအား အခြားနည်း သုံးစွဲခွင့်ပြုခဲ့ပါက နိုင်ငံတော်၏ အဓိကစားသုံးသီးနှံဖြစ်သော ဆန်စပါးဖူလုံမှုကို ထိခိုက်နိုင်ခြင်းဆိုးကျိုးများ ဖြစ်ပေါ်စေနိုင်သဖြင့် လယ်ယာမြေများအပေါ် အခြားနည်း သုံးစွဲခွင့်ဆိုင်ရာ ဆောင်ရွက်မှုများကို စနစ်တကျ စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံပြန်တမ်း

### အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ စီမံရေးရာ၊ လေ့ကျင့်ရေးနှင့် သုတေသနဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါ်နိုင်သက်ဦးအား အမြဲတမ်းအတွင်းဝန် တာဝန်များကို ပူးတွဲထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး အရိုးရောဂါပညာ ပါမောက္ခများအား တွေ့ဆုံ

**ရန်ကုန် ဇူလိုင် ၁၈**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် မြန်မာနိုင်ငံ၌ ထိခိုက်ဒဏ်ရာရရှိမှုများပြားလျက်ရှိရာမှတစ်ဆင့် အရိုးကျိုးခြင်းအပါအဝင် အရိုးနှင့်ပတ်သက်သောရောဂါများ ဖြစ်ပွားမှုများပြားလျက်ရှိသည့် ကိစ္စနှင့်ပတ်သက်၍ အရိုးရောဂါပညာဌာန ပါမောက္ခ/ဌာနမှူး(ငြိမ်း)ပါမောက္ခဒေါက်တာမြင့်သောင်း၊ အရိုးရောဂါပညာဌာန ပါမောက္ခ/ဌာနမှူး(ငြိမ်း)ဒေါက်တာခင်မောင်ထူး၊ ဆေးတက္ကသိုလ်(၁) အရိုးရောဂါပညာဌာနမှ ပါမောက္ခ/ဌာနမှူး ဒေါက်တာခင်မောင်မြင့်နှင့် ဆေးတက္ကသိုလ်(မန္တလေး) အရိုးရောဂါပညာဌာနမှ ပါမောက္ခ/ဌာနမှူး ဒေါက်တာ မောင်မောင်ထွေးတို့ကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ဇူလိုင် ၁၇ ရက်တွင် တွေ့ဆုံသည်။



ထိုသို့တွေ့ဆုံရာတွင် အရိုးရောဂါပညာ ပါမောက္ခ/ဌာနမှူးများက အရိုးရောဂါနှင့် ထိခိုက်ဒဏ်ရာပြုစုကုသမှု ဆေးပညာရပ်ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို တင်ပြကြရာတွင် မြန်မာနိုင်ငံ ထိခိုက်ဒဏ်ရာပြုစုကုသမှု လမ်းပြမြေပုံကို ထိခိုက်ဒဏ်ရာကာကွယ်ခြင်း၊ ဆေးရုံမရောက်မီနှင့် ရောက်ရှိပြီး အရေးပေါ်ကုသခြင်း၊ ဆေးရုံတွင်ကုသမှုနှင့် ပြန်လည်ကြံ့ခိုင်သန်စွမ်းရေးဆောင်ရွက်ခြင်း စသည့် အဓိကရည်မှန်းချက်များ အောင်မြင်စေရန်အတွက် ရေးဆွဲခဲ့ပြီး လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ကိစ္စရပ်များ၊ သုတေသနလုပ်ငန်းများ လုပ်ဆောင်နိုင်ရန်နှင့် သင်ကြားလေ့ကျင့်မှုများ ပြုလုပ်သွားနိုင်ရန်အတွက် Center of Excellence for Trauma and Orthopedic Care တစ်ခုအား ရန်ကုန်မြို့တွင် တည်ထောင်သွားရန်၊ ဆက်လက်၍ မန္တလေးမြို့နှင့် အခြားနေရာများတွင်လည်း Center of Excellence များ တည်ထောင်သွားရန်နှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် မန္တလေးပြည်သူ့ဆေးရုံကြီးတို့တွင် နိုင်ငံတကာအသိအမှတ်ပြု (internationally recognized level of categorization) အရ Level(1) Trauma Care Center အဖြစ် တည်ထောင်သွားရန် ကိစ္စရပ်များ၊ ပြည်သူလူထုအတွက် အရိုးရောဂါနှင့် ထိခိုက်ဒဏ်ရာပြုစုကုသမှု ပိုမိုထိရောက်စွာပေးနိုင်ရန်အတွက် Cluster Management ဖြင့် အချက်အချာကျသော နေရာဒေသများရှိ ဆေးရုံများတွင် လူအင်အား၊ ဆေးနှင့် ဆေးပစ္စည်းကိရိယာတို့ကို ဖြည့်ဆည်းဆောင်ရွက်သွားရန် ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ပြည်ထောင်စုဝန်ကြီးက အရိုးရောဂါနှင့် ထိခိုက်ဒဏ်ရာကုဆေးပညာရပ်တို့တွင် မြင်သာထင်သာသော တိုးတက်မှုများကို တွေ့မြင်နေရသဖြင့် အားရကျေနပ်မှုရှိကြောင်း၊ နိုင်ငံတကာမှ သင်ကြားလာသော ပညာရပ်များ၊ ရရှိလာသော အတွေ့အကြုံများကို လက်တွေ့အသုံးချ၍ ပညာရပ် ပိုမိုတိုးတက်ဖွံ့ဖြိုးရေးကို ဆက်လက်အားထုတ်ကြိုးပမ်းစေလိုကြောင်းနှင့် ဝန်ကြီးဌာနအနေဖြင့် အရိုးရောဂါနှင့် ထိခိုက်ဒဏ်ရာကုဆေးပညာရပ် တိုးတက်ဖွံ့ဖြိုးရေးအတွက် Center of Excellence of Trauma and Orthopedic Care တည်ထောင်မည့်ကိစ္စရပ်ကို ထောက်ပံ့ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရိုးနှင့် ထိခိုက်ဒဏ်ရာကုသဆောင်သို့ သွားရောက်၍ ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသော လူနာများအား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## (၇၁)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အဖြစ်

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံမေးမြန်းခြင်း

**(၇၁) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အဖြစ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည်။**



ဗိုလ်ချုပ်အောင်ဆန်းနှင့် မိသားစုဓာတ်ပုံကို တွေ့ရစဉ်။

**မေး။ ။ အာဇာနည်နေ့နဲ့ပတ်သက်ပြီး အမေ့ရင်ထဲမှာလည်း ပြောစရာစကားတွေ အများကြီးရှိမယ်ထင်ပါတယ်။ ပြည်သူတွေ သိချင်နေကြတဲ့ အာဇာနည်နေ့နဲ့ ပတ်သက်ပြီး အမေ့ရင်ထဲက စကားတွေကို ပြောပြပေးစေလိုပါတယ်။**

ဖြေ။ ။ တကယ်တော့ ပြောပြချင်တာမရှိပါဘူး။ ပြည်သူတွေ ပြောတာကိုပဲ နားထောင်ချင်တာပါ။ အခုဆိုရင် အာဇာနည်နေ့ကို ပြည်သူတွေက ဘယ်လိုမြင်သလဲ။ အထူးသဖြင့် ဖေဖေတို့ကို လုံးဝမမီခဲ့တဲ့ ပြည်သူတွေပေါ့။ အများစုကတော့ မမီခဲ့ဘူး။ ဖေဖေတို့ခေတ်ကိုမီခဲ့တဲ့ ပြည်သူပြည်သားတွေဆိုတာ အခု လူနည်းစုဖြစ်သွားပြီ။ လူလတ်ပိုင်းနဲ့ လူငယ်ပိုင်းတွေက လုံးဝမမီခဲ့ဘူး။ အာဇာနည်နေ့နဲ့ပတ်သက်ရင် ကိုယ်ကိုယ်တိုင် ပြောချင်တာထက် အများပြည်သူက အခု ဘယ်လိုမြင်သလဲ၊ အာဇာနည်နေ့ကို ဘာဖြစ်လို့ တန်ဖိုးထားသလဲ၊ အလေးထားသလဲဆိုတာကို ပိုပြီးတော့ သိချင်တာပါ။

**မေး။ ။ တကယ်တမ်းတော့ ဒီစကားတွေကို ပြန်မတူးဆွသင့်ဘူး ထင်ပါတယ်။ ဒါပေမယ့် တစ်တိုင်းပြည်လုံးရဲ့ အမျိုးသားခေါင်းဆောင်ကြီးမို့ မေးရတာပါ။ ဗိုလ်ချုပ်အောင်ဆန်းတို့ လုပ်ကြံခံရမယ့်နေ့ စာအုပ်တွေထဲကနေ ဖတ်ရှုမှတ်သားခဲ့ရတဲ့ ဗိုလ်ချုပ်အနေနဲ့ ဝတ်နေကျအဝတ်အစားမဟုတ်တဲ့ အနေအထားနဲ့ပတ်သက်တာရယ်၊ အိမ်ကနေ မထွက်ခွာခင် သမီးငယ်ဖြစ်တဲ့ အမေစုကို တယုတယပွေ့ချီနမ်းပြီး နှုတ်ဆက်သွားတဲ့ပုံရိပ်တွေ ပြန်မြင်ယောင်တဲ့အခါ အမေစုရဲ့ ခံစားချက်လေးကို ကြားသိချင်ပါတယ်။**

ဖြေ။ ။ အဝတ်အစားနဲ့ပတ်သက်လို့ တစ်ခါမှလည်း သိပ်ပြီးမစဉ်းစားခဲ့ပါဘူး။ ဖတ်တော့ဖတ်ဖူးတာပေါ့။ အဲဒီနေ့က ချိတ်ပိုးပုဆိုးနဲ့သွားတယ်ဆိုတာ။ ဒါပေမယ့်လည်း အဝတ်အစားကတော့ သိပ်အရေးကြီးတဲ့ ကိစ္စမဟုတ်ဘူးလို့ထင်ပါတယ်။ အစိုးရအဖွဲ့ဝင်တစ်ယောက်ဖြစ်တော့လည်း အစိုးရအဖွဲ့ဝင်တစ်ယောက် ပီပီ တစ်ခါတလေတော့လည်း ဝတ်သင့်၊ စားသင့်တယ်ထင်လို့ ဝတ်တယ်လို့ပဲ စိတ်ထဲမှာထင်ပါတယ်။ ဒါပေမယ့်လည်း အမေတို့ကို ဒီလိုပဲ ပွေ့ပြီးတော့နမ်းတယ်၊ မွှေးမွှေးပေးတယ်ဆိုတာတော့ ဖေဖေကလုပ်နေကျပါ။ ရုံးမသွားခင် သားသမီးတွေအားလုံးကို ဒီလိုပဲ နှုတ်ဆက်လေ့ရှိပါတယ်။

**မေး။ ။ လက်ရှိမှာလည်း အမေစုအနေနဲ့ ကြီးလေးတဲ့ နိုင်ငံ့တာဝန်တွေ ကိုယ်တိုင်ထမ်းဆောင်နေတော့ ဘယ်လို အချိန်မျိုး၊ ဘယ်လိုအခြေအနေမျိုးမှာ ဖခင်ဗိုလ်ချုပ်ကို လွမ်းဆွတ်မိပါသလဲရှင်။ ဥပမာ- အခက်အခဲတွေနဲ့ ကြုံလာတဲ့အချိန်၊ ဒါမှမဟုတ် အောင်မြင်မှုရရှိခဲ့တဲ့ အခြေအနေမျိုးမှာပေါ့။**

ဖြေ။ ။ လွမ်းဆွတ်တယ်လို့တော့ မပြောချင်ပါဘူး။ အမေက ခလုတ်ထိမှ အမိတတာမျိုးကို သိပ်မကြိုက်ပါဘူး။ ဖေဖေတင်မဟုတ်ပါဘူး။ မေမေရော၊ ဖေဖေရော နှစ်ယောက်စလုံးကို မကြာခဏသတိရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျေးဇူးတင်တဲ့စိတ်နဲ့ သတိရတာပါ။ ဘယ်လို အခက်အခဲတွေပဲ ရင်ဆိုင်ရ ရင်ဆိုင်ရ၊ ဘယ်လိုစိန်ခေါ်မှုတွေပဲ ရင်ဆိုင်ရ ရင်ဆိုင်ရ ရင်ဆိုင်နိုင်တယ်ဆိုရင် ဒါက မိဘရဲ့ကျေးဇူးကြောင့်လို့ သတ်မှတ်ပါတယ်။ မေမေရဲ့ သွန်သင်ဆုံးမမှုကြောင့်၊ ဖေဖေရဲ့ စိတ်ဓာတ်စံနမူနာအကြောင်းကို လွမ်းဆွတ်တယ်ဆိုတာထက် ကျေးဇူးတင်တဲ့စိတ်နဲ့ ပိုပြီးတော့ သတိရတာများပါတယ်။



ဗိုလ်ချုပ်အောင်ဆန်း၏သမီးဖြစ်သူ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်။

**မေး။ ။ အဘွားဒေါ်ခင်ကြည်ကနေတစ်ဆင့် ပြန်လည်ကြားသိရတဲ့ ဗိုလ်ချုပ်ရဲ့အကြောင်း၊ လုပ်ဆောင်ချက်တွေနဲ့ ပတ်သက်ပြီး အမှတ်ရဆုံးအဖြစ်တွေကိုလည်း သိပါရစေရှင်။**

ဖြေ။ ။ ပြောတာတွေက အများကြီးပေါ့။ ဘာမှတ်မိသလဲဆိုတော့ ဖေဖေ့အကြောင်း တိုက်ရိုက်မဟုတ်ပါဘူး။ မေမေ (ဒေါ်ခင်ကြည်)က အရင်တုန်းကဆိုရင် ရုပ်ရှင်တွေကို ဆင်ဆာလုပ်ရတဲ့လူကြီးဆိုတော့ ရုပ်ရှင်တွေကို တစ်ပတ်တစ်ခါ သွားသွားပြီးတော့ ဆင်ဆာသွားလုပ်ရတယ်။ ဒါပေမယ့် မေမေက ရုပ်ရှင်ကြည့်တာတွေကို သိပ်ပြီးတော့ အားမပေးဘူး။ တစ်ခါတလေ ကျောင်းပိတ်ရင် ခေါ်သွားတယ်။ မနက်အစောကြီးသွားရတယ်။ ကျောင်းပိတ်တဲ့အခါ ခေါ်သွားတယ်ဆိုပေမယ့်လည်း မေမေက ရုပ်ရှင်ကောင်းတွေကို ဘယ်တော့မှ ရွေးလေ့မရှိဘူး။ အလုပ်အနေနဲ့ပဲ သဘောထားပြီး အခြားသူတွေ မကြည့်ချင်တဲ့ဟာတွေကိုပဲ ကြည့်ပြီး ဆင်ဆာလုပ်တယ်။ တစ်ခါတော့ ထူးထူးခြားခြား ကျောင်းပိတ်တုန်းမှာ ကလေးကတော့ ကြည့်ချင်မှာပဲဆိုပြီး ရုပ်ရှင်ကောင်းကောင်း တစ်ခုကို ရွေးထားတယ်။ ဘာကားလဲဆိုတာကိုတော့ မမှတ်မိတော့ပါဘူး။ ရုပ်ရှင်ကောင်းကောင်းကို ကြည့်ရတာလည်း အင်မတန်မှ ကြည့်ခဲတယ်ဆိုတော့ သိပ်ကြည့်ချင်တာပေါ့။

ဒါပေမယ့်လည်း ရုပ်ရှင်သွားပြီး ကြည့်ရမယ့်နေ့မတိုင်မီမှာပဲ အလုပ်တစ်ခုပေါ်လာတော့ မေမေက ရန်ကုန်အပြင်ကို ထွက်ရတယ်။ ဘယ်လဲမသိဘူး၊ ပဲခူးလား၊ ဘာလား အဲဒီလိုဟာမျိုး တစ်နေရာကိုသွားမယ်ဆိုတော့ သွားလို့မရဘူး။ အမေကသိပ်သွားချင်တယ်ဆိုတာသိတော့ မေမေက ပြောတယ်၊ မေမေ့ မိတ်ဆွေတစ်ယောက်နဲ့သွားလို့ရတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရုပ်ရှင်ရုံက မန်နေဂျာတွေကလည်း သိနေတယ်။ အမေမှတ်မိသလောက်တော့ ဆင်ဆာလုပ်တဲ့ လူကြီးတွေက ညှော်သည်သုံးယောက်လား၊ လေးယောက်လား မသိဘူး၊ ခေါ်သွားပိုင်ခွင့်ရှိတယ်။ အရင်ကလည်း မေမေနဲ့ သွားဖူးတယ်ဆိုတော့ မေမေ့မိတ်ဆွေကိုလည်း သိနေတယ်။ မေမေ့မိတ်ဆွေနဲ့ သွားဆိုတော့ အမေက ပြောတာပေါ့။ ဘယ်လိုလုပ်သွားမလဲ၊ မေမေအလုပ်လုပ်မှ၊ မေမေက ဆင်ဆာလုပ်လို့သာ လူခေါ်လို့ရတာ၊ မေမေမပါဘဲနဲ့ အမေတို့ချည်းပဲသွားရင် ဘယ်လိုဖြစ်မလဲဆိုပြီးပြောပါတယ်။ အမေက ကြည့်လည်းကြည့်ချင်တယ်။ မေမေက အဲဒီလို လုပ်လိုက်လို့ မကြည့်ရတော့ပါဘူးဆိုပြီး အမေက စိတ်ကောက်ပြီး အိပ်ရာပေါ်မှာအိပ်နေတယ်။

အမေတို့ ငယ်ငယ်တုန်းက နေ့လယ်ဆိုရင် အိပ်ရတယ်။ အိပ်ရာထဲမှာ အိပ်နေတော့ မေမေ့မိတ်ဆွေကလာတာပေါ့၊ လာပြီး မနက်ဖြန်အစီအစဉ်အတွက် အမေ့ကိုဘယ်တော့ လာခေါ်ရမလဲဆိုတော့ မေမေကပြောတယ် "မသွားတော့ဘူး၊ ဗိုလ်ချုပ်အောင်ဆန်း သမီးကပြောတယ်၊ အဲဒါမမှန်ကန်ဘူးလို့ပြောတယ်" အဲဒါကတော့ မေမေပြောတဲ့အထဲမှာ သတိအရဆုံးပဲ။ အမေက စိတ်ကောက်နေလို့ အိပ်ချင်ယောင်ဆောင်နေတာဆိုပေမယ့် နောက်တော့ မေမေ့မိတ်ဆွေက အိပ်ချင်ယောင်ဆောင်နေမှန်းသိတယ်။ အိပ်ချင်ယောင်ဆောင်နေမှန်း မျက်ခွံကလှုပ်နေတော့ သိတယ်။ မေမေက တမင်ပြောတာပေါ့။ အဲဒါတော့ ကောင်းကောင်းမှတ်မိတယ်။

**မေး။ ။ နိုင်ငံခေါင်းဆောင်၊ အမျိုးသားခေါင်းဆောင်၊ အာဇာနည်ခေါင်းဆောင်ကြီးဖြစ်တဲ့ ဗိုလ်ချုပ်အောင်ဆန်းရဲ့ သမီးတစ်ယောက်အဖြစ် အဘွားဒေါ်ခင်ကြည်က အမေ့ကို ဘယ်လို ပြုစုပျိုးထောင်ခဲ့ရတယ်ဆိုတာကို မျှဝေပေးပါဦး။**

ဖြေ။ ။ ခုနက ပြောသလို အဲဒီလိုဟာမျိုးပေါ့။ မေမေရဲ့ ပြုစုပျိုးထောင်မှုကိုလည်း မီးမောင်းထိုးပြတဲ့ အနေနဲ့ပါ။ ဘာဖြစ်လို့လဲဆိုတော့ တချို့ မိဘတွေကဆိုရင် လူကြီးပြောတာကို စောဒကတက်ရသလား၊ လူကြီးကို ဒီလိုမေးခွန်းထုတ်ရသလားပေါ့။ သွားဆိုရင်သွား၊ မသွားနဲ့ဆိုရင် မသွားနဲ့၊ မဟုတ်ဘဲနဲ့ ဒါသွားလို့မဖြစ်ဘူး၊ ဒါသွားတာမမှန်ဘူး၊ မသွားသင့်ဘူးဆိုတာကို မေမေက လက်ခံတာကို အမေက အများကြီးတန်ဖိုးထားတယ်။ မှတ်မိတယ်ဆိုတာ မေမေ့အကြောင်း၊ ဖေဖေ့အကြောင်း ရယ်မဟုတ်ဘူး။ မိဘနှစ်ပါးစလုံးနဲ့ပတ်သက်လို့ မှတ်သားစရာလို့ စိတ်ထဲမှာယူဆပါတယ်။ မေမေက ဖြောင့်မတ်တယ်၊ တည်ကြည်တယ်၊ အင်မတန်မှ စည်းကမ်းကြီးတယ်။ တချို့မိတ်ဆွေတွေက ပြောပါတယ်။ မေမေက ဖေဖေထက်ကို စည်းကမ်းကြီးတယ်လို့ ပြောပါတယ်။

**မေး။ ။ နိုင်ငံ့အတွက် ဆောင်ရွက်တာတွေနဲ့ပတ်သက်ပြီး ဗိုလ်ချုပ်အောင်ဆန်းနဲ့ အမေစုတို့ရဲ့ကြားက တူညီမှု၊ ယုံကြည်မှုတွေက ဘာတွေလို့ အမေသုံးသပ်မိပါသလဲ၊ ကွဲပြားမှုတွေ ရှိပါသလားရှင့်။**

ဖြေ။ ။ အဲဒါ ကိုယ်တိုင်ပြောဖို့ အင်မတန်မှ ခက်ခဲပါတယ်။ အပြင်ကလူတွေသုံးသပ်တာ ပိုပြီးတော့ ဓမ္မဓိဋ္ဌာန် ကျလိမ့်မယ်လို့ထင်ပါတယ်။ ဘာလို့လဲဆိုတော့ ကိုယ့်ကိုယ်ကိုယ်လည်း အမှန်အတိုင်းမြင်ဖို့ဆိုတာ လွယ်တာ မဟုတ်ပါဘူး။ ဖေဖေတို့ အသက်ရှင်ခဲ့တဲ့ အခြေအနေ၊ ဖေဖေတို့ဖြတ်သန်းခဲ့ရတဲ့ အတွေ့အကြုံ အရ အမေတို့ အတွေ့အကြုံတွေနဲ့ မတူဘူး။ မတူဘူးဆိုတော့ နှိုင်းယှဉ်တယ်ဆိုတာတော့ သိပ်မလွယ်ပါဘူး။ အခက်အခဲတွေကတော့ များတာပေါ့။ ဖေဖေတို့လည်း အခက်အခဲတွေ အများကြီးရင်ဆိုင်ခဲ့တယ်။ အမေတို့လည်း အခက်အခဲတွေ အများကြီးရင်ဆိုင်ရတယ်။ ဦးတည်ချက်က နိုင်ငံကောင်းဖို့၊ တည်ငြိမ်ဖို့၊ တိုးတက်ဖို့၊ ညီညွတ်ဖို့ ဦးတည်ချက်တွေကတော့ တူညီတယ်လို့ အမေ့အနေနဲ့ ယူဆတယ်။ ဦးတည်ချက်တွေကို ရင်ဆိုင်တဲ့နေရာမှာ ဒီဦးတည်ချက်တွေနဲ့ ပတ်သက်နေတဲ့အလုပ်တွေကို ကိုင်တွယ်တဲ့နေရာမှာတော့ အလုပ်တွေကလည်း မတူဘူးဆိုတော့ ဘယ်လောက်တူတယ်၊ မတူဘူးဆိုတာ ဆုံးဖြတ်ဖို့ခက်ပါတယ်။

**မေး။ ။ ဗိုလ်ချုပ်ရဲ့ နိုင်ငံလွတ်လပ်ရေးကြိုးပမ်းမှုတွေထဲက အထူးခြားဆုံးနဲ့ အအောင်မြင်ဆုံးလို့ ခံယူမိတဲ့ အရာက ဘာဖြစ်မလဲဆိုတာကို သိချင်ပါတယ်ရှင့်။**

ဖြေ။ ။ အခြေအနေက တစ်ခုတည်းရယ်လို့ မဟုတ်ပါဘူး။ သမိုင်းတစ်လျှောက်မှာ ထူးခြားတဲ့ အခြေအနေ တစ်ခုဆိုတာ ပြောရခက်ပါတယ်။ တချို့ကိစ္စတွေမှာ ဥပမာ ကမ္ဘာ့သမိုင်းမှာဆိုရင် အင်မတန်မှ ထူးခြားတဲ့ စစ်ပွဲကြီးတွေရှိတာတော့ ရှိမှာပေါ့။ သမိုင်းဆိုတာ အစဉ်အဆက်တစ်ခုပါပဲ။ တစ်နေ့တည်းနဲ့ ဖြစ်တာလည်း မဟုတ်ဘူး။ တစ်နှစ်တည်းနဲ့ ဖြစ်တာလည်းမဟုတ်ဘူး။ တစ်ခုကို ကြည့်ပြီးပြောဖို့ဆိုတာတော့ မလွယ်ပါဘူး၊ သို့သော်ငြားလည်း ဖေဖေရဲ့ ဦးတည်ချက်ဖြစ်တဲ့ လွတ်လပ်ရေးရဖို့အတွက် ညှိနှိုင်းဆွေးနွေးတဲ့ဟာ အောင်မြင်ခြင်းဆိုတာ ဒါကတော့ ထင်ထင်ပေါ်ပေါ်ရှိတဲ့ လုပ်ရပ်တစ်ခုဖြစ်ပါတယ်။

စာမျက်နှာ ၇ သို့ ☆

☆ စာမျက်နှာ ၆ မှ

**မေး။ ။ ဒီအာဇာနည်နေ့မှာ အမေ ဂါရဝပြုတဲ့အခါ ငယ်စဉ်က တက်ရောက်ပြီး ဂါရဝပြုခဲ့တာနဲ့ အခုဆိုရင် နိုင်ငံ့အကြီးအကဲတစ်ယောက်၊ နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ်တစ်ယောက်အနေနဲ့ တက်ရောက်ပြီး ဂါရဝပြုတာ အဲဒီကြားထဲမှာ ခြားနားတဲ့ ခံစားမှုမျိုးများရှိသလား၊ ထူးခြားတဲ့ခံစားချက်များရှိလားဆိုတာ ပြောပြပေးပါဦးရှင်။**

ဖြေ။ ။ အခုလည်း အမေက နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ်အနေနဲ့ သွားပြီးတော့ ဂါရဝပြုတာ မဟုတ်ပါဘူး။ မိသားစုတွေနဲ့အတူတူပဲ။ သမီးအနေနဲ့ ဂါရဝပြုတာပါ။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုတာ ဒီရာထူးကို ကိုင်ထားတဲ့အချိန်မှာပဲ ဖြစ်တာပါ။ ဖေဖေ့သမီးဆိုတာကတော့ ဒါတစ်သက်။ အခုလည်း ဖေဖေ့ကို ဂါရဝပြုတယ်ဆိုတာ မိသားစုအနေနဲ့၊ ဖေဖေ့သမီး တစ်ယောက်အနေနဲ့ပဲ သွားတာပါ။ အဲဒီတော့ ဘာမှ မထူးခြားပါဘူး။

**မေး။ ။ အာဇာနည်နေ့ ဂုဏ်ပြုကဗျာတွေထဲမှာ ဆရာဇော်ဂျီ (၁၉၆၄) ခုနှစ်က ရေးဖွဲ့ခဲ့တဲ့ "ပြောလိုက်ပါဘိ ဟောပါဘိ"ဆိုတဲ့ ကဗျာကို အမေ အကြိုက်နှစ်သက်ဆုံး ဖြစ်တယ်လို့ မှတ်သားဖူး ပါတယ်။ ကဗျာရဲ့ ဆိုလိုရင်းအပေါ် ခံစားမှုကို သိပါရစေရှင်။**

ဖြေ။ ။ ကဗျာက လွမ်းတာတင်မဟုတ်ဘူး။ သင်ခန်းစာယူဖို့ ဘယ်လို အဖြစ်အပျက်မျိုးမဆို ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ သင်ခန်းစာကောင်းကောင်းယူချင်ရင် ယူလို့ရတယ်ဆိုတာ ဒီကဗျာက ပြတာပါ။ ဆရာဇော်ဂျီကလည်း အင်မတန်မှ ကဗျာပညာက ပြောင်မြောက်ပါတယ်။ ဖတ်လို့လည်း ကောင်းတယ်။ စကားလုံးလေးတွေ ရွေးထားတာကလည်း လှတယ်။ သင့်တော်တယ်။ နောက်ပြီးတော့ အလကား သက်သက် လွမ်းနေတာမဟုတ်ဘူး။ ဒီဟာကို၊ ဒီအဖြစ်အပျက်ကို အခြေခံပြီးတော့ နောင်လာနောက်သားတွေ ပိုပြီးတော့ မှန်ကန်တဲ့စိတ်ဓာတ်၊ ပိုပြီးတော့ မြင့်မားတဲ့ စိတ်ဓာတ်တွေ ဖြစ်ပေါ်စေရေးအတွက် ရည်ရွယ်ပြီးတော့ ရေးတာမို့ သဘောကျတာပါ။

**မေး။ ။ အခု နိဂုံးချုပ်အနေနဲ့ မျိုးဆက်သစ်လူငယ်တွေအတွက် အာဇာနည်နေ့အမှတ်တရ သြဝါဒစကားလေး ပြောကြားပေးပါဦးရှင့်။**

ဖြေ။ ။ အဲဒါကတော့ အမေ ခဏခဏပြောတဲ့ကိစ္စပါ။ ကိုယ်ကောင်းတာလုပ်တယ်ဆိုရင် ဒါဟာ ကိုယ့်အတွက် အကောင်းဆုံးပဲဖြစ်မှာပဲ။ အထူးသဖြင့် မိဘတွေကိုဆိုရင် အမေအမြဲပဲပြောတယ်။ ကိုယ့်သားသမီးတွေကို ကောင်းတဲ့အမွေအနှစ်ပေးချင်တယ်ဆိုရင် ကိုယ်မှန်မှန်ကန်ကန် ကောင်းကောင်းမွန်မွန် နေသွားမယ်။ အဲဒါဟာ အကောင်းဆုံးအမွေအနှစ်ပဲ။ ပိုက်ဆံဆိုတာက ဘယ်လောက် ထားပေးခဲ့နိုင်မလဲ။ နောက်ပြီးတော့လည်း ကိုယ်ထားပေးခဲ့တဲ့ ပိုက်ဆံကလည်း နေ့ချင်းညချင်းပျောက်ရင်လည်း ပျောက်သွားမှာပဲ။ ကိုယ်ဘာမှမသိနိုင်ဘူး။ အကောင်းဆုံး အမွေအနှစ်ဆိုတာကတော့ မှန်မှန်ကန်ကန် မြင့်မြင့်မြတ်မြတ်နေသွားဖို့ပဲ။ လူငယ်တွေဆိုတာကတော့ အခွင့်အရေးတွေ အများကြီးရှိတယ်။ ကိုယ့်ကိုယ်ကိုယ် တစ်နေ့တစ်ချိန်တစ်ခါမှာ ကောင်းမွန်တဲ့၊ မြင့်မြတ်တဲ့၊ အများကို အကျိုးပြုနိုင်တဲ့ ပုဂ္ဂိုလ်တစ်ဦးဖြစ်လာဖို့ အခွင့်အရေးတွေ အများကြီးရှိတယ်။ ကြိုးစားနိုင်တဲ့ အခွင့်အရေးတွေ၊ အချိန်တွေအများကြီးရှိတယ်။ အသက်ကြီးလာတာနဲ့အမျှ ဒီအခွင့်အရေးတွေက နည်းနည်းသွားတယ်။

အဲဒီတော့ လူငယ်တွေကို ပြောရမယ်ဆိုရင် ကိုယ့်ရဲ့ အင်မတန်မှ တန်ဖိုးရှိတဲ့အချိန်တွေကို တန်ဖိုးရှိအောင်သုံးပါ။ တန်ဖိုးရှိအောင်သုံးရင် အခု အာဇာနည်ခေါင်းဆောင်ကြီးတွေကို ပြည်သူလူထုက သတိရနေတာ၊ တမ်းတနေတာတွေ အဲဒါတွေကို အားကျနေတာမဟုတ်ဘဲနဲ့ ဒီလို တမ်းတခြင်း၊ သတိရခြင်းဖြစ်စေတဲ့ မှန်ကန်တဲ့စိတ်ဓာတ်တွေကိုသာ အားကျတာဖြစ်ရမယ်။ တချို့ကဆိုရင် ထင်ပေါ်ကျော်စောချင်တာပေါ့။ အာဇာနည်ကြီးတွေလို ဖြစ်ချင်တယ်ဆိုတာ အာဇာနည်ကြီးတွေလို ကျော်ကြားချင်တာ၊ ထင်ပေါ်ချင်တာ။

အာဇာနည်ကြီးတွေလို ရုန်းကန်ချင်တာက အခက်အခဲတွေကို ရင်ဆိုင်ချင်တာမဟုတ်ဘူး။ အဲဒါကြောင့် မှန်မှန်ကန်ကန် သုံးသပ်ဖို့၊ မှန်မှန်ကန်ကန် သင်ခန်းစာယူဖို့ကတော့ အရေးကြီးဆုံးပါ။ တစ်ယောက်နဲ့တစ်ယောက် ကိုယ့်ဟာကိုယ် ဆုံးဖြတ်ရမှာပါ။ ဘယ်လိုသင်ခန်းစာယူမလဲ၊ ဘယ်လို သုံးသပ်မလဲဆိုတာ အမေ့အနေနဲ့ လူတိုင်း ဒီလိုစဉ်းစားရမယ်၊ ဒီလိုစိတ်ထားရမယ်လို့ ပြောလို့ကတော့ မဖြစ်နိုင်ပါဘူး။

**မေး။ ။ နောက်ဆုံးအနေနဲ့ ငြိမ်းချမ်းရေးစကားဝိုင်းတွေ နေရာတိုင်းမှာလုပ်နေတာ အဲဒီအပေါ်မှာ အမေ့ရဲ့ ကျေနပ်မှု ဘယ်လောက်အတိုင်းအတာထိ ရှိသလဲဆိုတာ ပြောပြပေးစေလိုပါတယ်။**

ဖြေ။ ။ ကျေနပ်ပါတယ်။ ဒါပေမယ့် တစ်ဝိုင်းနဲ့တစ်ဝိုင်း တော့မတူဘူး။ တချို့ဝိုင်းတွေမှာဆိုရင် ဒီဝိုင်းထဲမှာပါတဲ့ ပုဂ္ဂိုလ်တွေက မေးတဲ့မေးခွန်းတွေက စိတ်ဝင်စားစရာ ကောင်းတယ်။ အဖြေတွေကလည်း စိတ်ဝင်စားစရာကောင်းတယ်။ ဒါပေမယ့် နားထောင်တဲ့သူတွေကို ပိုပြီးတော့ သဘောကျတယ်။ တချို့တွေက သူများပြောတာ နားမထောင်ဘူး။ လာကတည်းက ဘာမေးခွန်းမေးမယ်ဆိုတာ ဆုံးဖြတ်ထားပြီးသား။ တခြားသူတွေက မေးတာရော၊ သူတို့ ပြန်ပြီးဖြေတာရော ကောင်းကောင်း နားမထောင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ မေးခွန်းက ထပ်နေတယ်။ ထပ်တယ်ဆိုတာ သူတို့ကောင်းကောင်း နားမထောင်လို့ဆိုတာ သိသာတယ်။ တချို့ကျတော့ တကယ်ကို သိချင်တယ်။ ဟိုတစ်ယောက်က ဘာပြောမလဲ သေသေချာချာနားထောင်တယ်။ သေသေချာချာ စဉ်းစားတယ်။ အဲဒီလို ဆွေးနွေးတဲ့သူတွေပါလာရင်တော့ ပိုပြီးတော့ စိတ်ဝင်စားစရာ ကောင်းတယ်။ ပိုပြီးတော့လည်း ကျေနပ်စရာကောင်းတယ်။ ကျေးလက်တွေက ပိုပြီး ပွင့်ပွင့်လင်းလင်းရှိတယ်။ ပြင်ဆင်ထားတာတွေ နည်းတယ်။ သဘာဝကျတယ်။ ကျေးလက်က ပိုပြီးသာတယ်လို့ မပြောချင်ပါဘူး။ ပိုပြီးတော့ ပွင့်လင်းတယ်။ ပိုပြီး သဘာဝကျတယ်။

**တွေ့ဆုံမေးမြန်း-ထွန်းဟန်၊ ဓာတ်ပုံ-ရွှေကိုလေး**

> ❛ လူငယ်တွေကိုပြောရမယ်ဆိုရင် ကိုယ့်ရဲ့ အင်မတန်မှ တန်ဖိုးရှိတဲ့အချိန်တွေကို တန်ဖိုးရှိအောင်သုံးပါ။ တန်ဖိုးရှိအောင်သုံးရင် အခု အာဇာနည်ခေါင်းဆောင်ကြီးတွေကို ပြည်သူလူထုက သတိရနေတာ၊ တမ်းတနေတာတွေ အဲဒါတွေကို အားကျနေတာ မဟုတ်ဘဲနဲ့ ဒီလိုတမ်းတခြင်း၊ သတိရခြင်းဖြစ်စေတဲ့ မှန်ကန်တဲ့စိတ်ဓာတ်တွေကိုသာ အားကျတာဖြစ်ရမယ်။

# အောင်ဆန်းစသော မျိုးချစ်သူရဲကောင်းများသို့

☆ သူသာရှိလျှင်
သူ၏နိုင်ငံ၊ ကြမ္မာကံကို
စီမံလိမ့်မည်၊ ဖန်တီးမည်ဟု
ပြည်သူတိုင်းက ယုံကြည်ကြ၏။

☆ သူသာရှိလျှင်
သူ၏ပြည်ဖွား၊ ဆင်းရဲသားတို့
စားဝတ်နေမှု၊ ကျန်းမာမှုနှင့်
သိမှုတတ်မှု၊ ယဉ်ကျေးမှုကို
ဂရုစိုက်မည်၊ စောင့်ရှောက်မည်ဟု
ပြည်သူတိုင်းက ယုံကြည်ကြ၏။

☆ သူသာရှိလျှင်
သူ၏ဉာဏ်စွမ်း၊ ကိုယ့်အစွမ်းသည်
သူ့ဝမ်းသူ့ခါး၊ သူ့မယားနှင့်
သူ့သားတွက်ပေ၊ မဟုတ်လေဘဲ
သူနေထိုင်သည့်၊ သူ့တိုင်းပြည်တွက်
သူ့ပြည်နေရာ၊ သူ့ကမ္ဘာတွက်
မေတ္တာဓာတ်ခံ၊ အပင်သန်လျက်
အားမာန်ထုတ်မည်၊ ဦးဆောင်မည်ဟု
ပြည်သူတိုင်းက ယုံကြည်ကြ၏။

☆ သူသာရှိလျှင်
သူ၏ပြည်အား၊ ကျူးစော်ကားက
အသားအသွေး၊ သက်စတေးလျက်
ပြည်ရေးဆောင်မည်၊ ကာကွယ်မည်ဟု
ပြည်သူတိုင်းက ယုံကြည်ကြ၏။

☆ သူသာရှိလျှင်
သူ၏ပြည်တွင်း၊ တသွေးချင်းတို့
စစ်ခင်းသည့်ပွဲ၊ ပြီးပြတ်စဲလို့
လက်တွဲလက်ချိတ်၊ ညီနောင်စိတ်ဖြင့်
ပွဲတိတ်စေမည်၊ ဖြေရှင်းမည်ဟု
ပြည်သူတိုင်းက ယုံကြည်ကြ၏။

☆ အရုဏ်တက်တွင် တိုက်ပွဲဝင်ခိုက်
သူလျှင်ကျဆုံး၊ တစ်ပြည်လုံးက
ယူကျုံးမရ၊ ဖြစ်ခဲ့ရလည်း
သူက ရှေ့ဆောင်၊ မီးတန်ဆောင်သည်
ထွန်းပြောင်နေဘိ၊ လင်းတုန်းရှိ၍
သူ၏ကိုယ်စား၊ သူ့စိတ်ထားက
ညွှန်ကြားလိမ့်မည်၊ ခေါင်းဆောင်မည်ဟု
ပြည်သူတိုင်းက ယုံကြည်ကြ၏။

တင်မိုး
ပန်းစျေးခင်း(၁၉၆၇ ခုနှစ်)မှ



## နတ်မောက်၌ အာဇာနည်နေ့အထိမ်းအမှတ် ဟောပြောပွဲနှင့် အလယ်တန်းအဆင့် ဖတ်မှတ်စွမ်းရည်ပြိုင်ပွဲ ကျင်းပ

**နတ်မောက် ဇူလိုင် ၁၈**

(၇၁)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲနှင့် အလယ်တန်းအဆင့်ဖတ်မှတ်စွမ်းရည်ပြိုင်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက နတ်မောက်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းရွှေ တက်ရောက်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဥမ္မာခင်က အာဇာနည်နေ့ကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက အခမ်းအနားသို့ တက်ရောက်လာသော ကျောင်းသား ကျောင်းသူများအား ပြန်ကြားရေးဝန်ကြီးဌာနမှထုတ်ဝေသည့် အာဇာနည်နေ့ အမှတ်တရစာအုပ် ပေးဝေခဲ့ပြီး ၎င်းစာအုပ်တွင်ပါရှိသည့် အာဇာနည်ခေါင်းဆောင်ကြီးများနှင့် ပတ်သက်သော အချက်များကို ဖတ်မှတ်စေခဲ့ကာ ပြိုင်ပွဲကို ဆက်လက်ယှဉ်ပြိုင်စေခဲ့သည်။ ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်သော ကျောင်းသား ကျောင်းသူများအား ကျောင်းသုံးစာရေးကိရိယာများပေးအပ်ခဲ့ပြီး ဆုရရှိသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများအသီးသီး ချီးမြှင့်ခဲ့ကြသည်။

ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဥမ္မာခင်နှင့် အထက(အောင်ဆန်း)မှ အလယ်တန်းပြဆရာမ ဒေါ်လှိုင်လှိုင်ဦးတို့က ကလေးများ ဉာဏ်ရည်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် အာဇာနည်နေ့ကို နှစ်စဉ်အောက်မေ့သတိရသည့်အနေဖြင့် အာဇာနည်နေ့အထိမ်းအမှတ် ပြပွဲပြိုင်ပွဲများ ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

အခမ်းအနားသို့ ဆရာ ဆရာမများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**နိုင်လင်းကြည်(ကြေးမုံ)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ့သားကောင်း စစ်မှုထမ်းဟောင်းအိမ်ရာ(လေးထောင့်ကန်) တည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး





**နေပြည်တော် ဇူလိုင် ၁၈**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ မြန်မာ့သားကောင်း စစ်မှုထမ်းဟောင်းအိမ်ရာ (လေးထောင့်ကန်) တည်ဆောက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

**လှည့်လည်ကြည့်ရှု**

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်မှုထမ်းဟောင်းအိမ်ရာ ဆောက်လုပ်ပြီးစီးမှုအခြေအနေများနှင့် အဆင့်မြင့် ဥစားကြက်ခြံ ဆောက်လုပ်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် စစ်မှုထမ်းဟောင်း အိမ်ရာအနီးရှိ အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၁)စိုက်ပျိုးမွေးမြူရေးရပ်ကွက်သို့ ရောက်ရှိကြပြီး ကျောင်းစာကြည့်တိုက်၊ မုန့်ဈေးတန်းနှင့် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ဘောလုံးကွင်း တည်ဆောက်ရန်အတွက် မြေဖို့ခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ကျောင်းသားကျောင်းသူများ စာသင်ကြားနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုသည်။

**အားပေးစကားပြော**

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အမှတ်(၁)စိုက်ပျိုးမွေးမြူရေးရပ်ကွက်ရှိ တိုက်နယ်ဆေးရုံသို့ ရောက်ရှိကြပြီး ဆေးရုံခွဲစိတ်ကုသဆောင်အား တပ်မတော်မှ ပြန်လည်ပြုပြင်မွမ်းမံပေးထားမှုအခြေအနေများကို လှည့်လည်ကြည့်ရှုပြီး ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး အားပေးစကားပြောကြားသည်။

ထို့နောက် အင်းတိုင်တပ်နယ်ရှိ တပ်မတော်ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံတပ်မှူးက တပ်တည်ဆောက်ရေး လုပ်ငန်းကြီးလေးရပ် ဆောင်ရွက်ထားရှိမှု၊ ဆေးကုသဆောင်ရွက်ပေးမှုနှင့် စည်းရုံးရေးနယ်မြေများအတွင်းရှိ ဒေသခံပြည်သူများအား နယ်လှည့်ဆေးကုသရေးအဖွဲ့များဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံသတင်းစာဆရာအသင်း တတိယအကြိမ် နိုင်ငံလုံးဆိုင်ရာညီလာခံကျင်းပ အသင်းဥက္ကဋ္ဌအဖြစ် ဦးမြတ်ခိုင်အား ရွေးချယ်

**ရန်ကုန် ဇူလိုင် ၁၈**

မြန်မာနိုင်ငံသတင်းစာဆရာအသင်း (Myanmar Journalists Association-MJA) တတိယအကြိမ် နိုင်ငံလုံးဆိုင်ရာညီလာခံကို ယနေ့နံနက် ၁၀ နာရီတွင် Sky Star Hotel ၌ ကျင်းပသည်။

ညီလာခံတွင် သဘာပတိအဖြစ် မြန်မာနိုင်ငံသတင်းစာဆရာအသင်းနာယက ဦးကိုကိုက ဆောင်ရွက်ပြီး ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းက ဂုဏ်ပြုစကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံသတင်းစာဆရာအသင်းနာယက ဦးကိုကိုက "မကြာမီ ရွေးချယ်တင်မြှောက်မယ့် အလုပ်အမှုဆောင်အဖွဲ့ဟာလည်း လာမယ့်သက်တမ်းမှာ စိန်ခေါ်မှုများစွာနဲ့ ရင်ဆိုင်ရမယ့်အခြေအနေ ဖြစ်နေပါတယ်။ ဒီဟာတွေကို ကျော်လွှားနိုင်မှ ဖြစ်ပါမယ်။ ဒါကြောင့် မီဒီယာသမားတွေဟာ တစ်နေရာတည်းမှာ ဖက်တွယ်မနေဘဲ Multi-media ဖြစ်အောင် သွားရမှာဖြစ်ပါတယ်။ Multi-skill ဖြစ်အောင် လုပ်ရမှာ ဖြစ်ပါတယ်။ Multi-skill ဖြစ်မှ ရှေ့စိန်ခေါ်မှုတွေကို ကျော်လွှားနိုင်မှာ ဖြစ်ပါတယ်။ အားလုံး ပြုပြင်ပြောင်းလဲမှုနဲ့အတူ Multi-skill ကို သွားကြပါ။ စိန်ခေါ်မှုတွေကို ရင်ဆိုင်ဖို့ အသင့်ပြင်ထားကြပါ။ အသင်းသားတွေအားလုံး တိုင်းပြည်နဲ့ လူမျိုးကို ချစ်တဲ့စိတ်၊ ညီညွတ်တဲ့စိတ်၊ သတင်းမီဒီယာပညာရပ်ကို တွယ်တာသော စိတ်ဓာတ်များဖြင့် အသင်းကြီး နှစ်တစ်ရာကျော်တိုင်အောင် ကြိုးပမ်းကြပါ" ဟု ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံသတင်းစာဆရာအသင်း ဥက္ကဋ္ဌ ဦးသီဟစောက "သတင်းသမားဆိုတာ ဘာနဲ့လုပ်လုပ်၊ ဘယ်မှာလုပ်လုပ် ကျင့်ဝတ်ကို လိုက်နာမယ်၊ ရေရှည်တည်တံ့အောင်နေမယ်ဆိုရင် သတင်းစာဆရာကောင်းဖြစ်မှာပါ။ အဲဒီလို သတင်းစာဆရာကောင်းတွေ စုစည်းထားတဲ့ မြန်မာနိုင်ငံသတင်းစာဆရာအသင်းဟာလည်း ဆက်လက်အောင်မြင်မယ်လို့ ယုံကြည်ပါတယ်" ဟု ပြောသည်။

ယင်းနောက် မြန်မာနိုင်ငံသတင်းစာဆရာအသင်း တတိယအကြိမ်ညီလာခံသို့ ပေးပို့လာသည့် မြန်မာနိုင်ငံစာရေးဆရာအသင်း၊ မြန်မာဂျာနယ်လစ်ကွန်ရက် (MJN)၊ မြန်မာစာနယ်ဇင်းသမဂ္ဂ (MJU)နှင့် နိုင်ငံတကာ မြန်မာသတင်းအဖွဲ့(BNI) တို့မှ ပေးပို့သော သဝဏ်လွှာများကို သက်ဆိုင်ရာအသင်းအဖွဲ့များမှ တာဝန်ရှိသူများက ဖတ်ကြားကြသည်။

ထို့နောက် မြန်မာနိုင်ငံသတင်းစာဆရာအသင်း (MJA) ၏ ညီလာခံကျင်းပရခြင်းနှင့် ပြင်ဆင်ချက်မူကြမ်းများကို ဒုတိယဥက္ကဋ္ဌ ဦးမြတ်ခိုင်က ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း ဒုတိယသက်တမ်း (၂၀၁၅-၂၀၁၈) ကာလအတွင်း လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာများဖြစ်သည့် မြန်မာနိုင်ငံသတင်းစာဆရာအသင်း (MJA) ၏ လုပ်ငန်းစဉ်များနှင့် အထူးကိစ္စဆောင်ရွက်ချက်များ၊ စည်းရုံးရေးမှူး အစီရင်ခံစာနှင့် ဘဏ္ဍာရေးအစီရင်ခံစာတို့ကို အသင်းအထွေထွေအတွင်းရေးမှူး ဦးကျော်စွာမင်း (Dမင်း)၊ အသင်းစည်းရုံးရေးမှူး ဦးတင်လှိုင် (ဟိုတယ်ခရီး)၊ အသင်းဘဏ္ဍာရေးမှူး ဒေါ်အိအိတင် (အိသူ)တို့က ဖတ်ကြားတင်ပြကြပြီး အတည်ပြုချက်ရယူကြသည်။

ယင်းနောက် မြန်မာနိုင်ငံသတင်းစာဆရာအသင်း၏ ဆောင်ရွက်မှုကဏ္ဍများ၌ ပါဝင်ဆောင်ရွက်ကူညီပံ့ပိုးရပ်တည်ပေးခဲ့ကြသည့် လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအား ဂုဏ်ထူးဆောင်အသင်းသားများအဖြစ် အသင်းတွဲဖက်အတွင်းရေးမှူး (၁) ဦးရဲမင်းဦးက ဖတ်ကြားတင်ပြသည်။



မွန်းလွဲပိုင်းတွင် ညီလာခံဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ ဒုတိယအကြိမ်သက်တမ်းမှ အလုပ်အမှုဆောင်များ နုတ်ထွက်ကြောင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ကိုယ်စား ဒုတိယဥက္ကဋ္ဌ ဦးမြတ်ခိုင်က ကြေညာသည်။

ညီလာခံတွင် ရွေးချယ်တင်မြှောက်ရေးကော်မရှင်အဖွဲ့က ရွေးချယ်ခံရသူများ အမည်စာရင်းကို ကြေညာပြီး ကော်မရှင်အဖွဲ့ ရှေ့မှောက်တွင် အမှုဆောင်အဖွဲ့ဝင်များက ကတိသစ္စာပြုကြသည်။

တတိယအကြိမ် နိုင်ငံလုံးဆိုင်ရာညီလာခံမှ မြန်မာနိုင်ငံသတင်းစာဆရာအသင်း နာယကအဖြစ် ဦးသီဟစော၊ ဥက္ကဋ္ဌ ဦးမြတ်ခိုင်၊ ဒုတိယဥက္ကဋ္ဌ (၁) ဦးဝင်းငြိမ်း၊ ဒုတိယဥက္ကဋ္ဌ (၂) ဦးကျော်စွာမင်း၊ ဒုတိယဥက္ကဋ္ဌ (၃) ဦးရဲမင်းဦး၊ အထွေထွေအတွင်းရေးမှူး ဦးသာဇော် အပါအဝင် အသင်းဗဟိုအလုပ်အမှုဆောင် ၃၇ ဦးတို့အား ရွေးချယ်ပြီး မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင်အဖြစ် ဦးကိုကိုနှင့် ကောင်စီဝင်လောင်းများအဖြစ် ဦးမြတ်ခိုင်၊ ဦးကျော်စွာမင်းနှင့် ဒေါ်အိအိတင်တို့ကို ရွေးချယ်ခဲ့သည်။

ထို့နောက် တတိယအကြိမ် ညီလာခံမှ ရွေးချယ်ခဲ့သည့် မြန်မာနိုင်ငံသတင်းစာဆရာအသင်းဥက္ကဋ္ဌအသစ် ဦးမြတ်ခိုင်က တာဝန်ယူမှုများနှင့်စပ်လျဉ်း၍ ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မြန်မာနိုင်ငံသတင်းစာဆရာအသင်းကို ၂၀၁၂ ခုနှစ် ဩဂုတ် ၁၁ ရက်တွင် စတင်ဖွဲ့စည်းခဲ့ရာ အသင်း၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကို သုံးနှစ်တစ်ကြိမ် ရွေးချယ်လျက်ရှိပြီး ၂၀၁၅ ခုနှစ်တွင် ဒုတိယအကြိမ်၊ ယခု ၂၀၁၈ ခုနှစ်တွင် တတိယအကြိမ် ရွေးချယ်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း-ရီရီမြင့်၊ မီမီဖြိုး**
**ဓာတ်ပုံ-ရဲထွန်း**

# ဖျာပုံ တောင်ပျံဆန် တစ်အိတ် ကျပ် ၄၀၀၀ ခုန်တက်

**ဖျာပုံ ဇူလိုင် ၁၈**

ဖျာပုံဆန်ဈေးကွက်တွင် ဇွန်လနောက်ဆုံးပတ်က ဖျာပုံဘေးကျား/တောင်ပျံဆန် တစ်အိတ်လျှင် ငွေကျပ် ၄၄၀၀၀ ဝယ်ယူစားသုံးခဲ့ကြရသော်လည်း ယနေ့နံနက်ပိုင်းတွင် ငွေကျပ် ၄၈၀၀၀ ဖြင့် ဝယ်ယူစားသုံးနေရကြောင်း စားသုံးသူများထံမှ သိရသည်။

ဇူလိုင် ၁၈ ရက် မွန်းလွဲပိုင်းက အာရှနဂါးဆန်ဆိုင်၌ ဆန်ရောင်းဝယ်နေသူများနှင့် တွေ့ဆုံရာတွင် ဆန်ကုန်သည်တစ်ဦးက ယခုရက်ပိုင်း ရန်ကုန်က ဆန်ကုန်သည်များ တိုက်ရိုက်ဆင်းဝယ်သူများရှိနေကြောင်း၊ ဖျာပုံမှ ဆန်ကုန်သည်များကလည်း ရေယာဉ်/ကားများဖြင့် တင်ပို့နေကြကြောင်း၊ လယ်သမားများနှင့် စပါးကုန်သည်များလက်ဝယ်တွင်လည်း စပါးလက်ကျန်နည်းနေပြီဖြစ်ကြောင်းနှင့် ဆန်ဈေး ဆက်လက်မြင့်တက်နိုင်ကြောင်း ပြောသည်။

ဆန်ဈေးအတက်ကြမ်းမှုကြောင့် အချို့သူများ ဆန်ချောနှင့် အချွန်(အကြမ်း)ဆန်များ ရောနှောစားသုံးနေကြပြီး အခြေခံလူတန်းစားများသည် ဆန်ကြမ်းတစ်ပြည် ငွေကျပ် ၁၂၀၀ မှ ၁၃၀၀ ကိုသာ ဝယ်ယူစားသုံးနေကြကြောင်း လေ့လာသိရှိရသည်။ **အောင်ဝင်း(ဖျာပုံ)**

# နေအိမ်မှထွက်လာသူ မိန်းကလေးနှစ်ဦးအား မိဘအုပ်ထိန်းသူများထံ ပြန်လည်အပ်နှံ

**ပဲခူး ဇူလိုင် ၁၈**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ညောင်တစ်ခြမ်းကျေးရွာမှ အမျိုးသမီးငယ်နှစ်ဦးတို့သည် နေအိမ်မှ မိဘအုပ်ထိန်းသူများ မသိအောင် ထွက်ခွာလာပြီး မွန်ပြည်နယ် ပေါင်မြို့နယ်သို့ သွားရန်အတွက် ပဲခူးဘူတာလက်မှတ်ရုံအနီး၌ ဇူလိုင် ၁၇ ရက် ည ၁၀ နာရီ ၁၅ မိနစ်တွင် ရထားစီးရန် စုံစမ်းမေးမြန်းနေသည်ကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် အမှတ် (၁၁) တပ်ခွဲ ပဲခူးရထားရဲစခန်းမှ စခန်းမှူး ရဲအုပ်စိုးမြင့်အဖွဲ့က ခေါ်ယူစစ်ဆေးပြီး ၎င်းတို့၏ အုပ်ထိန်းသူများထံ ဖုန်းဖြင့် ဆက်သွယ်အကြောင်းကြားကာ ဇူလိုင် ၁၈ ရက်တွင် ပြန်လည်အပ်နှံခဲ့ကြောင်း သိရသည်။

**ရထားရဲတပ်ဖွဲ့**



# ရွှေတိဂုံစေတီတော်နှင့် သိင်္ဂုတ္တရကုန်းမြေကြံ့ခိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**ရန်ကုန် ဇူလိုင် ၁၈**

ရွှေတိဂုံစေတီတော်နှင့် သိင်္ဂုတ္တရကုန်းမြေကြံ့ခိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီခွဲက ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် ရွေးဟောင်းရုပ်ပွားတော် တန်ဆောင်း၌ ကျင်းပသည်။

အစည်းအဝေးတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ရွှေတိဂုံစေတီတော်နှင့် သိင်္ဂုတ္တရကုန်းမြေ ကြံ့ခိုင်ရေးအတွက် ပညာရှင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ စေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ဝင်များက ပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ရွှေတိဂုံစေတီတော်၏ ကြံ့ခိုင်ရေးနှင့် ပတ်သက်၍ ပြောကြားပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက စေတီတော်နှင့် သိင်္ဂုတ္တရကုန်းမြေ ပြုပြင်ထိန်းသိမ်းထားခြင်း အဆင့်ဆင့်ကို မှတ်တမ်းများဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဘူမိဗေဒပညာရှင် ဒေါက်တာယုမောင်၊ စေတီတော်ဂေါပကအဖွဲ့ကိုယ်စား အလှည့်ကျသဘာပတိ ဦးတင်လှတို့က ရွှေတိဂုံစေတီတော်မြတ်နှင့် သိင်္ဂုတ္တရကုန်းမြေ ကြံ့ခိုင်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသော တိုင်းဒေသကြီးဝန်ကြီးများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့တို့မှ တာဝန်ရှိသူများနှင့် ပညာရှင်များက အထွေထွေကိစ္စရပ်များ ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

**သတင်းစဉ်**

# ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု(ဗဟို) ကြီးကြပ်ရေးအဖွဲ့ (၂၅)ကြိမ်မြောက် အစည်းအဝေးကျင်းပ

**ရန်ကုန် ဇူလိုင် ၁၈**

ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှု(ဗဟို) ကြီးကြပ်ရေးအဖွဲ့ (၂၅)ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ဘွဲ့နှင်းသိမ်ဓမ္မာရုံ၌ ကျင်းပရာ သဘာပတိဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု(ဗဟို) ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဂုဏိကာဘိဝံသက ဩဝါဒကထာ မြွက်ကြားသည်။

ထို့နောက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု(ဗဟို) ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမိုးဇော်ရွှေက (၂၄)ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုကို လျှောက်ထားသည်။

ဆက်လက်၍ ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှုနှင့်ပတ်သက်၍ ဖြတ်သန်းပြီးကာလ အတွေ့အကြုံများ၊ ဆောင်ရွက်ပြီးစီးမှု၊ ရှေ့ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို တိုင်းဒေသကြီး၊ ပြည်နယ်ကြီးကြပ်ရေးအဖွဲ့ ဆရာတော်များက ဆွေးနွေးပြီး ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းက ပြန်လည်ရှင်းလင်းဆွေးနွေးကာ အစည်းအဝေးဆုံးဖြတ်ချက်များရယူ၍ ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု(ဗဟို) ကြီးကြပ်ရေးအဖွဲ့ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစိန္တိတာလင်္ကာရက နိဂုံးချုပ်ဩဝါဒမြွက်ကြားသည်။



**သတင်းစဉ်**





# ခေါင်းဆောင်မှုစွမ်းရည် တိုးမြှင့်ရေးသင်တန်းအမှတ်စဉ်(၄) ဆင်းပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် ဇူလိုင် ၁၈**

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် နိပ္ပွန်ဖောင်ဒေးရှင်းတို့ ပူးပေါင်းဖွင့်လှစ်ခဲ့သည့် ခေါင်းဆောင်မှုစွမ်းရည်တိုးမြှင့်ရေးသင်တန်း အမှတ်စဉ်(၄)ဆင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ရှိ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပရာ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ် တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းထူးချွန်ဆုများနှင့် သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်သည်။

ဆက်လက်၍ International University of Japan မှ Professor Dr. Aung Myoe က သင်တန်းဆိုင်ရာ အချက်အလက်များ ရှင်းလင်းပြောကြားသည်။

သင်တန်းကာလမှာ ဧပြီ ၁၀ ရက်မှ ဇူလိုင် ၁၈ ရက်အထိ ရက်သတ္တ ၁၂ ပတ်ကြာမြင့်ခဲ့ပြီး အဆိုပါသင်တန်းသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ ပြည်ထောင်စုဝန်ကြီးရုံး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနတို့မှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၃၂ ဦး တက်ရောက်ခဲ့ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်)သို့ ရောက်ရှိ၍ ကျောင်းအစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခ/ဌာနမှူးများနှင့် တွေ့ဆုံပြီး ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ထမ့်လုံခွန်နမ့်လိုဏ်ဂူမှထွက်လာသည့် လူငယ်ဘောလုံးအသင်းဝင်များ ပထမဆုံးသတင်းစာရှင်းလင်းပွဲ ကျင်းပ

**ချင်းရိုင် ဇူလိုင် ၁၈**

ထိုင်းနိုင်ငံ ချင်းရိုင်ခရိုင် မယ်ဆိုင်မြို့ ပုံဖာရပ်ကွက် ဒွိုင်းနန်းနွန်းတောင်ခြေရှိ ထမ့်လုံခွန်နမ့်လိုဏ်ဂူအတွင်း၌ ပိတ်မိခဲ့ကြသော ချင်းရိုင်ခရိုင် ပရာချာနုခေါ် ပြည်သူ့ဆေးရုံကြီးရှိ အထူးကြပ်မတ်ဆောင် သီးသန့်အခန်းများ၌ ဆေးကုသမှုခံယူလျက်ရှိကြသည့် လူငယ်ဘောလုံးအသင်းဝင် ၁၂ ဦးနှင့် နည်းပြတို့မှာ ယနေ့တွင် ဆေးရုံမှ ဆင်းလာပြီဖြစ်ပြီး ၎င်းတို့နှင့်နိုင်ငံတကာမီဒီယာများ ပထမဆုံးအကြိမ်တွေ့ဆုံပွဲကို ချင်းရိုင်ခရိုင်ရှိ Khotchasarn Hall ၌ ဒေသစံတော်ချိန် ညနေ ၆ နာရီက ပြုလုပ်ခဲ့ရာ ထိုင်းနိုင်ငံရှိ Thai PBS News အပါအဝင် ထိုင်းနိုင်ငံ ရုပ်သံသတင်းဌာနအသီးသီးမှ တိုက်ရိုက်ထုတ်လွှင့်ခဲ့ကြသည်။

လိုဏ်ဂူအတွင်း ဝင်ရောက်ခဲ့ကြသည့် လူငယ်ဘောလုံးအသင်းဝင်များမှာ လိုဏ်ဂူအတွင်း စားစရာမယူဆောင်ဖြစ်ခဲ့ကြကြောင်း၊ ၎င်းတို့ ဆာလောင်မွတ်သိပ်နေသည်ကို မေ့ထားပြီး ကျောက်စက်ရေကိုသာ ၁၀ ရက်ကျော်ကြာ သောက်သုံးခဲ့ကြရကြောင်း၊ လိုဏ်ဂူအတွင်း ပိတ်မိနေကြသည့် ၎င်းတို့အား လူကြီးများလာကယ်ကြလိမ့်မည်ဟုလည်း ယုံကြည်ထားကြကြောင်း၊ လူငယ်တစ်ဦးမှာ ဆန်ပြုတ်စားချင်လွန်းသည့်အတွက် အိပ်မက်မြင်မက်မိသည်အထိ ဖြစ်ခဲ့ရကြောင်း၊ လိုဏ်ဂူအတွင်းမှ ထွက်နိုင်ရန်အတွက် ကိုယ်တိုင်ကြိုးစားခဲ့ကြပြီး သဲသောင်ပြင်မှ တစ်ဆင့် ထွက်ပေါက်ရှာသည့်အနေဖြင့် လိုဏ်ဂူထွက်ပေါက်လမ်းကို ကျောက်ချွန်များဖြင့် မရမကတူးဆွကြည့်ခဲ့ကြကြောင်းနှင့် လာရောက်ကယ်ထုတ်ခဲ့ကြသည့် ကယ်ဆယ်ရေးအဖွဲ့များကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း၊ နောက်တစ်ကြိမ်လိုဏ်ဂူသို့ သွားရောက်လည်ပတ်ပါကလည်း လိုဏ်ဂူအပေါက်ဝထိသာ သွားကြမည်ဖြစ်ကြောင်း၊ ယခုအခါ မိသားစုများနှင့်အတူ လွတ်လပ်ပျော်ရွှင်စွာနေထိုင်ကြမည် ဖြစ်ကြောင်း လူငယ်ဘောလုံးအသင်းဝင်များ၏ပြောပြချက်ကို ထိုင်းနိုင်ငံရှိ NBT World မှ အင်္ဂလိပ်ဘာသာဖြင့် ယနေ့ညပိုင်းက တိုက်ရိုက်ထုတ်လွှင့်ခဲ့သည်။ လူငယ်များ စိတ်ပိုင်းဆိုင်ရာ ထိခိုက်မည်စိုး၍ ကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်ရာတွင် ကုန်ကျခဲ့သည့် ကုန်ကျစရိတ်နှင့် စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများကို ထုတ်ဖော်ပြောဆိုခဲ့ခြင်း မရှိကြောင်း၊ လူငယ်ဘောလုံးအသင်းဝင်များ၏အသက်မှာ အဓိကအရေးကြီးကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့ကြသည်။

ထမ့်လုံခွန်နမ့် လိုဏ်ဂူအတွင်း၌ ပိတ်မိခဲ့ကြသော လူငယ်ဘောလုံးအသင်းဝင် ၁၂ ဦးနှင့် နည်းပြတို့မှာ ပြီးခဲ့သည့် ဇွန် ၂၃ ရက်က လိုဏ်ဂူအတွင်း တစ်နာရီကြာ ဘောလုံးကန်လေ့ကျင့်မည်ဟုဆိုပြီး ဝင်ရောက်ခဲ့ကြခြင်းဖြစ်သည်။ ၎င်းတို့အား ဇူလိုင် ၂ ရက် ညပိုင်းက ဗြိတိန်ရေငုပ်သမားနှစ်ဦးဖြစ်သော စတင်တန်နှင့် ဂျွန်ဗော်လ်သန်တို့က ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ပြီး ဇူလိုင် ၈ ရက်မှ ၁၀ ရက်အထိ ကယ်ဆယ်ရေးအဖွဲ့များက သုံးရက်ကြာ ကယ်ထုတ်ခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။ **ပွင့်သစ္စာ**

# စာပေမြင့်မှ လူမျိုးတင့်မည်

# ဗိုလ်ချုပ်နှင့် ပြည်ထောင်စုအမှတ်လက္ခဏာ

**အောင်ကျော်အေးချမ်း**

> ဗိုလ်ချုပ်အောင်ဆန်းသည် ပြည်ထောင်စုအမှတ်လက္ခဏာ အပြည့်အဝရှိသော၊ ပြည်ထောင်စုတစ်ဝန်းလုံးကို ကိုယ်စားပြုသော အထင်ကရပုဂ္ဂိုလ်တစ်ဦးအဖြစ် သမိုင်းတွင် အသိအမှတ်ပြုခံရခြင်းလည်းဖြစ်ပေသည်။ တိုင်းရင်းသားလူမျိုးပေါင်းစုံပါဝင်သော မြန်မာတစ်မျိုးသားလုံး၏ အမျိုးသားခေါင်းဆောင် အမည်နာမကို ခံယူထိုက်သော ပုဂ္ဂိုလ်သည် ဗိုလ်ချုပ်တစ်ဦးတည်းသာရှိသည်ဟု ဆိုရမည်ဖြစ်ပါသည်။

၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက် (စနေနေ့) နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် အာဇာနည်ခေါင်းဆောင်ကြီး ကိုးဦး ကျဆုံးခဲ့ရသည်မှာ ယခုဆိုလျှင် (၇၁) နှစ်သို့ ရောက်ရှိလာခဲ့ပြီဖြစ်သည်။ ဆယ်စုနှစ် ခုနစ်ခုစာမျှ ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း မြန်မာနိုင်ငံသားများအဖို့ ထိုဆိုးရွားလှသော အဖြစ်အပျက်ကို အမှတ်ထင်ထင် ရှိဆဲပင်ဖြစ်ပါသည်။ အာဇာနည်နေ့ နီးကပ်လာတိုင်း အာဇာနည်ခေါင်းဆောင်များ မျှော်မှန်းခဲ့သည့် စိတ်ကူးအိပ်မက်များ အကောင်အထည်ဖော်လက်စ တစ်ဝက်တစ်ပျက်လုပ်ငန်းစဉ်များ မည်မျှအထိ ခရီးပေါက်ခဲ့ပြီလည်းဆိုသည်ကို တနုံ့နုံ့တွေးမိကြပါသည်။

စိတ်ကူးအိပ်မက်များဆိုရာတွင် အဓိကအားဖြင့် ဗိုလ်ချုပ်အောင်ဆန်း မဆုတ်မနစ် ကြိုးပမ်းခဲ့သည့် တစ်နှစ်အတွင်း လွတ်လပ်ရေးအရယူရေးနှင့် မြန်မာနိုင်ငံကို ကမ္ဘာ့အလယ်တွင် ပေမီဒေါက်မီ နိုင်ငံတော်တစ်ရပ်အဖြစ် ထူထောင်ရေးအစပျိုးဆောင်ရွက်ချက်များကို ဆိုလိုခြင်းပင်ဖြစ်သည်။ အထူးသဖြင့် အာဇာနည်များ လုပ်ကြံမခံရမီ ခြောက်လလောက်ကာလအတွင်း အပြင်းအထန် ကြိုးပမ်းချက်များက မြန်မာနိုင်ငံ၏အနာဂတ်ကို ပုံလောင်းပေးသော ဆောင်ရွက်ချက်များအဖြစ် တွေ့မြင်ရပေသည်။ ဗိုလ်ချုပ်သည် တိုင်းရင်းသားအချင်းချင်း ညီညွတ်မှု၊ တစ်မျိုးသားလုံး ညီညွတ်မှုအတွက် ၁၉၄၆ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်မှစ၍ ခရီးပြင်းထွက်၍ စည်းရုံးဆော်သြခဲ့သည်။ ဤသည်ကို ထိုစဉ်က ဗိုလ်ချုပ်၏ ခရီးစဉ်တွင် အထူးသတင်းထောက်အဖြစ် အတူလိုက်ပါခွင့်ရခဲ့သော သတင်းစာဆရာ ဦးပုကလေးက ဤသို့မှတ်တမ်းတင်ထားခဲ့သည်။ "တောင်တန်းနယ်များမပါသော ဗမာပြည်လွတ်လပ်ရေးမှာလည်း အရေးပါအရာရောက်သည့် လွတ်လပ်ရေးမျိုးမဟုတ်နိုင်"ဟု ယူဆပြီးဖြစ်သော ဗိုလ်ချုပ်သည် ဗမာပြည်မနှင့် တောင်တန်းနယ်များ ပူးပေါင်းရေးတိုက်ပွဲကို ဆင်နွှဲတိုက်ခိုက်ခဲ့ရာ ဗျူရိုကရက်နယ်ချဲ့သမားတို့က တောင်တန်းနယ်သားတို့အား နှစ်ပေါင်း ၆၀ ကျော် တုပ်နှောင်ထားသော ကြိုးများကိုလည်း ဖြတ်တောက်ခဲ့၏။ သူတို့၏ လှည့်ပတ်ရာ ဝဲသြဃအတွင်း သက်ဆင်းကျရောက်နေသော တောင်တန်းနယ်သားတို့အား ကယ်တင်ခဲ့၏။ ဗမာများနှင့် တောင်တန်းနယ်သားတို့ တစ်ဦးနှင့်တစ်ဦး အထင်မှား အမြင်မှားဖြစ်အောင် ကြံဆောင်သွေးခွဲသူများကိုလည်း ပယ်ဖျက်ရှင်းလင်းခဲ့၏။"

ထိုခရီးစဉ်အပြီးတွင် ဗိုလ်ချုပ်သည် မြန်မာနိုင်ငံ၏အနာဂတ်အရေးအတွက် အရေးပါဆုံး ခရီးစဉ်တစ်ခုကို သွားခဲ့သည်။ ၎င်းက ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၂ ရက်မှ ၃၀ ရက်အထိကြာသော လန်ဒန်ခရီးစဉ်ပင်ဖြစ်ပါသည်။ ဤခရီးစဉ်အတွင်း အင်္ဂလန်လေဘာပါတီ ခေါင်းဆောင်များနှင့် ဗိုလ်ချုပ်ဦးဆောင်သည့် မြန်မာနိုင်ငံကိုယ်စားလှယ်အဖွဲ့ကြား အကျေအလည်ညှိနှိုင်းမှုကြောင့် မြန်မာ့လွတ်လပ်ရေး၊ မြန်မာ့အနာဂတ်အရေးအတွက် အရေးပါဆုံးစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့ပါသည်။ ၎င်းကား ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့ နေ့စွဲဖြင့် အင်္ဂလန်ဝန်ကြီးချုပ် စီအာရ်အက်တလီနှင့် ဦးအောင်ဆန်းတို့ လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ကြသော အောင်ဆန်း-အက်တလီစာချုပ်ပင် ဖြစ်ပါသည်။

ထိုဆွေးနွေးပွဲတွင် မြန်မာကိုယ်စားလှယ်အဖွဲ့က အထွေထွေတင်ပြချက်နှင့် ဖြည့်စွက်တင်ပြချက်ဟူ၍ စာတမ်းနှစ်စောင်တင်သွင်းခဲ့သည်။ ထိုတင်ပြချက် နှစ်ခုစလုံးတွင် ထိုစဉ်က Frontier Areas ဟု ခေါ်သော တောင်တန်းဒေသများနှင့်ပတ်သက်သည့် သဘောထားတင်ပြချက်များ အကျယ်တဝင့် ပါဝင်ခဲ့သည်။ ဒုတိယတင်ပြချက်တွင် ပါဝင်သော တောင်တန်းဒေသများနှင့် ပတ်သက်သည့်အမြင်ကို ဖော်ပြသည့် စာပိုဒ်တစ်ပိုဒ်အား မူရင်းအတိုင်း ဖော်ပြလိုပါသည်။

"When constitution reform was introduced to Burma in 1919, Burma was divided for a administrative purpose into Burma Proper and the "Backward Areas." The Burmese did not and do not subscribe to the view that the people of these areas are backward in anyway. Before 1886, when upper Burma was under Burmese rule, good relations between the chiefs of the frontier races and the Burmese King were normal. The main difference between these people and the Burmese lies in the fact that these mainly reside on the hills while the Burmese mainly reside in the plains."

ဤသည်မှာ ဗြိတိသျှခေါင်းဆောင်များအား အခြေအနေအမှန်ကို တဲ့တိုးဖော်ပြလိုက်ခြင်းပင်ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

နောက်ထပ်ဆက်လက်ဖော်ပြသော စာပိုဒ်များတွင် "ခေတ်နောက်ကျလှသည်ဟု ခေါ်ဆိုသော မျိုးနွယ်စုများအား ဗမာများ၏ အကူအညီမပါဘဲ နှစ်ပေါင်း ၆၀ မျှ အုပ်ချုပ်ပြီးသောအခါ ထိုဒေသများသည် မည်သည့်တိုးတက်မှုမျှ မရှိသည်ကို တွေ့ရသည်။ မြန်မာကိုယ်စားလှယ်အဖွဲ့အနေဖြင့် အဆိုပါမျိုးနွယ်စုများကို နိုင်ငံရေးအရ ခေတ်နောက်ကျလှပြီ၊ ကိုယ်ပိုင်အုပ်ချုပ်ခြင်းငှာ မစွမ်းသာဟု ဗြိတိသျှအစိုးရယူဆသကဲ့သို့ မယူဆခဲ့ပေ။ ကိုယ်စားလှယ်အဖွဲ့အနေဖြင့် ဗမာနိုင်ငံပြင်ပမှ အစိုးရတစ်ခုက ထိုဒေသများ၏ ယုံကြည်ကိုးစားမှုဆိုသော အခွင့်ထူးကိုတောင်းခံပိုင်ခွင့် မရှိဟု ခံယူသည်။ ကိုယ်စားလှယ်အဖွဲ့က အဆိုပြုလိုသည်မှာ ထိုဒေသများက မြန်မာနိုင်ငံအစိုးရအပေါ် ယုံကြည်မှုရလာစေရန်အတွက် မဟုတ်ဘဲ ထိုဒေသများကို ဗမာများ၏ ရလတ္တံ့သော နိုင်ငံရေးအဆင့်အတန်းသို့ အစစ်အမှန်ရောက်ရှိစေဖို့အတွက် မြှင့်တင်ပေးရန်ပင်ဖြစ်သည်။ ထို့ပြင် ဗမာများအပါအဝင် အခြားသော လူမျိုးများအားလုံး ပိုင်ဆိုင်ရရှိမည့် နိုင်ငံအုပ်ချုပ်ရေးအတွင်း အထူးဝေစုရှယ်ယာတစ်ခုအဖြစ် ရရှိစေမည်လည်းဖြစ်သည်"ဟု ဖော်ပြခဲ့သည်ကို တွေ့ရသည်။

ဤသည်တို့မှာ နောက်ထပ်သီတင်းနှစ်ပတ်ခန့်အကြာတွင် ချုပ်ဆိုမည့် ပင်လုံစာချုပ်ပါ အတွင်းသဘောများပင် ဖြစ်ပါသည်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်တွင် ချုပ်ဆိုသည့် အချက် ကိုးချက်မျှသာ ပါဝင်သော ပင်လုံစာချုပ်ဖြင့် ပြည်ထောင်စုကို အသစ်တစ်ဖန် ပြန်လည်အခြေတည်နိုင်ခဲ့ခြင်းမှာ ဗိုလ်ချုပ်၏ အထူးခြားဆုံးသော စွမ်းဆောင်ရည်ဟုပင် ဆိုရပါမည်။ တိုင်းရင်းသားများ၏ စုစည်းညီညွတ်သောအင်အားဖြင့် လွတ်လပ်ရေးကို အရယူနိုင်ခြင်းသည် ပင်လုံစိတ်ဓာတ်ပင်ဖြစ်ပါသည်။ ပင်လုံစာချုပ်ပါ အချက် (၅) နယ်စပ်ဒေသများအတွက် နယ်တွင်းအုပ်ချုပ်ရေးတွင် ကိုယ်ပိုင်အုပ်ချုပ်ရေးအပြည့်အဝရှိစေမည်ဟူသောအချက်နှင့် အချက် (၇) နယ်စပ်ဒေသများ၏ နယ်သူနယ်သားများသည် ဒီမိုကရေစီနိုင်ငံများတွင် အခြေခံများအဖြစ် အသိအမှတ်ပြုထားသော အခွင့်အရေးတို့ကို ခံစားနိုင်ခွင့်ရှိစေရမည်ဟူသော အချက်များက ယခု (၂၁)ရာစုပင်လုံတွင် ဆက်လက်ဖော်ဆောင်နေရသော အချက်များပင်ဖြစ်ရာ ပင်လုံကတိကဝတ်ဟူ၍လည်း ဆိုနိုင်မည်ဖြစ်သည်။

ထို့နောက် ၁၉၄၇ ခုနှစ် ဧပြီလနှင့် မေလများအတွင်း ဖော်ဆောင်ခဲ့သော တောင်တန်းဒေသများ စုံစမ်းစစ်ဆေးရေးအစီရင်ခံစာနှင့် တိုင်းပြုပြည်ပြုလွှတ်တော်ခေါ်ဆိုခြင်းများသည်လည်း အောင်ဆန်း-အက်တလီစာချုပ်ပါအချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းပင်ဖြစ်သည်။ တစ်ပြိုင်နက်တည်းမှာပင် မြန်မာနိုင်ငံပြန်လည်ထူထောင်ရေးအတွက် စီးပွားရေးစီမံကိန်းများကို တိုရန်တိုညီလာခံအဆောက်အအုံတွင် ဆွေးနွေးကျင်းပခဲ့သည်။ ၎င်းအပြင် လွတ်လပ်သော မြန်မာနိုင်ငံကို လမ်းကြောင်းပေးမည့် မြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲရေးကော်မတီတစ်ရပ် ဖွဲ့စည်းပေးခဲ့သည်။ တိုင်းပြုပြည်ပြုလွှတ်တော်တွင် ဗိုလ်ချုပ်အောင်ဆန်း တင်သွင်းခဲ့သော အချက် ၁၄ ချက်ပါ အစီရင်ခံစာ၏ ပထမ ခုနစ်ချက်သည် မြန်မာနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၏ လမ်းညွှန်ချက်များဖြစ်လာခဲ့လေသည်။ ဗိုလ်ချုပ်တို့ မကွယ်လွန်မီတွင် အခြေခံဥပဒေသည် မူကြမ်းအဆင့်သို့ ရောက်ရှိနေခဲ့ပြီးဖြစ်ပါသည်။

ဤသို့ ခြောက်လကျော်ကာလအတွင်း တစ်ဟုန်ထိုးဆောင်ရွက်ချက်များက ဉာဏ်ရည်ထက်မြက်လှသော၊ တိုင်းပြည်ချစ်စိတ် ကြီးမားလှသော၊ စည်းရုံးလုပ်ဆောင်နိုင်မှုစွမ်းရည် မြင့်မားလှသော ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့် ထိုစဉ်က ခေါင်းဆောင်များ၏ အံ့မခန်းစွမ်းဆောင်ချက်များဟုပင် ဆိုရပါမည်။ ထိုစွမ်းဆောင်ချက်များက စတုတ္ထမြန်မာနိုင်ငံဟု ခေါ်ဆိုလောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို မွေးဖွားစေခဲ့ခြင်းပင်ဖြစ်ပါသည်။ ထို့ကြောင့်ပင် ဗိုလ်ချုပ်အောင်ဆန်းသည် ပြည်ထောင်စုအမှတ်လက္ခဏာ အပြည့်အဝရှိသော၊ ပြည်ထောင်စုတစ်ဝန်းလုံးကို ကိုယ်စားပြုသော အထင်ကရပုဂ္ဂိုလ်တစ်ဦးအဖြစ် သမိုင်းတွင် အသိအမှတ်ပြုခံရခြင်းလည်းဖြစ်ပေသည်။ တိုင်းရင်းသားလူမျိုးပေါင်းစုံပါဝင်သော မြန်မာတစ်မျိုးသားလုံး၏ အမျိုးသားခေါင်းဆောင် အမည်နာမကို ခံယူထိုက်သော ပုဂ္ဂိုလ်သည် ဗိုလ်ချုပ်တစ်ဦးတည်းသာရှိသည်ဟု ဆိုရမည်ဖြစ်ပါသည်။

သို့သော် ထိုသို့ အာဇာနည်ခေါင်းဆောင်များ အသက်သွေးချွေး စတေးပေးလှူ၍ တည်ဆောက်ခဲ့ရသော ပြည်ထောင်စုကြီးသည် အယူဝါဒရေးရာအစွန်းရောက်မှု၊ အမျိုးသားရေးမျှော်မှန်းချက် မြင့်မားမှုအချို့ကြောင့် ပြည်တွင်းစစ်မီး တောက်လောင်ပြီး ဒုက္ခပင်လယ်ဝေခဲ့ရသည်မှာ ယနေ့ထိတိုင်ပင် ဖြစ်တော့သည်။ ထို့ကြောင့်ပင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကို ကျင်းပ၍ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတစ်ရပ်တည်ထောင်ရေး အပြင်းအထန်ကြိုးပမ်းနေကြရခြင်းဖြစ်သည်။ ထိုဖက်ဒရယ်ပြည်ထောင်စုသည် ဒီမိုကရေစီအပြည့်အဝရှိသော ပြည်ထောင်စုအမှတ်လက္ခဏာနှင့် ဒေသအမှတ်လက္ခဏာ ဟန်ချက်ညီ ပေါင်းစည်းပါဝင်သော ပြည်ထောင်စုပင်ဖြစ်ရပါမည်။ ဤသည်မှာ ဗိုလ်ချုပ်မျှော်မှန်းခဲ့သော ပြည်ထောင်စုပင်ဖြစ်ပါသည်။ ပြည်ထောင်စုအမှတ်လက္ခဏာသည် ပြည်ထောင်စုတစ်ခုလုံး၊ ပြည်နယ်ဒေသအားလုံးတွင် ပျံ့နှံ့တည်ရှိရမည်ဖြစ်သည်။ သက်ဆိုင်ရာပြည်နယ်နှင့် ဒေသအမှတ်လက္ခဏာများနှင့် ရန်ဘက်မဟုတ်၊ မိတ်ဖက်ဖြစ်သော ပေါင်းစည်းမှုသာဖြစ်သည်။ အမေရိကန်ပြည်ထောင်စုတွင် ပြည်တွင်းစစ်ကို ဦးဆောင်ဆင်နွှဲခဲ့သူ တောင်ပိုင်းဗိုလ်ချုပ်၏ ရုပ်တုကိုဖယ်ရှားရန် အစွန်းရောက်ကြိုးပမ်းမှုများ တစ်လောက တွေ့လိုက်ရသည်။ သို့သော် သူသည် တောင်ပိုင်း၏ အမှတ်လက္ခဏာ တစ်စိတ်တစ်ပိုင်းဖြစ်လျက်ရှိနေသည်။ သမ္မတ အီဘရာဟင်လင်ကွန်းက ပြည်တွင်းစစ်ကို ဆင်နွှဲရခြင်းမှာ ကျေးကျွန်စနစ်ကို လက်မခံခြင်းက တစ်စိတ်တစ်ပိုင်းပါဝင်သော်လည်း အဓိကအားဖြင့် ပြည်ထောင်စုမပြိုကွဲရေးသာဖြစ်သည်ဟူသော သုံးသပ်ချက်များရှိပါသည်။ သို့သော် ပြည်တွင်းစစ်ဒဏ်ကြောင့် အမေရိကန်တောင်ပိုင်းသည် ယခုထက်တိုင် မြောက်ပိုင်းထက် စီးပွားရေးဖွံ့ဖြိုးမှုနိမ့်ကျနေသေးသည်ကို သတိချပ်သင့်ပါသည်။

ယခု နေပြည်တော်တွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေးကို ခြောက်ရက်တာအတွင်း အောင်အောင်မြင်မြင် ကျင်းပနိုင်ခဲ့သည်။ ဤညီလာခံတွင် သဘောတူညီချက် (၁၄)ချက်ကို ပြည်ထောင်စုသဘောတူစာချုပ်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် လက်မှတ်ရေးထိုးခဲ့ပြီး ယခင်ကျင်းပခဲ့သည့် ဒုတိယအစည်းအဝေးတွင် သဘောတူညီချက် (၃၇) ချက်ကို ပြည်ထောင်စုသဘောတူစာချုပ်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် လက်မှတ်ရေးထိုးနိုင်ခဲ့သည့်အတွက် ပြည်ထောင်စုသဘောတူစာချုပ်တွင် အချက်ပေါင်း ၅၁ ချက် ထည့်သွင်းနိုင်ခဲ့ပြီ ဖြစ်ပါသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ တတိယ အစည်းအဝေး ဆဋ္ဌမနေ့တွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ကျေးဇူးတင်စကား ပြောကြားခဲ့ရာ "အခက်အခဲအမျိုးမျိုး၊ သဘောထားကွဲပြားမှုအမျိုးမျိုးရှိတဲ့ကြားမှာ အခုလို ရလဒ်ကောင်းတွေပေါ်ထွက်လာတာကိုက ကျွန်မတို့ရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်ဟာ ရှေ့ကို ဆက်လက်ပြီး ရွေ့နေတယ်ဆိုတဲ့ သင်္ကေတတစ်ခုပဲဖြစ်ကြောင်း" ပြောကြားခဲ့သည်။ ထို့ပြင် "သဘောတူညီချက်များကိုကြည့်ရင် နှစ်မျိုးတွေ့နိုင်ကြောင်း တစ်မျိုးက တိုင်းရင်းသားတွေလိုချင်တဲ့အရာတွေ၊ စိုးရိမ်နေတဲ့အချက်တွေကို လက်ရှိ ဖွဲ့စည်းပုံအခြေခံဥပဒေမှာပါရှိသော်လည်း ပိုမိုသေချာတဲ့ စကားလုံးများနဲ့ ထည့်သွင်းခဲ့တာဖြစ်ကြောင်း၊ နောက်တစ်မျိုးကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ မပါရှိသေးတဲ့ အချက်တွေကို ပြည်ထောင်စုသဘောတူညီမှုတစ်ရပ်အနေနဲ့ ထည့်သွင်းခဲ့ကြတာဖြစ်ကြောင်း"လည်း ပြောကြားခဲ့သည်။ ထို့နောက် "လက်ရှိကြိုးပမ်းဆောင်ရွက်နေခြင်းများသည် အနာဂတ်မှာ ဖြစ်ပေါ်လာမယ့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးအတွက် အခြေခံအုတ်မြစ်တွေ စိုက်ထူနိုင်ဖို့ဖြစ်ကြောင်း၊ အုတ်မြစ်တောင့်တင်းမှသာ အပေါ်ထပ်အဆောက်အအုံတွေ ထပ်ဆင့်တည်ဆောက်တဲ့အခါ ရေရှည်တည်တံ့ခိုင်မြဲမှာဖြစ်ကြောင်း၊ ဒါကြောင့် သဘောတူညီချက်နည်းခြင်းများခြင်းထက် မိမိတို့အချင်းချင်းကြားမှာ ကျေလည်ခြင်း၊ ဘုံလက်ခံခြင်း၊ ရေရှည်အတွက် ခိုင်မာခြင်းများက ပိုအရေးကြီးကြောင်း" ပြောကြားခဲ့သည်။

ဤသည်တို့မှာ အာဇာနည်နေ့မတိုင်မီတွင် ရရှိခဲ့သော ပြည်ထောင်စုသဘောတူညီချက်များဖြစ်ပြီး အာဇာနည်ခေါင်းဆောင်ကြီးများ၏ မျှော်မှန်းချက်များကို အကောင်အထည်ဖော်သော လုပ်ရပ်ဟုလည်း ဆိုနိုင်ပါသည်။ ယခု ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံသည်လည်း ပြည်ထောင်စုအမှတ်လက္ခဏာနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များ၏ အမှတ်လက္ခဏာများ ဟန်ချက်ညီပေါင်းစပ်ထားသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို ပုံဖော်ဖန်တီးနေခြင်းသာဖြစ်ရာ ဗိုလ်ချုပ်၏ လမ်းစဉ်နှင့်ကိုက်ညီသလို ပင်လုံစာချုပ်ပါ အတွင်းသဘောမျိုးကို အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းလည်းဖြစ်သည်။ ယခုနှစ် အာဇာနည်နေ့ကို ဝမ်းနည်းကြေကွဲခြင်းများနှင့်အတူ အားသစ်အင်သစ်ဖြင့် အနာဂတ်တွင် ပေါ်ထွက်လာမည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို ကြိုဆိုကြရမည် ဖြစ်ပါသည်။ ထိုအရေးတော်ပုံအတွက် ပြည်ထောင်စုသားအားလုံး ကျရာနေရာမှ အုတ်တစ်ချပ် သဲတစ်ပွင့်ပင်ဖြစ်စေ ပါဝင်ထမ်းရွက်ကြဖို့ သန္နိဋ္ဌာန်ခိုင်ခိုင်ချမှတ်ရန် လိုအပ်နေကြောင်း တင်ပြရခြင်းဖြစ်ပါသည်။ ။

# ဗိုလ်ချုပ်အောင်ဆန်း၏ မွေးရပ်ဇာတိမြေမှ အာဇာနည်နေ့အခမ်းအနားနှင့်စပ်လျဉ်းသည့် စကားသံများ

နတ်မောက် ဇူလိုင် ၁၈

**ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ လုပ်ကြံခံရသည်မှာ (၇၁)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပြီး အာဇာနည်နေ့ အောက်မေ့ဖွယ်အခမ်းအနားကို မြန်မာနိုင်ငံတစ်ဝန်းရှိ ဒေသအသီးသီးတွင် ကျင်းပကြမည်ဖြစ်ရာ မြန်မာ့လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ဇာတိ မကွေးတိုင်းဒေသကြီး နတ်မောက်မြို့တွင်လည်း ခမ်းနားစွာ ကျင်းပမည်ဖြစ်သည်။ ဗိုလ်ချုပ်နေအိမ်ပြတိုက်သို့ အာဇာနည်နေ့မတိုင်မီကတည်းက အနယ်နယ်အရပ်ရပ်မှ လေ့လာသူများနှင့် အထူးစည်ကားနေပြီး (၇၁) နှစ်မြောက် အာဇာနည်နေ့အတွက် ပြင်ဆင်မှုများ ပြုလုပ်နေကြသည်ကို တွေ့မြင်ခဲ့ရသည်။ အာဇာနည်နေ့အတွက် ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်ပြင်ဆင်ထားရှိမှုများ၊ အစီအစဉ်များနှင့် လာရောက်လေ့လာသူများ၏ စကားသံများကို မေးမြန်းဖော်ပြလိုက်ပါသည် -**



ဦးဝင်းမော်



ဒုတိယရဲမှူးကျော်ကျော်စိုး



ဦးမျိုးခိုင်



မောင်ဇွဲမာန်ထူး

**ဦးဝင်းမော်**
**မြို့နယ်အုပ်ချုပ်ရေးမှူး၊ နတ်မောက်မြို့**

ဒီနှစ်မှာ အရင်နှစ်နဲ့ မတူအောင် ဆရာတော်ကြီးတွေ ပင့်ဖိတ်ပြီးတော့ ဆွမ်းဆက်ကပ်လှူဒါန်းပြီး ရေစက်ချအမျှအတန်း ပေးဝေဖို့ စီစဉ်ထားပါတယ်။ (၇၁) နှစ်မြောက် အာဇာနည်နေ့အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီတွေ၊ ဆပ်ကော်မတီတွေ ဖွဲ့စည်းပါတယ်။ တက်ရောက်လာတဲ့ ပြည်သူလူထုကိုလည်း လက်ဖက်ရည်နဲ့ ပဲနံပြားကို ဧည့်ခံပါမယ်။ အခမ်းအနားကို အရင်နှစ်တွေကတော့ နံနက် ၇ နာရီလောက်မှာ ကျင်းပပေမယ့် ဒီနှစ်မှာတော့ နံနက် ၆ နာရီကနေ စပြီးတော့ ကျင်းပပါမယ်။ နံနက် ၈ နာရီခွဲမှာ ကျဆုံးသွားတဲ့ အာဇာနည်ခေါင်းဆောင်ကြီးတွေကို လွမ်းသူ့ပန်းခွေနဲ့ ဂါရဝပြုပြီး နံနက် ၁၀ နာရီ ၃၇ မိနစ်မှာ ဝမ်းနည်းခြင်းအထိမ်းအမှတ် တစ်မိနစ် ငြိမ်သက်ပါမယ်။

အဓိကကတော့ ဗိုလ်ချုပ်နေအိမ်ပြတိုက်ကို လာတဲ့သူတွေကို အဆင်ပြေပြေနဲ့ ကြည့်ရှုနိုင်ဖို့ မနှစ်ကထက် ပိုပြီးကောင်းမွန်အောင် စီမံထားပါတယ်။ နိုင်ငံ့ခေါင်းဆောင် အာဇာနည်ခေါင်းဆောင်ကြီးတွေ ကျဆုံးခဲ့တဲ့ (၇၁)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားမှာ ပြည်သူလူထုနဲ့ ကျောင်းသားလူငယ်တွေရဲ့ ရင်ထဲမှာ မျိုးချစ်စိတ်တွေ ကိန်းအောင်းဖို့ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ဖို့အတွက် ရပ်ကွက်၊ ကျေးရွာကော်မတီတွေ ပေါင်းစပ်ပြီးတော့ ကြိုတင်နှိုးဆော် ဆောင်ရွက်ထားပါတယ်။

**ဒုတိယရဲမှူးကျော်ကျော်စိုး**
**မြို့မရဲစခန်း၊ နတ်မောက်မြို့**

အာဇာနည်နေ့အတွက် လုံခြုံရေးကတော့ ကျွန်တော်တို့ တိုင်းတပ်ဖွဲ့မှူးကနေ ဦးစီးပြီးတော့ ဆောင်ရွက်တာဖြစ်ပါတယ်။ ဇွန် ၂၀ ရက်ကတည်းကစပြီး ဆောင်ရွက်နေတာဖြစ်ပါတယ်။ အာဇာနည်နေ့မှာ ဒီထက်မက ပိုပြီးတော့ စနစ်တကျနဲ့ ဆောင်ရွက်သွားမှာပါ။ အာဇာနည်နေ့မှာ ဆောင်ရွက်ရမယ့်အပိုင်းကတော့ နှစ်ပိုင်းရှိပါတယ်။ လွတ်လပ်ရေးကျောက်တိုင်မှာ ဆောင်ရွက်ရမယ့်အပိုင်းနဲ့ ပြတိုက်မှာ ဆောင်ရွက်ရမယ့်အပိုင်း ဖြစ်ပါတယ်။ အာဇာနည်နေ့မှာ ပြတိုက်ကို နံနက် ၆ နာရီကနေစပြီးတော့ ဖွင့်ပါမယ်။ ပြတိုက်စစ်ဆေးရေးဂိတ်မှာ အမျိုးသားဝင်ပေါက်နဲ့ အမျိုးသမီးဝင်ပေါက် ခွဲထားပါတယ်။ အိမ်ရဲ့ခံနိုင်ရည်အားကြောင့် လူအယောက် ၅၀ တစ်ဖွဲ့စီ တင်ပေးပါမယ်။

တစ်ဖွဲ့ပြီးတစ်ဖွဲ့ ဆက်တိုက်တင်ပေးသွားနိုင်အောင် လုပ်ပါမယ်။ လွတ်လပ်ရေးပန်းခြံကတော့ မနက်ခင်းမှာ အာဇာနည်ခေါင်းဆောင်ကြီးတွေကို အလေးပြုပါမယ်။ အလေးပြုပြီး လွမ်းသူ့ပန်းခွေချပြီးတော့မှ တစ်နေ့လုံး လုံခြုံရေးပိုင်းကိုဆက်ပြီး ဆောင်ရွက်ပါမယ်။ ပြတိုက်ကို လာတဲ့အခါမှာလည်း လမ်းအခက်အခဲကြောင့် ယာဉ်တွေကို အပြင်ဘက်ဘေးနားမှာပဲရပ်ဖို့ စီစဉ်ပေးထားပါတယ်။ အထဲကိုတော့ လမ်းလျှောက်ဝင်လာပြီး ဒုတိယစိစစ်ရေးဂိတ်မှာ လူတွေကို ပြန်စိစစ်ပါမယ်။

**ဦးမျိုးခိုင် (ပြခန်းတာဝန်ခံ)**

ဒီပြခန်းမှာ တာဝန်ခံအနေနဲ့ ဆောင်ရွက်နေပါတယ်။ စိမ်းလန်းစိုပြည်ရေးအတွက်တော့ ဇူလိုင် ၇ ရက်ကစပြီး နတ်မောက်ကဘော်ဒါကျောင်းသားတွေ၊ ထွေ/အုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဘုန်းတော်ပြည့်ကျေးရွာကပရဟိတအဖွဲ့၊ နတ်မောက်ကွန်ရက်အဖွဲ့တွေ ပေါင်းပြီးတော့ ဗိုလ်ချုပ်အိမ်မှာ သန့်ရှင်းရေးလုပ်ပါတယ်။ နေရာချထားရေးအတွက် အဲဒီနေ့ကတည်းက တစ်ခါတည်း စပြီးလုပ်ခဲ့တာပါ။ ပြီးခဲ့တဲ့နှစ်ကဆို ကျွန်တော်တို့က ခြောက်ခန်းပဲ ပြနိုင်တယ်။ အခုနှစ်မှာတော့ ရှစ်ခန်း ပြသွားပါမယ်။ 3D ပုံစံလေးတွေ၊ နည်းနည်းလေးဆန်းသစ်တဲ့ ပုံစံလေးတွေကို ကျွန်တော်တို့ ကြိုးစားပြီး လုပ်ထားပါတယ်။

ဗိုလ်ချုပ်မွေးနေ့၊ အာဇာနည်နေ့ဆိုရင်တော့ လူက သောင်းချီပြီး လာပါတယ်။ အခုပြခန်းမှာဆိုရင် ကဗျာချစ်တဲ့ အဖွဲ့တွေပါတယ်၊ ကျောင်းသားလေးတွေပါတယ်၊ နတ်မောက်ကွန်ရက်လည်းပါပါတယ်၊ အားလုံးဝိုင်းပြီးကူကြပါတယ်။ အာဇာနည်နေ့မှာ ဗိုလ်ချုပ်မိန့်ခွန်းထဲက ကောက်နုတ်ချက်လေးတွေထုတ်ထားတာ ၁၆ ချက်ကို ပြထားတာလေး ဒီနှစ်အသစ်တိုးပါတယ်။ ကျောင်းသားလေးတွေကိုလည်း အာဇာနည်နေ့နဲ့ ပတ်သက်တဲ့ ကဗျာ၊ ဆောင်းပါးလေးတွေကိုလည်း ပြိုင်ခိုင်းထားပါတယ်။ အဲဒီကနေ ရွေးချယ်ထားတဲ့ ပထမ၊ ဒုတိယ၊ တတိယဆုတွေကိုလည်း ကလေးတွေရဲ့ လက်ရေးမူအတိုင်းပဲ ဗီနိုင်းထုတ်ပြီး ပြသသွားဖို့ စီစဉ်ထားပါတယ်။

**မောင်ဇွဲမာန်ထူး(စတုတ္ထနှစ်၊ သမိုင်းအထူးပြု၊ မိတ္ထီလာတက္ကသိုလ်)**

ကျွန်တော်တို့ အခု ဗိုလ်ချုပ်နေအိမ်ပြတိုက်ကို လေ့လာရေးလာတာပါ။ ကျွန်တော်တို့အဖွဲ့က လူနှစ်ရာကျော်လောက် ပါပါတယ်။ ဗိုလ်ချုပ်နေအိမ်ကို ငယ်ငယ်ကတည်းက ရောက်ဖူးချင်ပေမယ့် အကြောင်းကြောင်းကြောင့် တစ်ခေါက်မှ မရောက်ဖြစ်ခဲ့ပါဘူး။ အခုလို ဗိုလ်ချုပ်နေအိမ်ကို သွားရောက်လေ့လာရမယ်ကြားတော့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ကျွန်တော်တို့အဖွဲ့တွေ ဗိုလ်ချုပ်နေအိမ်ပေါ်ကိုတက်တော့ လေးဖွဲ့ခွဲတက်ရပါတယ်။ လူ ၅၀ တက်ခွင့်ပြုပါတယ်။ အိမ်ရဲ့ခံနိုင်ရည်အားကြောင့်လို့ ပြောပါတယ်။ ဗိုလ်ချုပ်ရဲ့မိန့်ခွန်းတွေနဲ့ ဓာတ်ပုံတွေ တွဲပြီး ပြသထားတာကိုလည်း တွေ့ရပါတယ်။ ဗိုလ်ချုပ်ရဲ့ မိန့်ခွန်းတွေဖတ်ရင်း၊ ဓာတ်ပုံတွေကြည့်ရင်းနဲ့ ဗိုလ်ချုပ်ကို လေးစားတဲ့စိတ်၊ ဗိုလ်ချုပ်လိုပုဂ္ဂိုလ်မျိုးကို ဆုံးရှုံးသွားရလို့ နှမြောတဲ့စိတ်၊ ယူကျုံးမရတဲ့စိတ်တွေလည်း ခံစားရတယ်။

နေအိမ်ရဲ့တောင်ဘက် ပန်းခြံထဲမှာလည်း ကဗျာလေးတွေကပ်ထားတဲ့အတွက် ကဗျာချစ်တဲ့ ကျွန်တော်တို့လိုသူတွေအတွက် အဆင်ပြေပါတယ်။ ဗိုလ်ချုပ်နေခဲ့တဲ့ နေရာကို လေ့လာခွင့်ရလို့လည်း ဝမ်းသာမိပါတယ်။ သေသေချာချာလည်း လေ့လာမှတ်သားခဲ့ပါတယ်။ ကျွန်တော်တို့ရဲ့ လွတ်လပ်ရေးဖခင်ကြီးရဲ့ အိမ်ကိုတော့ မြန်မာနိုင်ငံသားတိုင်း ရောက်ဖူးထားသင့်တယ်လို့ ထင်ပါတယ်။ ဒါမှ ဗိုလ်ချုပ်ရဲ့စိတ်ဓာတ်တွေ၊ ခံယူချက်တွေ၊ မိန့်ခွန်းတွေကိုတွေ့ရတော့ ဗိုလ်ချုပ်ရဲ့ အငွေ့အသက်တွေကို ခံစားမိပြီး မျိုးချစ်စိတ်ဓာတ်တွေ ပိုပြီးတိုးပွားလာမယ်လို့ ထင်ပါတယ်။ မရောက်ဖူးသေးတဲ့သူတွေလည်း လာရောက်ဖို့ ပြောချင်ပါတယ်။ အထူးသဖြင့် ကျောင်းသားလူငယ်တွေ အထူးလေ့လာသင့်တဲ့နေရာဖြစ်လို့ လေ့လာဖို့ တိုက်တွန်းလိုပါတယ်။

**သတင်းနှင့်ဓာတ်ပုံ-နိုင်လင်းကြည်၊ ကြည်လင်း**

## ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများ ခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ၁၂-၇-၂၀၁၈ ရက်နေ့က ပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးတွင် ၂၈-၅-၂၀၁၈ ရက်နေ့မှ ၂၂-၆-၂၀၁၈ ရက်နေ့ထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ နှစ်ဦးကိုလည်းကောင်း၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ်သုံးဦး၊ မဂ္ဂဇင်းနှစ်ဦး၊ အထွေထွေ ၁၈ ဦး၊ ပေါင်း ၂၃ ဦးကိုလည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်းလျှောက်ထားသူ သုံးဦးကိုလည်းကောင်း ယခင်အစည်းအဝေးမှ စိစစ်ဆဲ မဂ္ဂဇင်းအသစ်လျှောက်ထားသူတစ်ဦးကိုလည်းကောင်း စုစုပေါင်း ၂၉ ဦးအတွက် အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့သည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများ ပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၅၁၆ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၂၄၀၄ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၁၀၇ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၄၀၂၇ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်သည်။

**ပြန်ကြားရေးဝန်ကြီးဌာန**




## ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေရှင်းလင်းပွဲ လှည်းကူးမြို့၌ ကျင်းပ

**လှည်းကူး ဇူလိုင် ၁၈**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်တွင် ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အခွန်ဆိုင်ရာသိကောင်းစရာများ ရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားကို ဇူလိုင် ၁၇ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးစိုးလွင်က အဖွင့်အမှာစကား ပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဆန်းမြင့်ဦးက ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ၊ အခွန်အကောက်ဆိုင်ရာဥပဒေများ ပြုပြင်ပြောင်းလဲမှုနှင့် စားသောက်ဆိုင်၊ ကုန်စုံဆိုင်၊ ရွှေဆိုင်၊ မိုတယ်၊ ဟိုတယ်နှင့် တည်းခိုခန်းများကို ပြေစာရွက်ပေါ်တွင် အခွန်တံဆိပ်နှိပ်ဆောင်ရွက်ရေးနှင့် စက်သုံးဆီဆိုင်များကို ကသခ ပုံစံစသည်ဖြင့် ဥပဒေကိစ္စရပ်များကို သက်ဆိုင်ရာကဏ္ဍအလိုက် အကျယ်တဝင့် ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် တက်ရောက်လာကြသည့် အခွန်ထမ်းပြည်သူများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားခဲ့ကြောင်း သိရသည်။

**နိုင်လင်း(ပြန်/ဆက်)**

■

# တူရကီ၌ အရေးပေါ်အခြေအနေ ထုတ်ပြန်ခဲ့မှု ပြန်လည်ရုပ်သိမ်း



**အစ္စတန်ဘူလ် ဇူလိုင် ၁၈**

တူရကီနိုင်ငံ၌ ၂၀၁၆ ခုနှစ်က မအောင်မြင်သော အာဏာသိမ်းပွဲအပြီးကာလမှ အစပြု၍ ထုတ်ပြန်ခဲ့သော အရေးပေါ်အခြေအနေကို ဇူလိုင် ၁၈ ရက်တွင် ပြန်လည်ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း၊ သို့ရာတွင် ဥပဒေပြုလွှတ်တော်၏ အစီအမံများအရ ပြည်သူများအား ထိန်းချုပ်ကန့်သတ်မည့် ဥပဒေစည်းမျဉ်းသစ်များ ပေါ်ထွက်လာမည်ကိုအတိုက်အခံများက စိုးရိမ်ပူပန်လျက်ရှိကြကြောင်း အေအက်ဖ်ပီ သတင်းဌာနက သတင်းထုတ်ပြန်သည်။

### အရေးပေါ်အခြေအနေထုတ်ပြန်ခဲ့ရ

သမ္မတ ရီစစ်တေယစ်အာဒိုဂန်သည် ၂၀၁၆ ခုနှစ် ဇူလိုင် ၂၀ ရက်တွင် အရေးပေါ်အခြေအနေထုတ်ပြန်ကြေညာခဲ့သည်။ လူပေါင်း ၂၄၉ ဦးသေဆုံးမှုကို ဖြစ်ပေါ်စေခဲ့သည့် မအောင်မြင်သော အာဏာသိမ်းပွဲအပြီးတွင် အရေးပေါ်အခြေအနေကို ထုတ်ပြန်ခဲ့ရသည်ဆို၏။

အစ္စတန်ဘူလ်မြို့၌ သွေးထွက်သံယိုမှုများပြားသော အဓိကရုဏ်းမှုများ ဖြစ်ပွားခဲ့သည်။ အန်ကာရာမြို့ကို စစ်လေယာဉ်များက လေကြောင်းမှ တိုက်ခိုက်ခဲ့ရပြီး ငါးရက်အကြာတွင် အရေးပေါ်အခြေအနေကို ကြေညာခဲ့သည်။

### အရေးယူအပြစ်ပေး

အာဏာသိမ်းပွဲကို စီစဉ်ညွှန်ကြားခဲ့သူအဖြစ် အမေရိကန်အခြေစိုက်တရားဟောဆရာ ဖေသူလာဂူလမ်အား ထောက်ခံသူများကိုသာမက ကာ့ဒ်အရေး လှုပ်ရှားတက်ကြွသူများနှင့် ပြည်သူ့ဝန်ထမ်းအဖွဲ့အစည်းများမှ တာဝန်ရှိသူများကိုလည်း အစိုးရအဖွဲ့က အရေးယူအပြစ်ပေးခဲ့သည်။

**အေအက်ဖ်ပီ**

# အစိုးရဆန့်ကျင်ရေးဆန္ဒပြပွဲများ၏ အမာခံနယ်မြေကို နီကာရာဂွါအစိုးရတပ်ဖွဲ့များ ထိန်းချုပ်



**မာဆာယာ(နီကာရာဂွါ) ဇူလိုင် ၁၈**

နီကာရာဂွါအစိုးရအား ဆန့်ကျင်လှုပ်ရှားသူများ၏အမာခံနယ်မြေဖြစ်သည့် မာဆာယာမြို့ကို သမ္မတအော်တေဂါကို သစ္စာခံသည့် လုံခြုံရေးတပ်ဖွဲ့များက ထိန်းချုပ်လိုက်ကြောင်း တာဝန်ရှိသူများက ဇူလိုင် ၁၈ ရက်တွင် ပြောကြားကြသည်။

မာဆာယာမြို့ရှိ မိုနင်ဘိုအရပ်တွင် လူ့အခွင့်အရေးလှုပ်ရှားသူများနှင့် နီကာရာဂွါအစိုးရတပ်ဖွဲ့များအကြား အဓိကရုဏ်းများဖြစ်ပွားခဲ့ပြီး အခြေအနေမှာ ပေါက်ကွဲလုနီးပါးရှိကာ လူနှစ်ဦးသေဆုံးကြောင်း လူ့အခွင့်အရေးအုပ်စုက ပြောကြားသည်။

နီကာရာဂွါအစိုးရနှင့် လူ့အခွင့်အရေးလှုပ်ရှားသူများအကြား လအတန်ကြာမျှ တင်းမာမှုဖြစ်ပေါ်နေပြီး လူအသေအပျောက်ရှိသည့် အဓိကရုဏ်းများ အဆုံးသတ်ရေးအတွက် နိုင်ငံတကာမှတောင်းဆိုမှုများမြင့်တက်နေစဉ် ရဲတပ်ဖွဲ့ဝင်များနှင့် အစိုးရကျောထောက်နောက်ခံပြုပြည်သူ့စစ်တပ်ဖွဲ့ဝင်များက မာဆာယာမြို့ကိုထိန်းချုပ်ခဲ့ကြသည်။

မာဆာယာမြို့ကို ပြန်လည်ထိန်းချုပ်နိုင်ပြီဖြစ်ရာ ပြည်သူများ လွတ်လပ်စွာ လှုပ်ရှားသွားလာနိုင်ပြီဖြစ်ကြောင်း နီကာရာဂွါအစိုးရက အင်တာနက်ဝက်ဘ်ဆိုက်၌ ရေးသားဖော်ပြသည်။

သမ္မတအော်တေဂါကိုသစ္စာခံသည့် လုံခြုံရေးတပ်ဖွဲ့များက အင်အားအလွန်အကျွံသုံးစွဲ၍ နာရီအတန်ကြာမျှ စီးနင်းရှာဖွေမှုများ ပြုလုပ်ကာ မာဆာယာမြို့ကို ထိန်းချုပ်ခဲ့ကြောင်း နီကာရာဂွါလူ့အခွင့်အရေးအစည်းအရုံး အတွင်းရေးမှူး အယ်လ်ဗာရို လိုင်ဗာက အေအက်ဖ်ပီ သတင်းဌာနသို့ ပြောကြားသည်။

အဓိကရုဏ်းမှုများကြောင့် အမျိုးသမီးကြီးတစ်ဦးနှင့် ရဲအရာရှိတစ်ဦးတို့ သေဆုံးခဲ့ရကြောင်း နီကာရာဂွါလူ့အခွင့်အရေးကော်မရှင် အကြီးအကဲ ဗီလ်မာနျူအက်က ပြောကြားသည်။

လွန်ခဲ့သည့်ရက်သတ္တပတ်အကုန်ပိုင်းက နီကာရာဂွါမြို့တော် မနာဂွါ၌ ဆန္ဒပြကျောင်းသားများ သိမ်းယူထားသည့် ဘုရားရှိခိုးကျောင်းကို လုံခြုံရေးတပ်ဖွဲ့ဝင်များက အင်အားသုံးရှင်းလင်းခဲ့ပြီးနောက် မာဆာယာမြို့ကို အစိုးရလုံခြုံရေးတပ်ဖွဲ့ဝင်များက ထိန်းချုပ်နိုင်ရန် ကြိုးပမ်းခဲ့သည်။

**အေအက်ဖ်ပီ**

## စိုက်ပျိုးမွေးမြူရေးသမား နည်းပါးလာမှု အဆုံးသတ်ရန် အစ္စရေးအစိုးရငွေကြေးထောက်ပံ့မည်

**ဂျေရုဆလင် ဇူလိုင် ၁၈**

အစ္စရေးနိုင်ငံ၌ စိုက်ပျိုးမွေးမြူရေးသမားဦးရေ သိသိသာသာလျော့နည်းကျဆင်းလာနေမှုကို ရပ်တန့်နိုင်ရေးအတွက် အစိုးရအဖွဲ့က ငွေကြေးထောက်ပံ့ပေးရေး အစီအစဉ်တစ်ရပ်ကို ချမှတ်ဆောင်ရွက်မည်ဟု ထုတ်ပြန်ကြေညာလိုက်ကြောင်း ဟီဘရူးဘာသာဖြင့် ထုတ်ဝေသော ယေဒိုအာရိုနို့အမည်ရှိ သတင်းစာက ဇူလိုင် ၁၈ ရက်တွင် ရေးသားဖော်ပြသည်။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် အလုပ်လုပ်ကိုင်ရန် သဘောတူညီသော လူငယ်များနှင့် ယင်းလုပ်ငန်းများ၏လုပ်ငန်းခွင်သို့ ပြန်သွားရန် ကတိပြုသော တောင်သူလယ်သမားဟောင်းများနှင့် မွေးမြူရေးသမားဟောင်းများကို ငွေကြေးထောက်ပံ့ပေးနိုင်ရန် ရှက်ကယ် ၄၅ သန်း (အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၄ သန်းခန့်)ရှိ ရန်ပုံငွေတစ်ရပ်ကို အစိုးရအဖွဲ့က ထူထောင်ပေးမည်ဖြစ်ကြောင်း သတင်းစာတွင် ရေးသားဖော်ပြသည်။

နိုင်ငံတော်အစိုးရက ထောက်ခံအားပေးမှုလျော့နည်းခဲ့ခြင်း၊ လုပ်ငန်းအကျိုးအမြတ်ရရှိနိုင်မှု နည်းပါးခြင်းနှင့် ကာယအားအထူးအသုံးပြုရခြင်းကြောင့် ဆင်းရဲပင်ပန်းခြင်းအကြောင်းတရားများ အစ္စရေးနိုင်ငံ၌ လယ်သမားလုပ်ကိုင်လိုသူဦးရေ တစ်စစကျဆင်းလာခဲ့ရသည်။

အစ္စရေးစိုက်ပျိုးမွေးမြူရေးသမားများ၏ ပျမ်းမျှအသက်မှာ အနှစ် ၆၀ ကျော်ဖြစ်ပြီး လုပ်သားအင်အားစုလျော့နည်းလာခြင်းဖြင့် ကောက်ပဲသီးနှံထုတ်လုပ်မှုကျဆင်းလာမည်ဖြစ်သည်။

အစ္စရေးနိုင်ငံ၏စိုက်ပျိုးမွေးမြူရေးသမားဦးရေမှာ ၁၉၇၀ ပြည့်လွန်နှစ်များက တောင်သူ လယ်သမားဦးရေ ၆၅၀၀၀ ရှိခဲ့ခြင်းနှင့် နှိုင်းယှဉ်ပါက ယခုအခါ ၁၅၀၀၀ အောက်သို့ ရောက်ရှိသွားပြီဖြစ်သည်။

**ဆင်ဟွာ**

# အိန္ဒိယ၌ ခြောက်ထပ်အဆောက်အအုံတစ်လုံးပြိုကျ အနည်းဆုံး သုံးဦးသေဆုံး၊ လူအချို့အပျက်အစီးအောက်၌ ပိတ်မိနေ

**နယူးဒေလီ ဇူလိုင် ၁၈**

အိန္ဒိယနိုင်ငံ မြို့တော်နယူးဒေလီအနီးရှိစီရင်စုတစ်ခုတွင် ခြောက်ထပ်အမြင့်ရှိ ဆောက်လုပ်ဆဲအဆောက်အအုံတစ်ခု ပြိုကျမှုတစ်ခုဖြစ်ပွားခဲ့ရာ အနည်းဆုံး လူသုံးဦးသေဆုံးခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ဇူလိုင် ၁၈ ရက်တွင် နယူးဒေလီမြို့တော်အနီးရှိ စီရင်စုတစ်ခုတွင် အဆိုပါ အဆောက်အအုံပြိုကျခဲ့ရာ ဘေးချင်းကပ်လျက်ရှိသော လေးထပ်တိုက်တစ်လုံးပေါ်သို့ ပိမိခဲ့သဖြင့် အပျက်အစီးများအောက်တွင် လူအများအပြား ပိတ်မိလျက်ရှိသည်ဟု ထင်မြင်ယူဆရသည်။

ရဲအရာရှိများနှင့် ကယ်ဆယ်ရေးလုပ်သားများက အပျက်အစီးများအောက်တွင် ပိမိလျက်ရှိသည်ဟု ယူဆရသော လူ ၂၀ နီးပါးကို ကယ်ဆယ်နိုင်ရေးအတွက် အစွမ်းကုန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

အဆောက်အအုံ တည်ဆောက်ရေးစည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်ခြင်းကြောင့် အဆောက်အအုံ ပြိုကျခဲ့သည်ဟု သံသယရှိသည့်အတွက် ရဲအရာရှိများက လူသုံးဦးကို စစ်ဆေးမေးမြန်းလျက်ရှိသည်။

လွန်ခဲ့သော ဆယ်စုနှစ်အတွင်းက မြို့နှင့်အလှမ်းဝေးသော စီရင်စုတစ်ခုအတွင်း၌ ပြည်သူများနေရေးထိုင်ရေး အဆင်ပြေစေရန် တည်ဆောက်ပေးခဲ့သည့် အဆိုပါ အဆောက်အအုံ ပြိုကျမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အဆိုပါ စီရင်စုအတွင်း၌ အထပ်မြင့်အဆောက်အအုံ အများအပြားနှင့် နိုင်ငံခြား စီးပွားရေးလုပ်ငန်းများ ရှိကြောင်း သိရသည်။




လွန်ခဲ့သောနှစ် ဇူလိုင်လအတွင်းက မွမ်ဘိုင်းမြို့ အနောက်ဘက်တွင် တည်ဆောက်ရေး ဥပဒေစည်းမျဉ်း၊ စည်းကမ်းများနှင့် ညီညွတ်မှုမရှိသည့် လေးထပ်တိုက်အဆောက်အအုံတစ်ခု ပြိုကျခဲ့ရာ လူ ၁၇ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့ ရွှေခါးပတ်ချန်ပီယံလုပွဲ ကျင်းပမည်

**ရန်ကုန် ဇူလိုင် ၁၈**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး H & S Group နှင့် KEE MAR TIN WIN တို့ ပူးပေါင်းစီစဉ်သော ရွှေခါးပတ်ချန်ပီယံဗိုလ်လုပွဲ(၂၀၁၈) GOLDEN BELT CHAMPIONSHIP 2018 ကို ရန်ကုန်မြို့ရှိ သိမ်ဖြူလက်ဝှေ့အားကစားရုံ၌ ဇူလိုင် ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် ကွာတားဖိုင်နယ်ပွဲစဉ်နှင့် ဇူလိုင် ၂၉ ရက်တွင် ဆီမီးဖိုင်နယ်ပွဲစဉ်ကို ကျင်းပသွားမည်ဖြစ်ပြီး ဩဂုတ် ၁၀ ရက် ချန်ပီယံဗိုလ်လုပွဲကို မန္တလေးမြို့ရှိ ဒိုင်းမွန်းပလာဇာ၌ ကျင်းပသွားမည်ဖြစ်ရာ အဆိုပါပွဲနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို ယနေ့ညနေ ၆ နာရီက ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်းရှိ New Ayeyar ဟိုတယ်၌ ကျင်းပသည်။



အဆိုပါပွဲတွင် အထူးစိန်ခေါ်ပွဲစဉ်အဖြစ် မြန်မာနိုင်ငံမှ ရွှေခါးပတ်ချန်ပီယံ ထွန်းထွန်းမင်းနှင့် ထိုင်းနိုင်ငံမှ ထိုင်းဖိုက်ဆိုင်းယော့တို့ ဇူလိုင် ၂၂ ရက်တွင် ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ပြီး ယင်းပွဲနှင့်ပတ်သက်၍ ထွန်းထွန်းမင်းက "တစ်လခွဲလောက် ကြိုတင်ပြင်ဆင်ခဲ့တယ်။ အခုချိန်မှာ ပြိုင်ပွဲအတွက် အဆင်သင့်ဖြစ်နေပါပြီ။ ကျွန်တော့်ခြေထောက်လည်း အရင်လိုပြန်ကောင်းနေပါပြီ။ အကောင်းဆုံး ပြင်ဆင်ထားပါတယ်။ ဆိုင်းယော့ရဲ့ ပွဲတွေကို လွန်ခဲ့တဲ့ ခုနစ်နှစ်၊ ရှစ်နှစ်လောက်ကတည်းက ကြည့်ဖူးတယ်။ သူ့ရဲ့ဟာကွက်၊ တိုက်ကွက်တွေကို အမြဲတမ်းကြည့်ဖြစ်တယ်။ သူ့ရဲ့အားသာချက်က တံတောင်ရိုက်ချက်နဲ့ ဘယ်ခြေထောက်ကန်တာပါ။ အားနည်းချက်က မြန်မာ့လက်ဝှေ့မထိုးဖူးဘူး။ ဒီပွဲအတွက် အကောင်းဆုံး ယုံကြည်မှုရှိတယ်။ ပရိသတ်တွေကိုလည်း လာရောက်အားပေးစေချင်တယ်။ အကောင်းဆုံးထိုးသတ်သွားမှာပါ" ဟု ပြောသည်။

ရွှေခါးပတ်ချန်ပီယံလုပွဲသည် မြန်မာနိုင်ငံတစ်ဝန်းရှိ ရိုးရာလက်ဝှေ့ကလပ်အသင်းပေါင်းစုံမှ အကောင်းဆုံးလက်ဝှေ့သမားများကို ဖိတ်ခေါ်ပြီး ကိုယ်အလေးချိန်ဝိတ်တန်းအလိုက် အတန်းခုနစ်တန်းတွင် တစ်တန်းလျှင် ရှစ်ဦးရွေးချယ်ကာ ကွာတားဖိုင်နယ်၊ ဆီမီးဖိုင်နယ်၊ ဗိုလ်လုပွဲအဆင့်ဆင့်ယှဉ်ပြိုင်ပြီး ဝိတ်တန်းအလိုက် ရွှေခါးပတ်ချန်ပီယံခုနစ်ဦး ပေါ်ထွန်းလာမည်ဖြစ်သည်။ ထို့ပြင် အဆိုပါပွဲ၌ အမျိုးသမီးဝိတ်တန်း တစ်တန်းပါဝင်မည်ဖြစ်ပြီး ရွှေခါးပတ်ချန်ပီယံတစ်ဦး ပေါ်ထွန်းလာမည်ဖြစ်သည်။

ယင်းပြိုင်ပွဲ ကျင်းပရသည့် ရည်ရွယ်ချက်မှာ ထူးချွန်ထက်မြက်သည့် ရိုးရာလက်ဝှေ့သမားများ ပေါ်ထွန်းလာစေရေး၊ မိုးရာသီကာလတွင် လက်ဝှေ့ပွဲများရှားပါးသဖြင့် လက်ဝှေ့ကလပ်အသင်းများ စုစည်းမှုပြိုကွဲပြီး လက်ဝှေ့သမားများ အခြားလုပ်ငန်းများသို့ ပြောင်းရွှေ့သွားခြင်းများ ရှိနေရာ ယခုကဲ့သို့ ကလပ်အသင်း ၂၂ သင်းက ရိုးရာလက်ဝှေ့သမား ၆၀ ပါဝင်နိုင်သော ပြိုင်ပွဲကြီးကျင်းပပေးခြင်းဖြင့် လက်ဝှေ့သမားများ လေ့ကျင့်မှု၊ စုစည်းမှု မပျက်ဘဲ အရှိန်မပျက်ကြိုးစားလေ့ကျင့်နိုင်ရန် ဒီပွဲအတွက် ဆုကြေးငွေကျပ်သိန်း ၃၀၀ ခန့်ကိုလည်း ကလပ်အသင်း ၂၂ သင်းမှ မျှဝေရရှိကြပြီး လက်ဝှေ့သမားများ၊ နည်းပြများအတွက် အထောက်အကူဖြစ်စေရန်နှင့် လက်ဝှေ့သမားများအတွက် အခွင့်အလမ်းကောင်းတစ်ခုအဖြစ် ကျင်းပပေးသော ပြိုင်ပွဲကြီးဖြစ်ကြောင်း သိရသည်။

**သတင်း-အေးမင်းသူ**
**ဓာတ်ပုံ-ဟိန်းထက်လင်း(ကြေးမုံ)**

# တနင်္သာရီမြစ်ရေ ဆက်လက်မြင့်တက်နေ တနင်္သာရီမြို့နယ်အတွင်းရှိ ကျောင်းအားလုံး ပိတ်ထားရ

**တနင်္သာရီ ဇူလိုင် ၁၈**

မြိတ်ခရိုင် တနင်္သာရီမြို့နယ်အတွင်း မိုးအဆက်မပြတ် ရွာသွန်းပြီး ရေကြီးမှုများ ဖြစ်ပေါ်နေသောကြောင့် မြို့တွင်းနှင့် နီးစပ်ရာရွာများမှ အခြေခံပညာစာသင်ကျောင်းအားလုံးပိတ်ထားရကြောင်း တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးရဲမြင့်ဆွေက ပြောသည်။



"မနေ့ကတော့ ၁၂ ကျောင်းပိတ်ထားတယ်။ ၁၇ ရက် ညနေနဲ့ ညဘက်မှာ ရေထပ်တိုးတော့ အထက်တန်းကျောင်းပါ ထပ်ပိတ်လိုက်တယ်။ အခု ၁၅ ကျောင်းဖြစ်သွားပြီ" ဟု ၎င်းက ဆက်လက်ပြောသည်။

အဆိုပါ ကျောင်းအားလုံးကို လာမည့် ဇူလိုင် ၂၁ ရက် နောက်ပိုင်းတွင် ပြန်ဖွင့်မည်ဟု အခြေခံပညာဦးစီးဌာနမှ ကြေညာထားသော်လည်း လတ်တလော အခြေအနေအရ ပြန်ဖွင့်ရန် မဖြစ်နိုင်သေးကြောင်း တနင်္သာရီမြို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးရဲမြင့်ဆွေက ပြောသည်။

ယာယီပိတ်ထားရသော အခြေခံပညာကျောင်းများမှာ တမုတ်ချိုးကျေးရွာအုပ်စု ဘန်းသဲရွာ မူလွန်ကျောင်း၊ ကျောက်မီးကျောင်းရွာ အမကကျောင်း၊ မြန်မာအင်းတော်ရွာ အမကကျောင်း၊ သိန္ဓောကျေးရွာအုပ်စု သူဌေးအရှေ့ရွာ အမကကျောင်း၊ မော်တုန်းအနောက်ကမ်းရွာ အလက(ခွဲ) ကျောင်း၊ ကျောက်တလုံးကျေးရွာအုပ်စု မြေမအုံရွာ အမကကျောင်း၊ ပဝကျေးရွာအုပ်စု သက္ကယ်ကျော်ရွာ အမကကျောင်း၊ ပဝကျွန်းရှည်ရွာ အမကကျောင်း၊ ပဝထိန်ရွာ အမကကျောင်း၊ ပဝဝါသရွာ အမကကျောင်း၊ ပဝပိန်းတောရွာ အမကကျောင်း၊ ချောင်းငယ်ရပ်ကွက် တပ်ဦးအမကကျောင်း စသည့်ကျောင်းများနှင့် ချောင်းကြီးရပ်ကွက် အထကကျောင်း၌ KG တန်းမှ ဆဋ္ဌမတန်းအထိ ယာယီပိတ်ထားကြောင်း သိရသည်။

ထို့ပြင် တနင်္သာရီမြို့နှင့် အနီးဝန်းကျင်ရှိကျေးရွာများမှ မြေနိမ့်ပိုင်းအိမ်များမှာ ရေမြုပ်နေပြီး အနည်းဆုံး ကျေးရွာ ငါးရွာမှ လူဦးရေ ၂၀၀ ခန့်ကို အရေးပေါ်ပြောင်းရွှေ့ပေးထားရကြောင်းလည်း သိရသည်။

ထားဝယ်ဘက်မှ စီးသည့်မြစ်နှင့် ငဝန်ချောင်းဘက်မှ စီးသည့်မြစ်နှစ်ခုဆုံရာ ဖြစ်သည့်အတွက် တနင်္သာရီမြို့တွင် ရေကြီးမှုများ ဖြစ်ပွားလေ့ရှိသည်ဟုလည်း ဦးရဲမြင့်ဆွေက ပြောသည်။

"ဖြစ်ရိုးဖြစ်စဉ်ပါ။ ဒါပေမယ့် ပြီးခဲ့တဲ့ လေးနှစ်မှာတော့ မဖြစ်ခဲ့ဘူး။ ခုမှဖြစ်တာပါ။ ပွင့်ပွင့်လင်းလင်း ပြောရရင် ၂၇ ပေမှ တစ်မြို့လုံးမြုပ်တဲ့အနေအထားပါ။ အခု အနေအထားက အတော်ကြီးစိုးရိမ်ရတဲ့ အနေအထားမှာ မပါသေးပါဘူး" ဟု ၎င်းက ပြောသည်။

တနင်္သာရီမြို့တွင် လေးနှစ်အတွင်း အဆိုးရွားဆုံး ရေကြီးနစ်မြုပ်မှုကို ယခုနှစ်တွင် ပြန်လည်ဖြစ်ပွားခြင်းဖြစ်ပြီး ဇူလိုင် ၁၆ ရက်မှ စတင်ကာ စိုးရိမ်ရေမှတ် ၁၇ ပေမှ ကျော်လွန်ပြီး မြင့်တက်လျက်ရှိသည့် မြစ်ရေသည် လက်ရှိ ၁၈ ရက်တွင် ၂၂ ပေ အထိ ဆက်လက် မြင့်တက်နေသောကြောင့် တနင်္သာရီမြို့နယ်အတွင်း နေအိမ်များ ရာနှင့်ချီ နစ်မြုပ်မှုဖြစ်ပေါ်လျက်ရှိသည်။ မြစ်ရေကြီးမှုကြောင့် နေအိမ်များ ပြောင်းရွှေ့ခြင်းကို သက်ဆိုင်ရာအုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ယာယီကူညီကယ်ဆယ်ရေး စခန်းများဖွင့်လှစ်ကာ ရေဘေးသင့် အိမ်ထောင်စုများအား အစားအသောက်နှင့် ကျန်းမာရေးကူညီစောင့်ရှောက်ပေးလျက်ရှိကြောင်း သိရသည်။

**စန်းထူး(မြိတ်ကိုယ်ပွား)**

# ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များ ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၈**

ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ယနေ့နံနက်ပိုင်းက ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ပညာရေးဝန်ကြီးဌာနအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ ညနေပိုင်းတွင် ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကြရာ မိနစ် ၉၀ အတွင်း ဂိုးမရှိသရေကျခဲ့ပြီး အချိန်ပိုဆက်ကစားရာတွင်လည်း ဂိုးမရှိသရေကျနေသောကြောင့် ပင်နယ်တီအဆုံးအဖြတ်ဖြင့် ကစားခဲ့ရာ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဗိုလ်လုပွဲနှင့် တတိယလုပွဲကို ဇူလိုင် ၂၀ ရက်တွင် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၌ ကျင်းပသွားမည်ဖြစ်သည်။ တတိယလုပွဲအဖြစ် နံနက်ပိုင်းတွင် ပညာရေးဝန်ကြီးဌာနအသင်းနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအသင်း၊ ဗိုလ်လုပွဲအဖြစ် ညနေပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ပြိုင်ပွဲများအပြီးတွင် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ကျော်သူရ(ကြေးမုံ)**

**○ မကွေးအသင်းမှ**

ယခုပွဲအနိုင်ရသောကြောင့် ထိပ်ဆုံးသုံးသင်း စာရင်းဝင်ရန် မျှော်လင့်ချက်ရှိလာခဲ့သည်။

မကွေးအသင်းသည် နိုင်ပွဲပြန်ရရေး အမာခံကစားသမား အစုံအလင် အသုံးပြုခဲ့သလို မြဝတီအသင်းမှာလည်း သိက္ခာဆယ်နိုင်ပွဲရရေး အမာခံကစားသမား အစုံအလင် အသုံးပြုခဲ့သည်။ မကွေးအသင်းသည် ပွဲစကတည်းက ဖိကစားနိုင်သော်လည်း ထိရောက်သည့် တိုက်စစ်ဆင်မှု ပြုလုပ်နိုင်ခြင်းမရှိသလို မြဝတီအသင်းကလည်း တန်ပြန်တိုက်စစ်ဖြင့်ကစားရမည့်အစားကြံ့သလိုဖျက်ထုတ်နေ၍ ပွဲအေးတစ်ပွဲဖြစ်ခဲ့သည်။ မကွေးအသင်းသည် ဖိကစားနိုင်သော်လည်း ထိရောက်သည့် ဂိုးသွင်းခွင့် အနည်းငယ်သာဖန်တီးနိုင်ခဲ့သည်။ မကွေးအတွက် ဂိုးများကို ၂၃ မိနစ်တွင် နန္ဒကျော်နှင့် ၄၄ မိနစ်တွင် အောင်မြင့်ထွန်းတို့က သွင်းယူခဲ့သည်။ မိနစ် ၅၀ တွင် အသင်းခေါင်းဆောင် ရဲဝေယံစိုးက ပြစ်ဒဏ်ဘောကို တိုက်ရိုက်ကန်သွင်းကာ မြဝတီအတွက် ချေပဂိုးတစ်ဂိုးပြန်သွင်းခဲ့သော်လည်း ငါးမိနစ်အကြာတွင် ဂိုးထပ်ပေးလိုက်ရ၍ သရေမျှော်လင့်ခွင့် ဆုံးရှုံးခဲ့ရသည်။ မကွေးအသင်းအတွက် တတိယဂိုးကို ၅၅ မိနစ်တွင် နောက်ခံလူ ကျော်ဇင်လွင်က သွင်းယူခဲ့သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-ဖိုးသော်ဇင်**

**❖ KBZ မှ**

YREO အသင်းသည် တက္ကသိုလ်အသင်းနှင့် ယှဉ်ပြိုင်ခဲ့ပြီး ရှစ်ဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရခဲ့သည်။ ယခုရာသီတွင် ခြေစွမ်းပိုင်း သိသိသာသာတိုးတက်လာသည့် YREO အသင်းသည် ယခုပွဲတွင် ဂိုးပြတ်နိုင်ပွဲ ပြန်လည်ရယူနိုင်ခဲ့သည်။ YREO အသင်းသည် ၁၆ မိနစ်မှ ဂိုးစရခဲ့သော်လည်း ပထမပိုင်းမှာ ခြောက်ဂိုးသွင်းယူနိုင်ခဲ့ပြီး ဂိုးပြတ်အနိုင်ရခဲ့ခြင်း ဖြစ်သည်။

နှစ်သင်းစလုံး ရလဒ်ကောင်းရရန် ကြိုးပမ်းသော်လည်း ပွဲချိန်ကြာလာသည်နှင့်အမျှ YREO အသင်းက ပိုမိုဖိကစားနိုင်ခဲ့သည်။ ၁၆ မိနစ်တွင် ဇင်မာထွေးက YREO အသင်းအတွက် အဖွင့်ဂိုးသွင်းယူခဲ့ပြီး ၁၇ မိနစ်တွင် မြတ်နိုးခင်၊ ၃၁ မိနစ်နှင့် မိနစ် ၄၀ တွင် နွယ်နီဝင်း၊ ၃၆ မိနစ်တွင် ဇင်မာထွေး၊ ၄၅+၁ မိနစ်တွင် ဝင်းစန္ဒာထွန်းတို့က သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင်လည်း YREO အသင်းကသာ ပွဲကိုဆက်လက်စိုးမိုးထားပြီး အနိုင်ဂိုးများကို ၅၃ မိနစ်တွင် မြတ်နိုးခင်နှင့် ၈၉ မိနစ်တွင် နွယ်နီဝင်းတို့က သွင်းယူခဲ့သည်။ YREO အသင်းသည် ဒုတိယအကျော့တွင် ပထမဆုံးနိုင်ပွဲရယူနိုင်ခြင်းဖြစ်ပြီး ယခုရာသီ၏ တတိယမြောက်နိုင်ပွဲဖြစ်ခဲ့သည်။

ပွဲစဉ်(၁၀) တတိယနေ့ကို ဇူလိုင် ၁၉ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး လက်ရှိချန်ပီယံ မြဝတီအသင်းနှင့် အား/ကာသိပ္ပံအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း- ရဲရင့်ရှိုင်း**

# ရုပ်ရှင်သရုပ်ဆောင်တစ်ဦးအပေါ် မုဒိမ်းမှုဖြင့်အရေးယူရန် တိုင်ကြားသည့်အမှု မှန်ကန်မှုမရှိကြောင်း တိုင်းဒေသကြီးရဲတပ်ဖွဲ့က ထုတ်ပြန်

**ရန်ကုန် ဇူလိုင် ၁၈**

ရုပ်ရှင်သရုပ်ဆောင် သီဟတင်စိုးအပေါ် အိမ်အကူဖြစ်သူ ဒေါ်ခင်မာမြင့်က မုဒိမ်းမှုဖြင့် အရေးယူပေးရန် တိုင်တန်းသည့် အမှုနှင့်စပ်လျဉ်း၍ အမှုမှန်ပေါ်ပေါက်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ မှုခင်းဖော်ထုတ်ရေးရဲတပ်ဖွဲ့ဝင်များက စစ်ဆေးဆောင်ရွက်ခဲ့ရာ တိုင်တန်းသည့်အမှုမှာ မှန်ကန်မှုမရှိကြောင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့၏ ထုတ်ပြန်ချက်အရသိရှိရသည်။

ဖြစ်စဉ်မှာ သင်္ဃန်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက် ပြည်ထောင်စုရိပ်မွန်အိမ်ရာရှိ ရုပ်ရှင်သရုပ်ဆောင် သီဟတင်စိုးနေအိမ်တွင် အသက်(၇၅)နှစ်အရွယ်ရှိ ဒေါ်ဇင်မာဦး၏မိခင်ဖြစ်သူအားပြုစုရန် အိမ်အကူဖြစ်သူ ခင်မာမြင့်(၄၀)နှစ်အား အခင်းမဖြစ်မီ ရှစ်ရက်ခန့်က ခေါ်ယူထားရှိခဲ့ရာ ဇူလိုင် ၁၃ ရက် ည ၈ နာရီခန့်တွင် ဒေါ်ဇင်မာဦး အပြင်သို့သွားရောက်နေစဉ် သီဟတင်စိုးမှ နေအိမ်သို့ပြန်လည်ရောက်ရှိလာပြီး ခင်မာမြင့်အား သားမယားအဖြစ်ပြုကျင့်ခဲ့ကြောင်း တိုင်တန်းချက်အရ သုဝဏ္ဏနယ်မြေရဲစခန်းတွင် ရာဇသတ်ကြီးပုဒ်မ ၃၇၆ ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့သည်။



ခင်မာမြင့်(ခ)ညိုညို(ခ)ဇင်မာမြင့် (ဝဲ) နှင့် ဒေါ်ညို

အမှုမှန်ဖော်ထုတ်ရရှိရေးအတွက် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးအနီးကပ်ကြီးကြပ်၍ အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးနှင့် မှုခင်းနှိမ်နင်းရေးဌာနစုမှ ရဲတပ်ဖွဲ့ဝင်များ၊ သင်္ဃန်းကျွန်းမြို့နယ်မှ ရဲတပ်ဖွဲ့ဝင်များပါဝင်သော အထူးအမှုစစ်အဖွဲ့က တရားလိုခင်မာမြင့်(ခ)ညိုညို(ခ)ဇင်မာမြင့်အား သက်သေများနှင့်အတူ စစ်ဆေးဆောင်ရွက်ခဲ့ရာ ခင်မာမြင့်(ခ)ညိုညို(ခ)ဇင်မာမြင့်မှာ လွန်ခဲ့သောလေးနှစ်ခန့်က ခင်ပွန်းဖြစ်သူ လေဖြတ်ပြီးနောက် မိသားစုစားဝတ်နေရေးအဆင်မပြေသဖြင့် အိမ်အကူလုပ်ရန် ဒေါ်ညိုနှင့် ဆက်သွယ်ခဲ့ပြီး ဒေါ်ညိုက အိမ်အကူလုပ်ပြီး အိမ်ရှင်ယောကျ်ားများအား မိန်းမမာယာဖြင့် မြူဆွယ်ကာ မုဒိမ်းမှုဖြစ်အောင် ပြုလုပ်ရန်နှင့် အမှုဖြစ်ပါက ငွေကြေးညှိနှိုင်းသည့်ကိစ္စကို ၎င်းကတာဝန်ယူဆောင်ရွက်မည်ဖြစ်ကြောင်းပြောဆိုပြီး လုပ်ကြံဖန်တီး၍ ရရှိသောငွေကြေးကို ခွဲဝေသုံးစွဲမည်ဟု သင်ကြားပေးခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ထို့ပြင် ခင်မာမြင့်(ခ)ညိုညို(ခ)ဇင်မာမြင့်သည် လွန်ခဲ့သောလေးနှစ်ခန့်က ဒေါ်ညို၏ ဆက်သွယ်ပေးမှုဖြင့် တာမွေမြို့နယ် ကျောက်မြောင်းရပ်ကွက်ရှိနေအိမ်၊ ပုဇွန်တောင်မြို့နယ် ဈေးအနီးရှိနေအိမ်၊ ဗဟန်းမြို့နယ်နေ ရုပ်ရှင်သရုပ်ဆောင် နေဆန်း၏ နေအိမ်၊ ဒဂုံအရှေ့မြို့နယ် (၉)ရပ်ကွက်ရှိ နေအိမ်၊ တာမွေမြို့နယ်ရှိ တိရစ္ဆာန်ဆေးကုဆရာဝန် အမျိုးသမီးတစ်ဦး၏နေအိမ်တို့တွင် ဒေါ်ညို၏ အဆက်အသွယ်ဖြင့် အိမ်အကူလုပ်ငန်းများလုပ်ကိုင်ခဲ့ပြီး အိမ်ရှင်အမျိုးသားများအား မြူဆွယ်လုပ်ကြံဖန်တီးရန် ဆောင်ရွက်ခဲ့သော်လည်း အဆင်မပြေသဖြင့် အလုပ်မှထွက်ခဲ့ကြောင်း၊ ယင်းနောက် ပဲခူးတိုင်းဒေသကြီး ပဲခူးဈေးအနီးရှိ တရုတ်လူမျိုးတစ်ဦး၏ နေအိမ်တွင် အိမ်အကူလုပ်ခဲ့ပြီး အိမ်ရှင်မိသားစုမှာ ရန်ကုန်သို့သွားနေစဉ် ၎င်းနေအိမ်တွင် အလုပ်လုပ်သည့် ကုလားဆိုသူမှာ ၎င်းအား သားမယားအဖြစ်ပြုကျင့်ရန် ကြံစည်သဖြင့် ဒေါ်ညိုအား ပြောပြခဲ့ရာ ၎င်းက သားမယားအဖြစ်ပြုကျင့်ခံရသည်ဟု ပြောဆိုရန်သင်ပေးပြီး တရုတ်မိသားစုထံမှ လျော်ကြေးငွေတောင်းခံခဲ့သော်လည်း အဆင်မပြေသဖြင့် ပဲခူးအမှတ်(၃)ရဲစခန်းတွင် သားမယားအဖြစ် ပြုကျင့်ခံရသည်ဟု မမှန်မကန် လီဆယ်တိုင်ကြားရန် ဒေါ်ညိုက စေခိုင်းခြင်းကြောင့် တိုင်တန်းခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဆက်လက်၍ ရုပ်ရှင်သရုပ်ဆောင် သီဟတင်စိုးနေအိမ်တွင် အိမ်အကူလုပ်ရန် ဒေါ်ညို၏ ဆက်သွယ်ပေးမှုကြောင့် ဇူလိုင် ၅ ရက်တွင် ရောက်ရှိခဲ့ပြီး အသက်(၇၅)နှစ်အရွယ်ရှိ ဒေါ်ဇင်မာဦး၏မိခင်အား ပြုစုပေးရန် ခေါ်ယူထားခြင်းဖြစ်ရာ ဒေါ်ဇင်မာဦးမရှိခိုက် သီဟတင်စိုးက ၎င်းအား သားမယားပြုကျင့်ခဲ့ကြောင်း လိမ်ညာပြောဆိုရန် ဒေါ်ညိုသင်ပြသည့်အတိုင်း လိမ်ညာပြောဆိုကြံစည်၍အမှုရေးဖွင့်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

မခင်မာမြင့်အား အိမ်အကူလုပ်ရန် ဆက်သွယ်ပေးသူ ဒေါ်ညို(၆၅)နှစ်အားစစ်ဆေးခဲ့ရာ သီဟတင်စိုးက ခင်မာမြင့်(ခ)ညိုညို(ခ)ဇင်မာမြင့်အား သားမယားပြုကျင့်ခဲ့ကြောင်း ရဲစခန်းတွင်အမှုဖွင့်ရန်နှင့် ငွေကြေးညှိနှိုင်းပါက ၎င်းက ဈေးစကားပြောမည်ဖြစ်ကြောင်း ပြောဆိုခဲ့ပြီး သီဟတင်စိုး၏ ဇနီး ဇင်မာဦးအား နစ်နာမှုအတွက် ငွေကျပ်သိန်း ၁၀၀ ပေးပါက ကျေနပ်မည်ဖြစ်ကြောင်း တောင်းဆိုမှုအပေါ် လိုက်နာခြင်းမရှိသဖြင့် သုဝဏ္ဏနယ်မြေရဲစခန်းတွင် အမှုဖွင့်တိုင်ကြားခဲ့ကြောင်းသိရှိရပြီး အလားတူဖြစ်စဉ်မျိုး သာကေတနယ်မြေရဲစခန်းတွင်လည်း မသင်းသင်းထက်အောင်က တရားလိုပြုလုပ်၍ ဆရာဝန်တစ်ဦးအား အမှုရေးဖွင့်တိုင်တန်းခဲ့ဖူးကြောင်း၊ ပဲခူးမြို့မရဲစခန်းတွင်လည်း ခင်မာညို(ခ)ညိုညို(ခ)ဇင်မာမြင့်က တရားလိုပြုလုပ်၍ အမျိုးသားတစ်ဦးအား မုဒိမ်းမှုဖြင့် ရေးဖွင့်တိုင်တန်းခဲ့ကြောင်း ဖော်ထုတ်သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့အနေဖြင့် သရုပ်ဆောင်သီဟတင်စိုးအပေါ် မုဒိမ်းမှုဖြင့် အရေးယူရန် တိုင်တန်းချက်မှာ မှန်ကန်မှုမရှိဘဲ တရားလိုခင်မာမြင့်(ခ)ညိုညို(ခ)ဇင်မာမြင့်နှင့် ဒေါ်ညိုတို့ပူးပေါင်း၍ လီဆယ်တိုင်တန်းခြင်းဖြစ်ကြောင်း ဖော်ထုတ်ရရှိသဖြင့် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကျိုင်းလပ်မြို့၌ စိတ်ကြွရူးသွပ်ဆေးပြား တစ်သိန်းကျော် သိမ်းဆည်းရမိ



**ကျိုင်းလပ် ဇူလိုင် ၁၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် ကျိုင်းလပ်မြို့ မိုင်းပါလျှုံးကျေးရွာအုပ်စု ဝမ်ယန်းကျေးရွာအဝင်လမ်း၌ ဇူလိုင် ၁၇ ရက် ည ၈ နာရီခွဲခန့်က စိတ်ကြွရူးသွပ်ဆေးပြား ၁၀၈၈၀၀ အား မော်တော်ဆိုင်ကယ်ဖြင့် သယ်ဆောင်လာသူနှစ်ဦးနှင့်အတူ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မိုင်းပါလျှုံးနယ်မြေရဲစခန်းတပ်ဖွဲ့ဝင်များသည် သတင်းအရ မိုင်းပါလျှုံးကျေးရွာအုပ်စု ဝမ်ယန်းကျေးရွာအဝင်လမ်းတွင် စောင့်ဆိုင်းနေစဉ် လောတား မောင်းနှင်ပြီး နောက်တွင် လောဂျာ လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာ ၎င်းတို့နှစ်ဦးအကြား၌ ဆာလာအိတ်ဖြင့်ထည့်လျက် သယ်ဆောင်လာသည့် စိတ်ကြွရူးသွပ်ဆေးပြား ၁၀၈၈၀၀ အား သိမ်းဆည်းရမိခြင်းဖြစ်သည်။

ဖမ်းဆီးရမိသော လောတားနှင့် လောဂျာတို့အား မိုင်းပါလျှုံး နယ်မြေရဲစခန်းတွင် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

# ဖားကန့်မြေပြိုမှု ဖြစ်ပွားရာနေရာ၌ သေဆုံးနေသူနှစ်ဦး ထပ်မံတွေ့ရှိ

**ဖားကန့် ဇူလိုင် ၁၈**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု ဆန်ခါကျေးရွာရှိ မဟာအစပထမ ကုမ္ပဏီလုပ်ကွက်ဟောင်းအတွင်း ဇူလိုင် ၁၄ ရက် မွန်းလွဲ ၂ နာရီကျော်ခန့်က ကမ်းပါးယံပြိုကျမှု ဖြစ်စဉ်ကြောင့် ရေမဆေးကျောက်ရှာဖွေသူများ နုန်းကန်အတွင်းသို့ ပြုတ်ကျသေဆုံးသူနှင့် ဒဏ်ရာရရှိသူများရှိခဲ့ပြီး အခင်းဖြစ်နုန်းကန်အတွင်း ပျောက်ဆုံးသူများအား ရှာဖွေရန်ခက်ခဲသည့် အနေအထားကြောင့် စောင့်ကြည့်ရေးအဖွဲ့များက ဆက်လက်စောင့်ကြည့်နေခဲ့ရာ ယနေ့နံနက် ၁၀ နာရီခန့်တွင် သေဆုံးနေသူတစ်ဦးနှင့် မွန်းလွဲ ၂ နာရီခန့်တွင် တစ်ဦး အခင်းဖြစ်နုန်းကန်အတွင်း ပေါ်လာသည့်အတွက် လူမှုကူညီရေးအသင်းအဖွဲ့များက ဆယ်ယူလျက် လုံးခင်းဆေးရုံသို့ ပို့ဆောင်ထားကြောင်း သိရသည်။

အဆိုပါ နုန်းကန်အတွင်း ဇူလိုင် ၁၆ ရက် မွန်းလွဲ ၂ နာရီခန့်တွင်လည်း စောင့်ကြည့်ရေးအဖွဲ့များက အမျိုးသားအလောင်းတစ်လောင်းအား တွေ့ရှိခဲ့ပြီး သက်ဆိုင်ရာ အုပ်ချုပ်ရေးရုံးများထံ သတင်းပေးပို့ တိုင်ကြားထားသည့် လူပျောက်သူခြောက်ဦးနှင့်လည်း သက်ဆိုင်မှုမရှိဟုသိရကာ တွေ့ရှိရသည့် အလောင်းသည် မမှတ်မိနိုင်လောက်အောင် ပျက်စီးနေသည့်အတွက် မီးသင်္ဂြိုဟ်ခဲ့ရကြောင်း သိရသည်။

ဖြစ်စဉ်ကြောင့် သေဆုံးသူပေါင်း ၂၀၊ ဒဏ်ရာရရှိသူ ၄၃ ဦးဖြစ်ပြီး ဒဏ်ရာရရှိသူများမှာ မစိုးရိမ်ရတော့ကြောင်း သိရသည်။

ယနေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန မိုးညှင်းခရိုင်ရုံးမှ ကနဦးသေဆုံးသူ ၁၇ ဦးအား တစ်ဦးလျှင် ငွေကျပ်သုံးသိန်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၅၁ သိန်း၊ ဒဏ်ရာရရှိခဲ့သူ ၂၄ ဦးအား တစ်ဦးလျှင်ငွေကျပ် ငါးသောင်းနှုန်းဖြင့် စုစုပေါင်းငွေကျပ် ၁၂ သိန်းကို ဒုတိယဦးစီးမှူး ဒေါ်ရွှေဇင်နိုင် ဦးဆောင်လျက် သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မြန်မာ့ရုပ်မြင်သံကြား

**၁၉-၇-၂၀၁၈ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၆း၃၀ “တိုင်းပြည်အတွက် အသက်ပေးကာ လွတ်လပ်ရေးကို အရယူလို့ မမေ့နိုင်တဲ့တို့ဗိုလ်ချုပ်”
၇း၁၅ **၂၀၁၈ ခုနှစ်၊ (၇၁)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်**
၉း၂၅ **“အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏သမီး ဒေါ်အောင်ဆန်းစုကြည် (နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်) နှင့် တွေ့ဆုံမေးမြန်းခန်း”**
၉း၄၅ “ဗိုလ်ချုပ်အောင်ဆန်း၏ဘဝ တစ်စိတ်တစ်ဒေသ”
၁၀း၀၅ “လွတ်လပ်ရေးဖခင်ကြီး၏ မမေ့နိုင်သောမိန့်ခွန်းများ”
၁၀း၄၀ “အောက်မေ့အမှတ်ရဖွယ် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်ဆီ”
၁၁း၂၀ “ဆယ့်ကိုးဇူလိုင်” (၃) (ဗိုလ်ချုပ်အောင်ဆန်း၊ ဒီးဒုတ်ဦးဘချို၊ သခင်မြ)
၁၂း၃၀ “ဆယ့်ကိုးဇူလိုင်” (၁) (ဦးဘဝင်း၊ မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၊ မန်းဘခိုင်)
၁၃း၂၀ မြန်မာဇာတ်လမ်းတွဲ “ဇနီးချောများကွန်ရက်” (အပိုင်း-၁၆)(ဖိုးသောကြာ၊ မေဘရဏီသော်၊ စိုးပြည့်သဇင်၊ ကျော်ကျော်၊ မြနှင်းရည်လွင်၊ ခင်သဇင်၊ နေယံ၊ ဇေယျ) (ဒါရိုက်တာအောင်ဩဘာ)
၁၄း၀၀ “ရေနံချောင်းမြို့မှ ဗိုလ်ချုပ်အောင်ဆန်းအကြောင်း တစေ့တစောင်း”
၁၄း၁၀ “နတ်မောက်သားအာဇာနည်”
၁၄း၃၀ “ဆယ့်ကိုးဇူလိုင်” (၂) (ဦးရာဇတ်၊ ဦးအုန်းမောင်၊ ရဲဘော်ကိုထွေး)
၁၅း၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ “မကြွေတဲ့နှင်းဆီ” (အပိုင်း-၆၅)

**ညပိုင်း**

၁၆း၃၅ “အာဇာနည်နေ့ ဘယ်ခါမမေ့နိုင်သည့် ပြည်သူတို့ရဲ့စကားသံ”
၁၇း၃၅ လူမှုစီးပွားမြင်ကွင်းများ
၁၈း၃၅ မျက်မှောက်ရေးရာအဖြာဖြာ
၁၉း၄၅ **“အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏သမီး ဒေါ်အောင်ဆန်းစုကြည် (နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်) နှင့် တွေ့ဆုံမေးမြန်းခန်း”**
၂၀း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ “(၇၁)နှစ်မြောက်အာဇာနည်နေ့ မြင်ကွင်းများ”
-မီးတစ်ပွင့်ရဲ့ရာဇဝင်” (အပိုင်း-၂)
-Britain's Got Talent (3)
-မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် (အပိုင်း-၂) (ဒါရိုက်တာ-ကြည်စိုးထွန်း၊ အောင်ထွန်းလေး)
**- အစီအစဉ်ပြီး၏။**

# မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ တရားမဝင်ကုန်စည်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၁၈**

မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ရှောင်တခင်စစ်ဆေးခဲ့ရာ ရှောင်ကွင်းလမ်းများ၌ ဇူလိုင် ၁၇ ရက်က ပိုင်ရှင်မဲ့စုပုံထားသော တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Refined Sugar (1x50kg) 98 Bags (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၁၃၆ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့သည်။

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇူလိုင် ၁၇ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၁၃၆ စီး၊ သွင်းကုန် ၉၈၅ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၂ စီး၊ သွင်းကုန် ១၅၂ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၇ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုသုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၃၈၆ သန်းခန့်) သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဓာတုဆိုးဆေးကင်းစင်သောဈေးချိုတော်ကြေညာနိုင်ရေးဆွေးနွေးပွဲ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် တက်ရောက်



**ချမ်းမြသာစည်  ဇူလိုင်  ၁၈**

ခွင့်မပြုဓာတုဆိုးဆေးကင်းစင်သော ဈေးချိုတော်ကြေညာနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၁၇ ရက် နံနက် ၁၀ နာရီက မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အဖွင့်အမှာစကားပြောကြားပြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (မန္တလေးဌာနခွဲ) ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာကျော်ကျော်က ခွင့်မပြုဓာတုဆိုးဆေးကင်းစင်သော ဈေးချိုတော်ကြေညာနိုင်ရေး ဆောင်ရွက်ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာသန်းသန်းမြင့်၊ ဈေးနှင့် သားသတ်ဌာန ဌာနမှူးဦးခင်အောင်တို့က အကြံပြုဆွေးနွေးခဲ့သည်။

အခမ်းအနားသို့ မြို့တော်ဝန် ဒေါက်တာရဲလွင်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းသန်းမြင့်နှင့် ခရိုင်၊ မြို့နယ်ကျန်းမာရေး ဦးစီးမှူးများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (မန္တလေးဌာနခွဲ) မှ တာဝန်ရှိသူများ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဝင်များ၊ ဈေးနှင့် သားသတ်ဌာနဌာနမှူးနှင့် ဌာနခွဲမှူးများ၊ စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

မန္တလေးဈေးချိုတော် ခွင့်မပြုဆိုးဆေးကင်းစင်ရေးအတွက် ၂၀၁၈ နှစ်ဆန်းမှစတင်ပြီး မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတို့ ပူးပေါင်းကာ ရွေ့လျားဓာတ်ခွဲယာဉ်ဖြင့် ဈေးအတွင်းရှိ ငရုတ်သီးမှုန့်၊ လက်ဖက်၊ မှျစ်အပါအဝင် စားသောက်ကုန်များအား ဈေးကွက်နမူနာကောက်ယူကာ ဓာတ်ခွဲစစ်ဆေးခြင်း၊ ပညာပေးခြင်း၊ အရေးယူခြင်းနည်းလမ်းများဖြင့် ဆောင်ရွက်ခဲ့ပြီး ခွင့်မပြုဆိုးဆေးကင်းစင်သော ဆိုင်များကိုလည်း အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးခဲ့ရာ စားသုံးသူများ ယုံကြည်မှုရှိ၍ အောင်မြင်မှုရှိခဲ့ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## မိုင်းယောင်းမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေး

**မိုင်းယောင်း  ဇူလိုင်  ၁၈**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးမှ ဇူလိုင် ၁၈ ရက် နံနက်ပိုင်းက အခြေခံပညာအလယ်တန်းကျောင်း (တပ်တွင်း)၌ ကျောင်းသား ကျောင်းသူများအား အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ထုတ်ပေးခဲ့သည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်ရာသို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအိုက်ခမ်းလှိုင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်းတို့ လာရောက်ကြည့်ရှုခဲ့ပြီး ဆောင်ရွက်ပြီးစီးသော နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မြို့နယ်ဦးစီးမှူး ဦးစီးအရာရှိ ဦးဝင်းအောင်က ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြသန်း လက်ဝယ်သို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မန်းချောင်းဘေလီတံတား ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်

**မင်းဘူး  ဇူလိုင်  ၁၈**

မင်းဘူး(စကု) မြို့နယ်အတွင်းရှိ မန်းရေနံမြေနှင့် ကျေးရွာများ ဆက်သွယ်ထားသော မန်းချောင်း ဘေလီတံတားသည် ဇွန်လအတွင်း မိုးသည်းထန်စွာရွာသွန်းပြီး ရေတိုက်စားမှုကြောင့် တံတားမှာ အန္တရာယ်ရှိသည့် အနေအထားသို့ ရောက်ရှိနေသဖြင့် တံတားပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများကို ဇူလိုင် ၁၆ ရက်မှစတင်၍ ဆောင်ရွက်လျက်ရှိကြောင်း မင်းဘူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။




တံတားပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေစဉ် ကာလအတွင်း မန်းချောင်းတံတားကိုဖြတ်၍ သွားလာနေသည့် ကျေးရွာအသီးသီးမှ ယာဉ်များ အနေဖြင့် ကျောက်စံ-ကုလားပါး-သိမ်ကုန်းလမ်းလွဲကို အသုံးပြု၍ စကုမြို့မှတစ်ဆင့် သွားလာကြရန် မန်းကျိုး၊ ပေါက်ငူ၊ နိဗ္ဗာန်ကျွန်း၊ သနပ်ပင်စု၊ ကျောက်စံ၊ ကံသစ်၊ ကံကုလား ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများမှတစ်ဆင့် ပြည်သူများအား အသိပေးထားကြောင်း သိရသည်။

အဆိုပါ မန်းချောင်းတံတားမှာ အကျယ် ၁၄ ပေ ၆ လက်မ၊ အလျား ပေ ၃၆၀၊ ခံနိုင်ဝန် ၁၃ တန်ရှိပြီး ၁၉၇၅ ခုနှစ်တွင် တည်ဆောက်ထားခြင်း ဖြစ်ကြောင်း သိရသည်။

**မျိုးမြတ်(မင်းဘူး)**

# မန္တလေး–ဗန်းမော် အထူးအမြန် ရေယာဉ် ပြေးဆွဲမည်



**မန္တလေး  ဇူလိုင်  ၁၈**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး ဧရာဝတီဌာနခွဲမှ မန္တလေး-ဗန်းမော်-မန္တလေးအထူးအမြန်ခရီးစဉ်ကို ပြည်ကြီးတံခွန်-၄ ရေယာဉ်ဖြင့် ဇူလိုင် ၁၉ ရက်မှ စတင်ပြီး အပတ်စဉ် ကြာသပတေးနေ့တိုင်း ပြေးဆွဲသွားမည်ဖြစ်သည်။

မန္တလေး ဂေါဝန်ဆိပ်ကမ်းမှ အပတ်စဉ် ကြာသပတေးနေ့ နံနက် ၆ နာရီတွင် ထွက်ခွာမည်ဖြစ်ပြီး ဗန်းမော်မြို့မှ အပတ်စဉ်တနင်္လာနေ့တိုင်း နံနက် ၇နာရီတွင် ပြန်လည်ထွက်ခွာမည်ဖြစ်သည်။

ခရီးလမ်း တစ်လျှောက်တွင် ကျောက်မြောင်း၊ တကောင်း၊ ထီးချိုင့်၊ ကသာ၊ မိုးတား၊ ရွှေကူဆိပ်ကမ်းများတွင် ဆိုက်ကပ်မည်ဖြစ်ပြီး အဆန်ခရီး နှစ်ညအိပ် သုံးရက်၊ အစုန်ခရီး တစ်ညအိပ် နှစ်ရက်၊ အသွားအပြန် စုစုပေါင်း ခြောက်ရက်ကြာမည်ဖြစ်သည်။

ရေယာဉ်စီးခ နှုန်းထားများမှာ မန္တလေး-ကျောက်မြောင်း ကျပ် ၂၇၀၀၊ မန္တလေး- တကောင်း ကျပ် ၆၈၀၀၊ မန္တလေး-ထီးချိုင့် ကျပ် ၈၁၀၀၊ မန္တလေး-ကသာ ကျပ် ၁၀၅၀၀၊ မန္တလေး-မိုးတား ကျပ် ၁၂၈၀၀၊ မန္တလေး-ရွှေကူ ကျပ် ၁၂၈၀၀၊ မန္တလေး-ဗန်းမော် ကျပ် ၁၄၉၀၀ တို့ဖြစ်ပြီး ကုန်တင်ခနှုန်းထားမှာ ကုန်မျိုးစုံကုန်တန်ချိန် တစ်တန်လျှင် ၁၁၈၂၅ ကျပ် ဖြစ်ကြောင်း သိရသည်။

**မောင်ပြည်သူ**

### တိုတိုထွာထွာဖတ်စရာ

## (၇၁) နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် အမြို့မြို့အနယ်နယ်တွင် ပြိုင်ပွဲနှင့် ဆုပေးပွဲများကျင်းပ

**ထန်တလန်**

(၇၁)နှစ်မြောက် အာဇာနည်နေ့ကို အထိမ်းအမှတ် ဗိုလ်ချုပ်ပုံတူပန်းချီရေးဆွဲပြိုင်ပွဲကို ဇူလိုင် ၁၈ ရက် နံနက် ၁၀ နာရီက ထန်တလန်မြို့နယ် ပြည်သူ့စာကြည့်တိုက် လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

အဆိုပါ ဗိုလ်ချုပ်ပုံတူ ပန်းချီရေးဆွဲပြိုင်ပွဲတွင်အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၉ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး ပုံတူပန်းချီရေးဆွဲနိုင်သူ သုံးဦးကို ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**မန်တုံ**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် မန်တုံမြို့နယ်ရုံး လူထုအခြေပြုဗဟိုဌာန၌ (၇၁) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အထက်တန်းအဆင့် ကာတွန်းပြိုင်ပွဲကို ဇူလိုင် ၁၇ ရက်ကလည်းကောင်း၊ အလယ်တန်းအဆင့် ကာတွန်းပြိုင်ပွဲကို ဇူလိုင် ၁၈ ရက် နံနက်ပိုင်းကလည်းကောင်း ကျင်းပသည်။

ကျောင်းသား ကျောင်းသူ ၂၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အထက်တန်းအဆင့် ငါးဦးနှင့် အလယ်တန်းအဆင့် ငါးဦးအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ဆုများအသီးသီး ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**မင်းဘူး**

(၇၁) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် စာအုပ်ပြပွဲ၊ ဓာတ်ပုံပြပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် စာစီစာကုံးပြိုင်ပွဲများကို ဇူလိုင် ၁၈ ရက် နံနက် ၉ နာရီခွဲက မင်းဘူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ကျင်းပသည်။

မြို့မ အထက (ခွဲ) ကျောင်းမှ ကျောင်းသား ကျောင်းသူများက ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များ၊ နံရံကပ်စာစောင်များ၊ ဓာတ်ပုံများကို ကြည့်ရှုလေ့လာခဲ့ကြသည်။ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၉ ဦးက စာစီစာကုံး ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**ဝိုင်းမော်**

(၇၁)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ဆုရရှိသူများအား ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဇူလိုင် ၁၈ရက် နံနက် ၁၀ နာရီက ဝိုင်းမော်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူးရုံး လူထုအခြေပြု ဗဟိုဌာန၌ ကျင်းပသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းစိန်နှင့် တာဝန်ရှိသူများက အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ကိုးဦးအား ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဦးလေးကြီး**

**ဇေယျာသီရိ**

(၇၁) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၈ ရက်နံနက် ၉ နာရီက နေပြည်တော် ဥတ္တရခရိုင် ဇေယျာသီရိမြို့နယ် ကြို့ပင်ဆိပ်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ပေးကာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော နံရံကပ်စာစောင်များကို ကျောင်းသား ကျောင်းသူများ လိုက်လံကြည့်ရှုခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

## တပ်ကုန်းမြို့၌ အခွန်ဆိုင်ရာအသိပညာပေး

**တပ်ကုန်း**

နေပြည်တော် တပ်ကုန်းမြို့နယ် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသား ကျောင်းသူများအား အခွန်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁၈ ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်းရှိ ဧရာဝတီ စာသင်ဆောင်၌ ကျင်းပသည်။

ဒုတိယမြို့နယ်ပညာရေးမှူး ဦးတင်ထွန်းနိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြည်တွင်းအခွန်များဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ဝင်းအေးက ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အောင်ဘာလေသိန်းဆုခွန်၊ အထူးကုန်စည်ခွန်နှင့် တံဆိပ်ခေါင်းခွန်စသည့်အခွန်ဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းဟောပြောရာ ဆရာ ဆရာမများနှင့်ကျောင်းသား ကျောင်းသူ ၃၆၀ တက်ရောက်ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်ကြရန်မှာကြား

**လွိုင်ကော် ဇူလိုင် ၁၈**

အရည်အသွေးစစ်ဆေးခြင်းနှင့်ပတ်သက်သော လုပ်ငန်းစဉ်အဆင့်ဆင့်ကို သိရှိနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများ၊ လမ်း၊ အဆောက်အအုံ တည်ဆောက်ရေးကုမ္ပဏီများအား အသိပေးရှင်းလင်းတင်ပြခြင်းကို ဇူလိုင် ၁၇ ရက် မွန်းလွဲ ၂ နာရီက ကယားပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ကယားပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကယားပြည်နယ်အတွင်း လုပ်ငန်းများဆောင်ရွက်နေသည့် ကုမ္ပဏီ ၈၂ ခုမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက သက်ဆိုင်ရာကုမ္ပဏီများအနေဖြင့်လည်း တင်ဒါဝင်ရောက်ယှဉ်ပြိုင်ရာတွင် မိမိဆောင်ရွက်မည့်လုပ်ငန်းများကို မြေပြင်အခြေအနေမှန်ကို ကွင်းဆင်းဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာဌာနများမှလည်း ကွင်းဆင်းဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ဆောင်ရွက်မည့် အောက်ခံမြေကိုလေ့လာခြင်း၊ ထိရောက်အသုံးဝင်မည့် ပုံစံရေးဆွဲခြင်း၊ ခိုင်မာမှုဆိုင်ရာ တွက်ချက်ခြင်း၊ အသေးစိတ်ပုံစံများစသည့်အချက်ကို တွက်ချက်ရန်လိုအပ်ကြောင်း၊ အဆောက်အအုံများ ဆောက်လုပ်ရာတွင် အမှန်တကယ်နေထိုင်ရန်သင့်လျော်သော အဆောက်အအုံများ ဆောက်လုပ်နိုင်ရေး ဆောင်ရွက်စေလိုကြောင်းနှင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားသည်။

ဆက်လက်ပြီး Developed Professional Engineering Consultant Co., Ltd ( D.P.E.C)၊ MD ဦးရဲခေါင်ညွန့်က QC နှင့်ပတ်သက်သည့် လုပ်ငန်းစဉ်များ၊ စိစစ်ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့်အခက်အခဲများ၊ ပေါင်းစပ်ဆောင်ရွက်ပေးရမည့်လုပ်ငန်းများ၊ ဆောင်ရွက်သည့် ကုမ္ပဏီများမှလည်း တွေ့ကြုံနိုင်သည့် အခက်အခဲများကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြခဲ့ရာ တက်ရောက်လာသည့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ကုမ္ပဏီများက တင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။

**အောင်ထွန်းလေး**





# အုတ်ဖိုမြို့၌ ဗိုလ်ချုပ်အောင်ဆန်းရုပ်တုဖွင့်ပွဲ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းတက်ရောက်ဖွင့်လှစ်

**အုတ်ဖို ဇူလိုင် ၁၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် အုတ်ဖိုမြို့လယ်အဝိုင်း ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်ရင်ပြင်တွင် ဇူလိုင် ၁၈ ရက် နံနက် ၉ နာရီက ဗိုလ်ချုပ်အောင်ဆန်းရုပ်တု ဖွင့်ပွဲအခမ်းအနား ပြုလုပ်သည်။

ဗိုလ်ချုပ်အောင်ဆန်းရုပ်တုအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း၊ လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်၊ စည်ပင်သာယာရေးနှင့်လူမှုရေးဝန်ကြီး ဒေါ်ညွန့်ညွန့်ငွေး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်နှင့် ဗိုလ်ချုပ်ကြေးရုပ်ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းစည်သူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်းကျောက်စာအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ယင်းနောက် တက်ရောက်လာကြသူများက အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအား အလေးပြုကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် လွှတ်တော်ဥက္ကဋ္ဌတို့က အမှာစကားပြောကြားကာ ဗိုလ်ချုပ်ကြေးရုပ်ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌက ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဒေသခံတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်တုသည် အမြင့် ၁၁ ပေ၊ ခုံတုံးအမြင့် ခုနစ်ပေ စုစုပေါင်း ၁၈ ပေရှိသော စစ်ဝတ်စုံဖြင့် မတ်တတ်ရပ်ပုံရုပ်တုဖြစ်ပြီး အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌ၊ ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# Asian Banking and Finance က IKBZ အား အာမခံလုပ်ငန်းဆိုင်ရာဆုချီးမြှင့်

**ရန်ကုန် ဇူလိုင် ၁၈**

စင်ကာပူနိုင်ငံအခြေစိုက် အာရှဒေသဆိုင်ရာ ဘဏ်နှင့် ငွေကြေးဆိုင်ရာအဖွဲ့အစည်းများအား လေ့လာသုံးသပ် အကဲဖြတ်နေသည့် အဖွဲ့အစည်းဖြစ်သည့် Asian Banking and Finance (AB&F) မှ ပေးအပ်သည့် အာရှဒေသမှ နိုင်ငံအလိုက် အကောင်းဆုံးလုပ်ငန်းဆိုင်ရာ ဆုများချီးမြှင့်ပွဲကို ဇူလိုင် ၁၂ ရက် ညနေပိုင်းတွင် စင်ကာပူနိုင်ငံရှိ Shangri-La Hotel ၌ ကျင်းပသည်။

၂၀၁၈ ခုနှစ်၏ အကောင်းဆုံးအာမခံလုပ်ငန်းဆိုင်ရာဆုများဖြစ်သည့် The Domestic General Insurer of the Year – Myanmar နှင့် The Domestic Life Insurer of the Year – Myanmar ဆုများကို အပြည်ပြည်ဆိုင်ရာကမ္ဘောဇအာမခံလုပ်ငန်း (IKBZ) အား ပေးအပ်ချီးမြှင့်ရာ ဒါရိုက်တာအဖွဲ့ဝင် ဦးမင်းသန့်၊ လက်ထောက်အထွေထွေမန်နေဂျာ ဒေါ်ချစ်စုထွန်းနှင့် အကြီးတန်းမန်နေဂျာ ဒေါ်တင့်တင့်ဝေတို့က တက်ရောက်လက်ခံရယူခဲ့ကြသည်။

အခမ်းအနားသို့ အာရှနိုင်ငံ ၄၀ ခန့်၏ ဘဏ်နှင့် ငွေကြေးဆိုင်ရာအဖွဲ့အစည်း ၂၀၀ ကျော်တို့မှ



အဆင့်မြင့်အရာရှိကြီး ၃၃၀ ကျော် တက်ရောက်ခဲ့ကြသည်။

အပြည်ပြည်ဆိုင်ရာကမ္ဘောဇအာမခံလုပ်ငန်းသည် ၂၀၁၅၊ ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်များတွင် နိုင်ငံတကာ ထိပ်တန်းအဖွဲ့အစည်းများမှ ပေးအပ်ချီးမြှင့်သည့် အာမခံလုပ်ငန်းဆိုင်ရာ အကောင်းဆုံးဆုများစွာရရှိထားပြီး ၂၀၁၇ ခုနှစ်တွင် AB&F အဖွဲ့အစည်း၏ The Best General Insurer of the Year 2017 နှင့် The Best Life Insurer of the Year 2017 ဆုများကိုလည်း ချီးမြှင့်ခံခဲ့ရပြီး ၂၀၁၈ ခုနှစ်အတွက်လည်း နှစ်နှစ်ဆက် ပေးအပ်ချီးမြှင့်ခြင်းဖြစ်ကြောင်း သိရသည်။

**ဝ၁၀**

# မိုးညို၌ စည်းရုံးရေးမှူးများ ဖိုရမ်အကြို အလုပ်ရုံဆွေးနွေး

**မိုးညို ဇူလိုင် ၁၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ်တွင် စည်းရုံးရေးမှူးများ ဖိုရမ်အကြို အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၁၇ ရက် နံနက် ၉ နာရီက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ကျေးလက်ဦးစီးဌာနရုံးချုပ်မှ Main Facilitator ဒေါ်သူသူသိမ်းဦးနှင့် ပဲခူးတိုင်းဒေသကြီးကျေးလက်ဦးစီးဌာန(CDD)မှ ဒေါ်သော်သော်သိန်းအေးတို့က ဦးဆောင်ဆွေးနွေးသည်။

ထို့နောက် စည်းရုံးရေးမှူးများက အုပ်စုဖွဲ့၍ တတိယနှစ်စက်ဝန်းအတွင်း တွေ့ကြုံရသောအခက်အခဲများနှင့် နောင်လာမည့် စီမံကိန်းစက်ဝန်းအတွက် အကြံပြုလိုသည့်အချက်အလက်တို့ကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သူရအောင် (ပြည်)**



မရမ်းကုန်းမြို့နယ် အမှတ်(၄)ရပ်ကွက် အောင်မင်္ဂလာဈေးလမ်းရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ဇူလိုင် ၁၇ ရက်တွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးအောင် ရပ်ကွက်နေပြည်သူများအားသက်ငယ်မုဒိမ်းမှုပပျောက်ရေးမှုခင်းအသိပညာပေးဟောပြောစဉ်။

**ဇာနည်မောင်**

## တိုတိုထွာထွာဖတ်စရာ

### အာဇာနည်နေ့အထိမ်းအမှတ်ပြိုင်ပွဲများကျင်းပ

**ဝါးခယ်မ**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ (၇၁) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အာဇာနည်ခေါင်းဆောင်ကြီးများ၏ အတ္ထုပ္ပတ္တိ၊ ဗိုလ်ချုပ်စကား၊ ဗိုလ်ချုပ်ကဗျာ၊ ဗိုလ်ချုပ်မိန့်ခွန်း၊ ဗိုလ်ချုပ်သီချင်းသီဆိုပြိုင်ပွဲကို ဇူလိုင် ၁၈ ရက် နံနက် ၉ နာရီခွဲက ဒေါ်ပိုက်မိခန်းမ၌ ပြုလုပ်သည်။

အထက (၁) ပဉ္စမတန်းမှ နဝမတန်းအထိ ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

**မြို့နယ် (ပြန်/ဆက်)**

### အာဇာနည်နေ့အထိမ်းအမှတ်ကျပန်းစကားပြောပြိုင်

**ကျိုက်မရော**

(၇၁)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ပန်းချီ၊ ကျပန်းစကားပြောပြိုင်ပွဲကို ဇူလိုင် ၁၈ ရက် နံနက် ၉ နာရီတွင် အထက ကျိုက်မရော (ပညာအားမာန်) ခန်းမ၌ ကျင်းပသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောကျော်ဝင်းမောင်က ကလေးများအား အာဇာနည်နေ့ကို မမေ့မလျော့ အမြဲအမှတ်ရနေစေရန်နှင့် စကားပြောစွမ်းရည်တိုးတက်လာစေရန် လေ့ကျင့်ပေးရာရောက်ကြောင်း ပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးငွေဝင်းနှင့်အတူ ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူများ၏ ကျပန်းစကားပြောစွမ်းရည်များကို ကြည့်ရှုအားပေးခဲ့ကြသည်။

ဆက်လက်၍ ပြိုင်ပွဲတွင်ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

### မူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေး အသိပညာပေး

**သုံးခွ**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ကျားဘိုကျေးရွာတွင် သုံးခွမြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးသန်းဦးသည် ဇူလိုင် ၁၇ ရက် မွန်းလွဲ ၂ နာရီတွင် ကျေးရွာနေပြည်သူ ၅၀ တို့အား သက်ငယ်မုဒိမ်းဖြစ်ပွားမှုလျော့နည်းကျဆင်းရေး၊ မူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးအတွက် အသိပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**၁၁၈**




# ကြေးမုံစာအုပ်စင် စာအုပ်အမြင် (မော်ကွန်း)

**ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)**

## နေ့စဉ်ကျန်းမာရေးအတွက် လက်တွေ့နည်းလမ်းများ အမှတ်(၁)



ကျန်းမာခြင်းသည် လာဘ်တစ်ပါးဆိုသည့်အတိုင်း လူသားများကျန်းမာစွာ နေထိုင်နိုင်စေရန် စာရေးသူ ကျော်သက်ခိုင်(ဆေးတက္ကသိုလ်) စီစဉ်ရေးသားသည့် နေ့စဉ်ကျန်းမာရေးအတွက် လက်တွေ့နည်းလမ်းများ အမှတ် (၁) စာအုပ်ထွက်ရှိလာသည်။

ကျန်းမာရေးနှင့်ညီညွတ်သည့် ဘဝနေထိုင်မှုပုံစံတစ်ခုကို ထိန်းသိမ်းရန်နှင့် ပြီးပြည့်စုံသော ကျန်းမာသန်စွမ်းမှုတို့ကို ထိန်းညှိရန် လေ့ကျင့်ခန်းကို ကောင်းမွန်စွာ မှန်မှန်ပြုလုပ်ကြသည်။ မိမိအိမ်ခြံဝင်းအတွင်း ပေါင်းမြက်နုတ်ခြင်း၊ ဈေးဝယ်ခြင်း၊ အိမ်မှုကိစ္စများပြုလုပ်ခြင်း၊ အကကခြင်းများပြုလုပ်ခြင်းသည်လျှင် လေ့ကျင့်ခန်း ပြုလုပ်နေခြင်းပင်ဖြစ်သည်။ ကိုယ်လက်လှုပ်ရှားမှုကို တစ်နေ့လျှင် မိနစ် ၃၀ ပြုလုပ်ပေးရန်ဖြစ်သည်။ လမ်းလျှောက်ခြင်းသည် ကိုယ်လက်လှုပ်ရှားမှုအကောင်းဆုံး လေ့ကျင့်ခန်းတစ်ခုဖြစ်သည်။

**စာအုပ်ကို ကျော်သက်ခိုင်စာပေ၊ အမှတ်-၂၁(၆-လွှာ၊ ယာ)၊ ကျီတော်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၅၆၈၅၃ နှင့် ၀၉-၇၈၁၉၂၈၁၇၂ တို့မှ ဖြန့်ချိသည်။**

## မြန်မာနိုင်ငံ ပညာရေးစီမံခန့်ခွဲမှု ဆန်းစစ်ချက်



နိုင်ငံတကာအတွေ့အကြုံရင့် ပါမောက္ခ ဒေါက်တာအေးချမ်း၊ ဒေါက်တာ ဇေယျဦးနှင့် တက်စိုးတို့၏ နိုင်ငံတကာအမြင်များ၊ သုံးသပ်ချက်များပါဝင်သော မြန်မာနိုင်ငံ ပညာရေးစီမံခန့်ခွဲမှုဆန်းစစ်ချက်စာအုပ် ထွက်ရှိပြီဖြစ်သည်။

ယခုစာအုပ်တွင် တင်ပြသည့် အကြောင်းအရာများမှာ စီမံခန့်ခွဲမှုဆိုင်ရာ သဘောတရားနှင့် လက်ရှိပြဿနာများကို အသားပေးထားသည်။ ၁၉၅၃ ခုနှစ်မှသည် ယနေ့အထိ ပညာရေးအကောင်အထည်ဖော် ဆောင်ရွက်ချက်များ မအောင်မြင်ဖြစ်ရခြင်းကို စီမံခန့်ခွဲမှု သဘောတရားရှုထောင့်မှ ပြုစုတင်ပြခြင်း ဖြစ်သည်။

မျက်မှောက်ခေတ် ဖြစ်ပျက်နေသည့် ပညာရေးကဏ္ဍကိုလည်း မှတ်တမ်းအဖြစ် ကျန်ရှိစေရန် မျက်မြင်အခြေအနေများကို ရိုးရှင်းစွာ ထည့်သွင်းဖော်ပြထားသည်။ လက်ရှိပညာရေးဝန်ထမ်းများ၊ ပညာရေးဌာနမှ အငြိမ်းစားအရာရှိများ၏ အတွေ့အကြုံများ၊ လူမှုကွန်ရက်တွင် ဖော်ပြထားသည့် ကျောင်းဆရာတို့၏ ခံစားချက်တို့ကိုပါ ထည့်သွင်းဖော်ပြထားသည်။

**စာအုပ်ကို ဉာဏ်အလင်းစာပေက ထုတ်ဝေထားသည်။**

## ဝက်ခြံပေါက်ရင် ဘာလုပ်ကြမလဲ



ဝက်ခြံပေါက်၍စိတ်ညစ်နေသူများအတွက် စာရေးသူ နန်းအိအိဇာ စီစဉ်ရေးသားသည့် ဝက်ခြံပေါက်ရင် ဘာလုပ်ကြမလဲ စာအုပ်ထွက်ရှိလာသည်။

ဝက်ခြံပေါက်ခြင်းသည် ဆယ်ကျော်သက်အရွယ်ကစပြီး ပေါက်တတ်သည့်အပြင် ဆယ်ကျော်သက်တွင်မကဘဲ သက်လတ်နှင့် သက်ကြီးပိုင်းများတွင် ကျား-မ မရွေးပေါက်တတ်သည်။ ဝက်ခြံပေါက်လျှင်လည်း မျက်နှာပေါ်မှာသာ အပေါက်များတတ်သဖြင့် အလှအပကိုပျက်စီးစေတတ်သဖြင့် ဝက်ခြံနှင့်ပတ်သက်သည့် ဝက်ခြံဆိုသည်မှာ၊ အရေပြားအလွှာဆိုသည်မှာ၊ ဝက်ခြံဖြစ်ပေါ်မှုနှင့် ပြောင်းလဲမှုဖြစ်စဉ်၊ ဆယ်ကျော်သက်အရွယ်တွင် ထွက်တတ်သည့် ဝက်ခြံအားစစ်ဆေးခြင်း၊ လူကြီးအရွယ်တွင်ဝက်ခြံပေါက်ခြင်း၊ ဝက်ခြံပေါက်စေသော အခြားအကြောင်းခြင်းရာများ၊ ဝက်ခြံပျောက်ကင်းရန် တတ်ကျွမ်းနားလည်သူများနှင့် တွေ့ဆုံကုသခြင်းစသည့် ကဏ္ဍပေါင်း ၂၀ကျော် ရေးသားထားသည်။

**စာအုပ်ကို နန်းဒေဝီစာပေ၊ အမှတ်-၂၀၀(ပထမထပ်)၊ ၃၆ လမ်းအထက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၈၃၀၂၅နှင့် ၀၁-၃၉၁၆၃၃ တို့မှ ဖြန့်ချိသည်။**

## ၂၀၁၉ မေးခွန်းပုံစံအသစ် တက္ကသိုလ်ဝင်တန်းဓာတုဗေဒ သင်ရိုးကုန်အဖြေစုံ



တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအတွက် တွဲဖက်ပါမောက္ခဒေါက်တာထွန်းအောင် စီစဉ်သည့် ၂၀၁၉ မေးခွန်းပုံစံအသစ် တက္ကသိုလ်ဝင်တန်းဓာတုဗေဒ သင်ရိုးကုန်အဖြေစုံစာအုပ်ထွက်ရှိလာသည်။

တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအတွက် လွယ်ကူစွာလေ့လာနိုင်စေရန် အခန်းတစ်ခုချင်းစီအလိုက် သင်ထောက်ကူမှတ်စုများ၊ လေ့ကျင့်ခန်းများ၊ မေးခွန်းနှင့် အဖြေများကို ထိရောက်လွယ်ကူစွာ လေ့လာနိုင်စေရန် ပြုစုပေးထားသဖြင့် ကျောင်းသား၊ ကျောင်းသူများသာမက ဓာတုဗေဒဘာသာရပ်ကို သင်ကြားပြသနေသည့် ဆရာ၊ ဆရာမများပါ လက်ကိုင်ထားသင့်သည့် စာအုပ်တစ်အုပ်ဖြစ်သည်။ ထို့အပြင် ၂၀၁၉ခုနှစ်တွင် ဖြေဆိုရမည့် မေးခွန်းပုံစံကိုယူ၍ နမူနာမေးခွန်းတစ်ခုတည်ဆောက်ပြီး အဖြေပုံစံကိုလည်းဖော်ပြထားသဖြင့် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေစွာ လေ့လာနိုင်မည်ဖြစ်သည်။

**စာအုပ်ကို ရွှေလက်ရာစာပေ၊ အမှတ်-၁၉၇/၁၉၉ (ပထမထပ်)၊ လမ်း ၃၀ (အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၂၀၅၇၂၆နှင့် ၀၉-၅၀၆၃၄၅၁ တို့မှ ဖြန့်ချိသည်။**





## Ip Man 4 မှာလည်း တိုက်ခိုက်ကြဦးမည့် ဒန်နီယန်နှင့် ဂျက်ကီချန်း

ကမ္ဘာကျော် ကိုယ်ခံပညာရှင်တွေဖြစ်ကြတဲ့ မင်းသား ဒန်နီယန်နဲ့ ဂျက်ကီချန်းတို့ဟာ ရုပ်ရှင်သစ် " Ip Man 4"မှာလည်း နှစ်ဦးသား တိုက်ခိုက်ကြတာကို တွေ့မြင်ရဦးမှာဖြစ်ကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဇာတ်လမ်းတွဲရုပ်ရှင်ရဲ့ နောက်ဆုံးထုတ်လွှင့်သွားမယ့် ရုပ်ရှင်သစ်မှာတော့ ကိုယ်ခံပညာရှင် ဘရုစလီဟာ အမေရိကန်ကို ရောက်ရှိလာပြီး ကိုယ်ပိုင်ကိုယ်ခံပညာကျောင်းဖွင့်လှစ်ဖို့ရာ ကြိုးစားခဲ့ပုံတွေကို တွေ့မြင်ကြရမှာ ဖြစ်ပါတယ်။ သို့သော် သူဟာ ဒေသခံတွေရဲ့ ကန့်ကွက်မှုနဲ့ ကြုံတွေ့ခဲ့ရပြီး အဲဒီအချိန်မှာ တရုတ်တန်းမှ အိုင်ပီမန်း ပေါ်ထွက်လာကာ သူ့ကို ကျောင်းတည်ဆောက်နိုင်ရေးကူညီပေးခဲ့တာ ဖြစ်ပါတယ်။

ဒီရုပ်ရှင်ကို ဝေလ်ဆန်ရစ်က တာဝန်ယူရိုက်ကူးခဲ့တာဖြစ်ပြီး ဗြိတိန်သရုပ်ဆောင် စကော့ထ်အကင်စ်၊ ထိုင်ဝမ်ကြယ်ပွင့် ဗန်နက်စ်ယုတို့လည်း ပါဝင်ကာ ဂျက်ကီချန်းက အထူးပါဝင်သရုပ်ဆောင်ထားတာလည်း ဖြစ်ပါတယ်။ ဒီရုပ်ရှင်မှာ ဂျက်ကီချန်းနဲ့ ဒန်နီယန်တို့နှစ်ဦး တိုက်ခိုက်ကြတဲ့အခန်းကို အထူးအလေးပေးဖော်ပြသွားမှာဖြစ်ပြီး တရုတ်နိုင်ငံမှာ မကြာသေးမီက ရိုက်ကူးခဲ့တာကိုလည်း တွေ့ရပါတယ်။ ဒီရုပ်ရှင်သစ်ကိုတော့ ဒီနှစ်ကုန်ပိုင်းမှာ ထုတ်လွှင့်နိုင်မယ်လို့လည်း မျှော်လင့်ရပါတယ်။

## နောက်ထပ်ရင်သွေးလေးရနေပြီလို့ သတင်းတွေထွက်နေတဲ့ ဘီယွန်းစေး



ပေါ့ပ်ကြယ်ပွင့် ဘီယွန်းစေးဟာ ကလေးသုံးဦးရဲ့ မိခင်ဖြစ်ပြီး လတ်တလောပြုလုပ်ခဲ့တဲ့ သူ့ရဲ့ဖျော်ဖြေပွဲမှာတော့ ဝမ်းဗိုက်အတော်လေးပူနေတာကြောင့် နောက်ထပ်ရင်သွေးလေးလွယ်ထားရပြီဖြစ်ကြောင်း ဝေဖန်မှုတွေနဲ့ ကြုံခဲ့ရပါတယ်။ ပြီးခဲ့တဲ့လအတွင်းကလည်း ဒီလို ဝေဖန်မှုတွေရှိခဲ့ပြီး လတ်တလောမှာတော့ ပိုမိုသိသာလာခဲ့တာကြောင့် ပရိသတ်တွေက ဘီယွန်းစေးကို ရင်သွေးလေးလွယ်ထားရပြီဖြစ်ကြောင်း အတည်ပြုပေးဖို့ လူမှုကွန်ရက်မီဒီယာတွေပေါ်ကနေတစ်ဆင့် တောင်းဆိုမှုတွေရှိခဲ့တာကိုလည်း တွေ့ရပါတယ်။

လက်ရှိမှာ ဘီယွန်းစေးဟာ "On the Run Tour II" နယ်လှည့်ဖျော်ဖြေပွဲတွေ ပြုလုပ်နေတာဖြစ်ပြီး ယင်းဖျော်ဖြေပွဲတွေက ဘီယွန်းစေးရဲ့ပုံရိပ်တွေပါဝင်တဲ့ ဗီဒီယိုဖိုင်တွေကို အွန်လိုင်းမီဒီယာတွေပေါ်မှာဖော်ပြကာ ယင်းဗီဒီယိုတွေအရ ပေါ့ပ်ကြယ်ပွင့်ဟာ နောက်ထပ်ရင်သွေးလေးလွယ်ထားရပြီဖြစ်ကြောင်း ကောလာဟလတွေ ပျံ့နှံ့လာခဲ့ပါတယ်။ ကာယကံရှင်တွေကတော့ ဒီသတင်းတွေနဲ့ပတ်သက်ပြီး လက်ရှိအချိန်အထိ တုံ့ပြန်ပြောကြားခြင်း မရှိသေးပါဘူး။



## Marie Claire ရဲ့မျက်နှာဖုံးရှင်တွေဖြစ်လာတဲ့ TWICE

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "TWICE"ဟာ တေးသီချင်းသစ်တွေနဲ့အတူ ပရိသတ်ရှေ့အရောက်ပြန်လာဖို့ရာ ပြင်ဆင်နေတာဖြစ်ပြီး လတ်တလောမှာတော့ ဒေသတွင်းမှာ ဖြန့်ချိသွားမယ့် "Marie Claire"မဂ္ဂဇင်းရဲ့ မျက်နှာဖုံးရှင်တွေအဖြစ် ရိုက်ကူးပေးခဲ့တာကိုလည်း တွေ့ရပါတယ်။ ယင်းမျက်နှာဖုံးဓာတ်ပုံနဲ့အတူ အထဲမှာ ဖော်ပြသွားမယ့် အဖွဲ့ဝင်တွေရဲ့ အလှဓာတ်ပုံတွေကိုလည်း ထုတ်ဖော်ပြသခဲ့ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

လာမယ့် ဩဂုတ်လမှာ ထုတ်လုပ်ဖြန့်ချိသွားမယ့် "Marie Claire" မဂ္ဂဇင်းအတွက် မျက်နှာဖုံးဓာတ်ပုံမှာတော့ အဖွဲ့ဝင် ၁၃ ဦးလုံး ပါဝင်ရိုက်ကူးထားပါတယ်။ အတွင်းမှာဖော်ပြမယ့်ဓာတ်ပုံတွေမှာတော့ အဖွဲ့ဝင်နှစ်ဦးစီ၊ သုံးဦးစီတွဲဖက်ကာ ရိုက်ကူးထားတာဖြစ်ပါတယ်။ ဒီဓာတ်ပုံတွေမှာတော့ အဖွဲ့ဝင်တွေကို ချစ်စရာကောင်းတဲ့ အမူအရာတွေနဲ့ တွေ့ရမှာဖြစ်ပါတယ်။ ဒ့ါအပြင် ယခင်လို ဘောင်းဘီတို၊ စကတ်တိုလေးတွေ မဝတ်ဆင်ကြဘဲ ဂါဝန်ရှည်၊ ဘောင်းဘီရှည်တို့ကို ဝတ်ဆင်ထားတာကိုလည်း တွေ့ရပါတယ်။

**အေးပြည့်-ရေးသားသည်**

## Channel K "Logo Competition"

ကိုယ့်ရဲ့စိတ်ကူးအိပ်မက်တွေကို အံ့ဩဖွယ်ရာကောင်းလောက်အောင် ဖန်တီးလိုက်ပါ

ကျွန်ုပ်တို့ရဲ့ **Channel K** မှာသင့်ရဲ့ **LOGO** ဖန်တီးမှု စွမ်းရည်ကို အကောင်အထည်ဖော်ပေးမယ့် အစီအစဉ်ကောင်းတစ်ခုပြုလုပ်ပေးဖို့ အသင့်ရှိနေပါပြီ

အဲ့ဒါကတော့ **"Channel K logo Competition"** ပြိုင်ပွဲ ဖြစ်ပါတယ်

စိတ်ဝင်စားပြီးပါဝင်ယှဉ်ပြိုင်လိုရင်တော့ အောက်ပါအချက်အလက်များနဲ့ ကိုက်ညီတဲ့ မည်သူမဆိုပါဝင်ယှဉ်ပြိုင်နိုင်ပါတယ်

**" 5,000,000 Ks "**

**LOGO** အတွက်သတ်မှတ်ထားတဲ့အချက်အလက်တွေကတော့

-အရောင်/ပုံစံ ကန့်သတ် ချက်မရှိပါ

-Own Creation အဖြစ်တာဝန်ယူရပါမယ်

-LOGO Design Format ကိုတော့ (AI,png, jpeg ) စသည် တို့ဖြင့်ပေးပို့ရပါမယ်

-ပြိုင်ပွဲဝင်ကာလကတော့ (17 July 2018 မှ 31 July 2018) အထိ ဖြစ်ပါတယ်

-ရွေးချယ်ခြင်း ခံရတဲ့ ပြိုင်ပွဲဝင်ကိုတော့ August လ အလယ်တွင် ကြေညာပေးပါမယ်

စိတ်ဝင်စားလို့ ပါဝင်ယှဉ်ပြိုင်လိုရင်တော့ LOGO Design အား (contact@channelkmyanmar.com) သို့ email ပို့၍ သော်လည်းကောင်း၊ (No.4/6, Ground Floor, Kantawgyi Tower, Corner of Natmouk Road & Kyaitkasan Road Tamwe Township, Yangon.) သို့လည်းလူကိုယ်တိုင်လာရောက် ပေးပို့ယှဉ်ပြိုင်နိုင်ပါတယ် ဆက်သွယ်ရမယ့် ဖုန်းနံပါတ်ကတော့ 09978613803 , 0945070017 ဖြစ်ပါတယ်

• အငြင်းပွားမှုတစ်စုံတစ်ရာဖြစ်ပေါ်လာပါက Channel K ၏ဆုံးဖြတ်ချက်သာအတည်ဖြစ်ပါသည် •





## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်း(မြောက်)ရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ်(၃၁)၊ (၂)ခန်းတွဲ RC(၈) ထပ်အဆောက်အအုံ၏ ဇလွှာ(A)၊ ခေါင်းရင်းခန်း၊ ဧရိယာ(၈၅၀)စတုရန်းပေရှိ တိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးမြင့်သောင်း [၁၂/စခန(နိုင်)၀၃၀၆၃၁]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးကျော်မျိုးလွင် [၉/မကန(နိုင်)၁၁၀၃၉၃]ဖြစ်သူက အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးကျော်မျိုးလွင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| ဦးဝင်းမင်းစိုး | ဒေါ်သူဇာကျော် |
| LL.B,WIPO(Switzerland) | LL.B,D.B.L,D.I.L,WIPO (Switzerland) |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၆၆၄) | အထက်တန်းရှေ့နေ (စဉ်-၄၆၀၅၁) |
| Ph-၀၉-၇၆၅၆၀၃၅၉၉၊ ၀၉-၄၅၀၀၂၃၆၅၁ | Ph-၀၁-၉၃၄၅၂၆၆၊ ၀၉-၂၅၄၅၀၈၉၁၇ |

Level-7, Office Tower 2, HAGL Myanmar Centre Tower,
အမှတ်(၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

**ကျေးဇူးဆပ်ပါမည်**

Hetero Labs Limited.မှထောက်ပေးပြီးပါ Drug Registration Certificate များမှာ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကပြန်လည်ပေးပို့ပါရန်။

1) Moxifloxacin Hydrochloride Tablets 400mg (Tablet) (Reg.No. 1903AA7265)
2) Opox 100 DT (Tablet) (Reg.No.1903AA7262)
3) Opox 200 (Tablet) (Reg.No.1903AA7263)

Hetero Labs Limited.
Mobile:09972538819.


**တက်နေဝန်း**

09-442076599
09-400448695
09-33100721



**KO YE**

ဒုံအရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်း၊ ရွှေပေါက်ကံမြို့နယ်များရှိ မြေကွက်များ ဝယ်လိုပါသည်။

09421120927




**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ကျန်းမာရေးနှင့်လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန**
**ဆေးတက္ကသိုလ်(၁) ရန်ကုန်**

ဆေးတက္ကသိုလ်(၁)ရန်ကုန်တွင် ဆောက်လုပ်လျက်ရှိသော National Skill Training Simulation & Research Center (၈)ထပ် အဆောက်အဦတွင် ထည့်သွင်းတည်ဆောက်နိုင်ရန် Basic Biochemical Laboratory, Advanced Molecular Laboratory, Microbiological Laboratory, Forensic Laboratory တို့နှင့်ပတ်သက်သော Laboratory Design, Laboratory Furniture, Equipments ပါဝင်သော Laboratory Installation တို့ကို ပြုလုပ်ရန်အတွက် စိတ်ပါဝင်စားသောလုပ်ငန်းရှင်များမှ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

၀၉-၅၀၀၂၀၈၅၊ ၀၉-၅၅၀၅၆၀၅၊ ၀၁-၂၅၁၁၅၇
Email.um1rector@gmail.com

**ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်**



**ဖခင်အမည်မှန်**

ကွမ်းခြံကုန်းမြို့နယ်၊ မင်းဂုတ်ကျေးရွာ၊ အလက၊ အငှမတန်းမှ မောင်အောင်မြတ်သူ၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းအရ **ဦးဇင်မင်းထိုက်** [၆/ကစန(နိုင်)၀၇၉၅၉၈] ဖြစ်ပါကြောင်း။

**ဦးဇင်မင်းထိုက်**

**ဖခင်အမည်မှန်**

မြိတ်မြို့၊ ကန်စွန်းအင်းကိုယ်ပိုင်အထက်တန်းကျောင်း၊ ဒသမတန်းမှ နော်မက်ဒေါနား၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်စာရင်းအရ စောနီသော ဖြစ်ပါကြောင်း။

**စောနီသော**

**အမည်မှန်**

မြိတ်မြို့၊ အထက(၁) အဌမတန်း (အင်ကြင်း)မှ အဖ ဦးမြင့်အေး၏သမီး မချောသက်ဆု၏ အမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းအရ မချောသက်စု [၆/မမန(နိုင်)၂၃၄၀၂၁] ဖြစ်ပါကြောင်း။

**မချောသက်စု**

**မိဘအမည်မှန်**

မြိတ်မြို့၊ အထက(တောင်ရှည်)ကျောင်း၊ တက္ကသိုလ်ဝင်တန်းတွင် ပညာသင်ကြားနေသော မောင်နေလင်းဦး၏ မိဘအမည်မှန်မှာ အိမ်ထောင်စုနှင့် မှတ်ပုံတင်စာရင်းအရ ဦးမောင်ထွန်းနှင့် ဒေါ်စန်းနွဲ့ဖြစ်ပါကြောင်း။

**ဦးမောင်ထွန်း-ဒေါ်စန်းနွဲ့**

**မွေးသက္ကရာဇ်အမှန်**

မြိတ်မြို့၊ အထက(၂)တက္ကသိုလ်ဝင်တန်းမှ ဦးရွှေဆင်း၏ သမီး မမို့မို့ဇင်၏ မွေးသက္ကရာဇ်အမှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းအရ ၂၈-၃-၂၀၀၂ ဖြစ်ပါကြောင်း။

**မိခင်အမည်မှန်**

တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ ဝေဒီကျေးရွာနေ အထက(ခွဲ)ဝေဒီ၊ သတ္တမတန်းမှ မောင်ရဲထွဋ်မျိုး၏ မိခင်အမည်မှန်မှာ ဒေါ်မိုးအေး[၆/လလန(နိုင်)၀၈၀၃၀၂] ဖြစ်ပါကြောင်း။

**ဒေါ်မိုးအေး**

**ဖခင်အမည်မှန်**

မြိတ်မြို့၊ အထက(တောင်ရှည်)ကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မောင်အောင်မျိုးဇော်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုနှင့် မှတ်ပုံတင်စာရင်းအရ ဦးအိုပု ဖြစ်ပါကြောင်း။

**ဦးအိုပု**

**မွေးသက္ကရာဇ်အမှန်**

မြိတ်မြို့၊ အထက(၂)တက္ကသိုလ်ဝင်တန်းမှ ဦးရွှေဘ၏သမီး မဝတ်ရည်ချို၏ မွေးသက္ကရာဇ်အမှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းအရ ၁၉-၂-၂၀၀၃ ဖြစ်ပါကြောင်း။




**ဖခင်အမည်မှန်**

မြိတ်မြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်းမှ မောင်အောင်ကိုငွေး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုနှင့် မှတ်ပုံတင်စာရင်းအရ ဦးသောင်းလွင်ဖြစ်ပါကြောင်း။

**ဦးသောင်းလွင်**

**ဖခင်အမည်မှန်**

မြိတ်မြို့၊ အထက(တောင်ရှည်)ကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မောင်နေလင်းဦး၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်နှင့်အိမ်ထောင်စုစာရင်းအရ ဦးစိန်ဟင်ဖြစ်ပါကြောင်း။

**ဦးစိန်ဟင်**

**အမည်ပြောင်း**

ထားဝယ်မြို့၊ ကြက်စာပြင်ရပ်၊ မြလေးလမ်း၊ အမှတ်(၂၅၁)နေ ဦးသန်းဦး[၆/ထဝန(နိုင်)၁၀၉၈၃၇] - အမိ ဒေါ်အိယမုံ[၆/ထဝန(နိုင်)၁၁၉၄၅၉]၏ သား မောင်ထူးခန့်လင်းအား ယနေ့မှစ၍ မောင်ရွှေဘုန်းမြတ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ရွှေဘုန်းမြတ်**

**ဖခင်အမည်မှန်**

မြိတ်မြို့၊ အထက(၁) ဒသမတန်း (အတွဲ-၁၊ ခရေ)မှ မသန့်သန့်ဖြူ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုနှင့် မှတ်ပုံတင်စာရင်းအရ ဦးကျော်စိုး [၆/မအရ(နိုင်)၀၆၃၂၃၉] ဖြစ်ပါကြောင်း။

**ဦးကျော်စိုး**

**ဖခင်အမည်မှန်**

မြိတ်မြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း၊ (အတွဲ-၁၊ ယုဇန)မှ မဆွေယဉ်ဖူး၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းအရ ဦးစိုးလှိုင် [၆/မမန(နိုင်)၁၅၈၀၈၅] ဖြစ်ပါကြောင်း။

**ဦးစိုးလှိုင်**















ရ တ နာ သစ် တော ပြည့် သွေး ကြော သစ် တော ရ တ နာ ထိန်း သိမ်း ပါ

သမ္ဗုဒ္ဓ ဗုဒ္ဓဘုရားကြီး – စမေ့သက ကာသင်ကိုက်

ဒေါက်တာ ဒေါ်ပညာသိရီ သာသနဓဇ မဟာဓမ္မာစရိယ Ph.D. သုဓမ္မဇောတိကဓဇ ပြည်တွင်းပြည်ပ သာသနပြုဆရာ



ကျောင်းအမှတ်(၁) သီရိကျော် – ငွေလွှဲပို့လှူဒါန်းလိုပါက PINNYASIRI-KBZ Bank (Account No.070-301-07000085501, 070-501-07000085501) ဘဏ်စာရင်းသို့ ...



Home

ပါကေးအစားထိုး ကြမ်းခင်း

Grade နှင့် Quality ...

Grade-A 110,000 | Grade-C 92,000 | Grade-D 86,000 | Grade-E 79,000

တစ်ကျင်းနေရာ(၃၈)ချပ် Floor Only (8" x 48")

* Stock Limit အတွင်းသာ *

09-950 950 950, 09-79 700 70 70

ပြည်ပပို့ကုန်၊ သွင်းကုန်လုပ်ငန်း လမ်းညွှန်သင်တန်း

အပတ်စဉ် - ၇၆

သင်တန်းစရက် - ၂၁ - ၇ - ၂၀၁၈

သင်တန်းကာလ - ၇ပတ် (စနေ၊ တနင်္ဂနွေ - နံနက် ၇ မှ ၉း၁၅ နာရီ)

အလင်းသစ်စာပေ

အခန်း(၆၀၁) အမှတ်(၁၇) ၅၂-လမ်း(အောက်) ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့

ဖုန်း- ၀၉-၅၄-၀၀၃၀၂ ၀၉-၈၇-၀၃၈၄၁

Ph: 095003288

ဖခင်အမည်မှန်

ဘိုကလေးမြို့၊ အထက(၁)၊ ဒသမတန်းအတွဲ(၁)၊ (G)ခန်းနေ မအိန္ဒြာကြွယ်၏ ဖခင်အမည်မှန်မှာ စောဗွေဝါး [၁၄/ဘကလ(နိုင်)၇၆၀ ၄၅၄] ဖြစ်ပါကြောင်း။ **စောဗွေဝါး**

GW

0973226006
0973133528
0973077569

အိမ်ပြောင်း။ အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း

09401505559

ထိပ်တန်း

အိမ်ပြောင်း / အိမ်ရွှေ့လုပ်ငန်း

ပြူတွင်း / နယ်ဝေး

09-254256969

09-971322259

ရွှေလမ်းညွှန်

45000

15000

09-420087371, 09-262705136

မင်္ဂလာပါ

09-450042704

09-256035116

09-420006296

ဖခင်အမည်မှန်

ကမာရွတ်မြို့နယ်၊ ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေး အထက်တန်းကျောင်း၊ Grade(4)(H)မှ မောင်ဘုန်းမြင့်မြတ်၏ ဖခင်အမည်မှန်မှာ ဦးစိုးသိန်း [၁၂/လမတ(နိုင်)၀၁၄ ၉၀၇] ဖြစ်ပါသည်။

## အများသိစေရန် ကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆/အနောက်၊ မြေကွက်အမှတ်-၇၀၃/ခ၊ မြေကွက်တည်နေရာအမှတ်-၇၀၃/က၊ ဝေဇယန္တာလမ်း၊ ၆အနောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဒေါ်ခင်ယုံ[၁၂/သကတ(နိုင်)၀၉၂၃၂၁] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်ယုံ [၁၂/သကတ(နိုင်)၀၉၂၃၂၁]ထံမှ ပိုင်ဆိုင်စာချုပ် (၂၄၃၆/၁၇)ဖြင့်ပိုင်သူ ဒေါ်တင်မာလွင် [၁၂/သကတ(နိုင်)၀၁၇၁၄၈]မှဂရန်မူရင်း ပျောက်ဆုံးကြောင်း သက်ဆိုင်ရာရပ်ကွက်/ ရဲစခန်းထောက်ခံစာ ကိုယ်တိုင်ဝန်ခံချက်၊ ဂရန်မူရင်းသည်နာဂစ်မုန်တိုင်း တိုက်ခတ်ရာမှ အမှန်တကယ်ပျောက်ဆုံးသွားသည်မှာ မှန်ကန်ကြောင်း ပုဇွန်တောင်မြို့နယ် တရားရုံး၏ ၁-၉-၂၀၁၇ရက်စွဲပါ ကျမ်းကိုန်လွှာတို့တင်ပြရန် ဂရန်မိတ္တူလျှောက်ထားလာခြင်းအားဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီဆောင်ရွက်ပြီး ကန့်ကွက်သူမရှိသဖြင့် ဂရန်မိတ္တူမှန်ခွင့်ပြုထုတ်ပေးမည်ဖြစ်၍ မြေငှားစာချုပ် အမှတ်-သကတ/၆(န)၁၀၂၇(၁၃-၉-၁၉၉၃) ဖြင့် မူလကထုတ်ပေးထားသည့် ဒေါ်ခင်ယုံ အမည်ပေါက် မြေငှားစာချုပ်နှစ်(၆၀)ဂရန် မူရင်းစာအုပ်အား မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဌာနမှူး**

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## မင်္ဂလာဈေးဟာအသင်းချုပ်

ဝါဆိုလပြည့်နေ့(ဓမ္မစကြာအခါတော်နေ့) နှင့်စပ်လျဉ်းသော သိကောင်းစရာများကို ဟောပြောမည်ဖြစ်ပါသဖြင့် စိတ်ဝင်စားသူများဟောပြောပွဲသို့ ကြွရောက်ကြပါရန်ဖိတ်ကြားအပ်ပါသည်။

ဟောပြောမည့်ပုဂ္ဂိုလ်များ . . . . . . .

- ဆရာကြီးမင်းယုဝေ(အမျိုးသားစာပေတစ်သက်တာဆု)
- ဦးအမ်ယုမောင်(လက္ခဏာဗေဒ မောင်လှရွှေ-မြန်မာ့)

ကျင်းပမည့်နေ့ရက်– ၂၂-၇-၂၀၁၈(တနင်္ဂနွေနေ့)

ကျင်းပမည့်အချိန် – နံနက်(၈)နာရီမှ နံနက်(၁၀)နာရီအထိ

ကျင်းပမည့်နေရာ – မင်္ဂလာဈေးဟာအသင်းချုပ်၊ အာဇာနည်လမ်း၊ ဗဟန်း၊ ဖုန်း-၀၁၃၇၀၉၅၅၊ ၀၁၃၇၅၇၅၆

အမှုဆောင်အဖွဲ့၊ မင်္ဂလာဈေးဟာအသင်းချုပ်

## စက်မှုလက်မှု အထက်တန်းကျောင်း၊ သံတွဲမြို့

၁၉၈၂ မှ ၁၉၉၉ထိ ပညာသင်ကြားခဲ့သော ကျောင်းသားဟောင်းများ တွေ့ဆုံပွဲကို ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပန်းတောင်းမြို့၊ နန်းဦးရတနာကြောင်လိန်ကျောင်းတိုက်၌ ၂၈-၇-၂၀၁၈ရက် (စနေနေ့) နံနက် ၉း၀၀နာရီတွင် ကျင်းပမည်ဖြစ်ပါသဖြင့် ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**ဆက်သွယ်ရန်-**

**ကိုကျော်ကျော်မင်း - 92 MV 09-260618200**

**ကိုဌေးဝင်း - 91 MT 09-256329929**

Air.con ရေကျလို့လား? Servicing လုပ်လိုက်ရင် ကောင်းသွားမှာပါ။



AAS Air.con Services

01-573811, 578957

09-5054228

09-8614140

09-420033454

09-450236294

09-772013711

FAME

Echinacold®

For acute respiratory tract infection

အအေးမိတုပ်ကွေးရောဂါကုဆေး

ISO 9001 : 2015
ISO 14001 : 2015
OHSAS 18001 : 2007
GMP Certified
Organic Certified

Ph: 09-965559860

FAME

Starnise®

Natural medicine for influenza

နာနတ်ပွင့်ဆေး

ISO 9001 : 2015
ISO 14001 : 2015
OHSAS 18001 : 2007
GMP Certified
Organic Certified

Ph: 09-73142216

psb ACADEMY

# Life Science Workshop

MYANMAR SEARCH INT'L

နိုင်ငံတကာ ဆေးပညာနယ်ပယ်တွင် အောင်မြင်ချင်သော အနာဂတ်လူငယ်များအတွက်

အခမဲ့ဆေးစစ်ခွင့် + အခမဲ့ကျောင်းဝင်ကြေး

အခမဲ့ဆွေးနွေးပွဲ



Yangon

Date - 21-July-2018 (SAT)
Time - 1:00 PM to 3:00 PM
Place - Sule Shangri - La Hotel (Taungngu Room)

Mandalay

Date - 22-July-2018 (SUN)
Time - 1:00 PM to 3:00 PM
Place - Swan Hotel (Yadanar Room)

MSI 09 - 5103915, 09 - 420037616

09 - 402517549, 09 - 767847673, 09 - 5103915

၁၀ တန်း/ IGCSE အောင်မြင်ပြီး မည်သူမဆို "ဆရာဝန်" ဖြစ်နိုင်သည်။

JERALD TAN
Bachelor of Biomedical Science, Alumnus
La Trobe University, Australia
Project Manager, Greenovation Co., Ltd

Life Science (Biomedical Sciences, Pharmaceutical Science, Molecular Biology)

Engineering (Electrical, Industrial, Mechanical)

Hospitality and Tourism Management

Information Technology

Business Management

Media and Communications

စိန်ငါးလုံး ဆံပင်ပေါက်ဆေး

မြေကွက်များရောင်းလိုသည်

မြေကွက်များဝယ်လိုသည်

Ph: 01-2339310, 01-2339355, 01-578044-01570721

# အထူးလိုအပ်လျက်ရှိသော "သုံးထပ်ကျောင်းဆောင်" ကုသိုလ်ပြုဖြည့်ဆည်းလှူဒါန်းစေလို



မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ တောင်စွန်းစံပြကျေးရွာ၊ မြို့ဦးပရဟိတ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းကို ၂၀၀၁ ခုနှစ်၊ ဇွန်လ ၁ ရက်တွင် နိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့၏ ခွင့်ပြုချက်ဖြင့် စတင်ဖွင့်လှစ်ခဲ့ပါသည်။

ယခုနှစ် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှာ (၃၄၂)ဦးသော မိဘမဲ့၊ နွမ်းပါး၊ တိုင်းရင်းသား မူ၊ လယ်၊ ထက် ကျောင်းသား၊ ကျောင်းသူများကို ထိန်းသိမ်းစောင့်ရှောက် ပညာသင်ကြားပေးလျက်ရှိပါသည်။

ဘုရားအမှုးရှိသော သံဃာတော်များနှင့် ပရဟိတကလေးများအတွက် အထူးလိုအပ်လျက်ရှိသော "သုံးထပ်ကျောင်းဆောင်"သည် (အလျား ၆၀ပေ×အနံ ၄၀ပေ) ရှိပြီး (3RC) သုံးထပ်ကွန်ကရစ် အဆောက်အအုံအမျိုးအစားဖြစ်သည်။ အင်ဂျင်နီယာ ဗိသုကာပညာရှင်များ တွက်ချက်မှုအရ တစ်ထပ်လျှင် ကျပ်သိန်း (၃၅၀)ခန့် ကုန်ကျမည်ဖြစ်ပြီး အပေါ်ထပ် စေတီအပါအဝင် သုံးထပ်လုံးအတွက် ကျပ်သိန်း(၁၂၀၀)ခန့် ကုန်ကျမည်ဟုသိရှိရပါသည်။

အထူးလိုအပ်လျက်ရှိသော ဤ"သုံးထပ်ကျောင်းဆောင်"တော်ကြီး အမြန်ဆုံး ပြီးမြောက်နိုင်ရေးအတွက် စေတနာရှင်များမှ တစ်ထပ်ချင်းဖြစ်စေ၊ စွမ်းနိုင်သရွေ့ဖြစ်စေ ကုသိုလ်ပြုလှူဒါန်းခြင်းဖြင့် ကျောင်းဒါယကာ၊ ဒါယိကာမအဖြစ် ခံယူနိုင်ကြစေရန် အထူးမေတ္တာရပ်ခံ နှိုးဆော်တိုက်တွန်းအပ်ပါသည်။

**လှူဒါန်းနိုင်မည့် အပိုင်းကဏ္ဍများ**

(၁) ရွှေတိဂုံ ပုံတူစေတီတော် တန်ဖိုး ကျပ်သိန်း(၁၅၀)။
(၂) သုံးထပ်ကျောင်းဆောင် တစ်ထပ်တန်ဖိုး ကျပ်သိန်း(၃၅၀)။
(၃) အခန်းတစ်ခန်းတန်ဖိုး ကျပ်သိန်း(၃၀)။
(၄) သုံးထပ်ကျောင်းဆောင်အားလုံး အပြီးအစီး တန်ဖိုးကျပ်သိန်း(၁၂၀၀)။

အလှူရှင်များ သားစဉ်မြေးဆက် ဝမ်းမြောက်နှမော် သာဓုခေါ် ဆိုနိုင်ရန် **"ကမ္ပည်းကျောက်စာ"** ရေးထိုးဂုဏ်ပြုပေးပါမည်။ စွမ်းနိုင်သရွေ့ ဝိုင်းဝန်းကူညီ ဖြည့်ဆည်းစေလိုကြောင်း စေတနာကောင်းဖြင့် အသိပေးနှိုးဆော်လိုက်ရပါသည်။

**qufb| , £ef**

**ကျောင်းအုပ်ဆရာတော်နှင့်အကျိုးဆောင်များ**

မြို့ဦးပရဟိတ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း
တောင်စွန်းစံပြကျေးရွာ၊ ဘီးလင်းမြို့နယ်၊ မွန်ပြည်နယ်။
ဖုန်း-၀၉- ၇၉၆၆၂၅၇၀၀၊ ၀၉-၂၅၅၇၄၈၆၂၄၊ ၀၉-၄၉၃၁၅၃၇၀
ကမ္ဘောဇဘဏ်အကောင့်နံပါတ် ဦးဇဋိလ(A/C No. 007- 301-00700708002)
CB Bank အကောင့်နံပါတ် U ZATILA (A/C No.0092600100002526)

**ဖိတ်ခေါ်ပါသည်** - ကျိုက်ထီးရိုးဘုရားဖူးရင်း တစ်ခေါက်တစ်ခါ အရောက်လာစေချင်ပါသည်။ ကျိုက်ထီးရိုးဘုရားနှင့် (၁၇)မိုင်ခန့်သာ ကွာပါသည်။
- ကေလာသဘုရား၊ ကျိုက်ထီးဆောင်းဘုရားနှင့် (၁)မိုင်ခန့်သာ ကွာပါသည်။

**မှတ်ချက်** - မည်သူ့ကိုမျှ အလှူခံ စေလွှတ်ထားခြင်းမရှိပါ။

Alphard, Hiace ...
Ph: 09795549249,095418126
09-795546884

Ph:09-450454771
09-450454772
09-450454773

**ပုတီးကုန်းအသင်း (ရန်ကုန်)**
**အသင်းအဖွဲ့မှတ်ပုံတင်အမှတ်(၂/ရန်ကုန်/၀၅၂)**
**(၁၂)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲ**
**oifvkdwtpnft a0;ESifh &nfrSefqkay;yGJrSm;vTJ**

ပုတီးကုန်းနွယ်ဖွား သံဃာတော်များအား (၁၂)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ သင်းလုံးကျွတ်အစည်းအဝေးနှင့် ၂၀၁၈ တက္ကသိုလ် ဝင်တန်း၌ ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများအား ဆုပေးပွဲကျင်းပမည်ဖြစ်ပါ၍ ကြွရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ရက် - ၁၂-၈-၂၀၁၈ (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက် (၈း၀၀)နာရီမှ (၁၂း၀၀)နာရီထိ
ကျင်းပမည့်နေရာ - ရွှေကျင်မြို့နယ်အသင်းဓမ္မာရုံ၊ ရွှေတိဂုံဘုရား တောင်ဘက်မုခ်၊ မဟာဝိဇယစေတီတော်အနီး ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့။

ကပ်လှူရန် သင်္ကန်းများကို အသင်းမှစီစဉ်ထားပါမည်။

မှတ်ချက်။ အသင်းသူ/သားများသို့ သီးခြားဖိတ်စာပို့ပေးခြင်းမပြုပါ။

၂၀၁၈-တက္ကသိုလ်ဝင်တန်း၌ ဂုဏ်ထူးရကျောင်းသား/ကျောင်းသူများ အမည်၊ မိဘအမည်၊ ခုံအမှတ်၊ စာစစ်ဌာန၊ ဂုဏ်ထူးရ ဘာသာများကိုကြိုတင်၍ အမြန်ဆုံးပို့ပေးပါရန်။

ဦးဝတင်(ယုဇန)- ၀၉-၄၂၃၆၈၆၃၄၃၊
ဦးအုန်းမြင့်(၁) - ၀၉-၇၇၈၁၀၃၉၃၅
ဦးဇော်ဝင်း - ၀၉-၄၄၈၀၂၁၆၀၆
(ပုတီးကုန်း ထမင်းသုတ်ဖြင့် ဧည့်ခံပါမည်)

**အမှုဆောင်အဖွဲ့**
**ပုတီးကုန်းအသင်း (ရန်ကုန်)**

**INVITATION TO OPEN PREQUALIFICATION OF BIDDING**

The Irrigation and Water Utilization Management Department (IWUMD), Ministry of Agriculture, Livestock and Irrigation, announces the PREQUALIFICATION of International Competitive Bidding for "Procurement of Construction Machineries and Cutter Suction Dredger for IWUMD" under the Agriculture Income Improvement Project in Shwebo Area, Sagaing Region based on the Loan Aggrement (Loan No.: MY-P25) signed on 29th March, 2018 between the Japan International Cooperation Agency (JICA) and the Ministry.

The procurement works shall consist of equipment supply, site assembling, test-run, training and commissioning for the construction machineries. Please note that Joint Ventures are acceptable.

| Sr.No. | Bidding No. | Description | Qty: | Remarks |
|---|---|---|---|---|
| 1. | AIIP-Package 4-1 | Procurement of Construction Machineries and Special Vehicles for IWUMD | 1 Package | |
| 2. | AIIP-Package 4-2 | Procurement of Cutter Suction Dredger for IWUMD | 1 Package | |

A complete set of prequalification documents is available in Myanmar Kyat (50,000/-) from 10:00 to 12:00 and 14:00 to 16:00 in the working days from 16th to 23rd, July, 2018 at Procurement Director Office of Irrigation and Water Utilization Management Department, Building No. (43), Nay Pyi Taw and closing date will be 16th, August, 2018 during office hours. Submission of the Documents later than closing date will not be considered.

Contact: Director Office, Procurement Branch, IWUMD.
Telephone: +95-673-410316

# အထူးဝမ်းမြောက် ဂုဏ်ယူခြင်း

S.D. Development Co.,ltd

SEIN DAUNG Superstore (သပြေကုန်း)

ဆိုင်သစ်ဖွင့်လှစ်ခြင်းအတွက် အထူးပင် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း
နှင့် ဆတက်ထမ်းပိုး တိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

SWEETY HOME INDUSTRY Co.,Ltd.


SKYSUITES
အဆင့်အတန်းအမြင့်ဆုံးနေထိုင်လိုသူများနှင့်
အကောင်းကြိုက်သူများအတွက်
Skysuites Luxury ကွန်ဒို
COME &
EXPERIENCE
LUXURY
၂၀၁၈ ဇူလိုင်လ ၂၀ ရက် နှင့် ၂၂ ရက် (စနေ၊ တနင်္ဂနွေ)။
အခိုင်မာဆုံးမြေအမျိုးအစား
အခိုင်ခန့်ဆုံး တည်ဆောက်ထားသော အဆောက်အဦး
နေရာအကွက်အကွင်းကောင်းပြီး ကားပါကင်နှင့်ကားအဝင်အထွက်
အဆင်အပြေဆုံး အဆောက်အဦး
Landscape နှင့် Interior Design အကောင်းဆုံး အဆောက်အဦး
Facilities အကောင်းဆုံးအဆောက်အဦး
သဘာဝအလင်းရောင်နှင့် လေဝင်လေထွက်အကောင်းမွန်ဆုံးအဆောက်အဦး
မြေလွတ် ၆၀% ကျန်ရှိအောင် ဆောက်လုပ်ထားသောအဆောက်အဦး
ရင်းနှီးမြှုပ်နှံရန်အတွက်အကောင်းဆုံး အဆောက်အဦး
KBZ BANK
AYA Bank
C B BANK
မိမိနှစ်သက်သည့် ဘဏ်ဖြင့် Home Loan ဝယ်ယူနိုင်ပါသည်။
Hotline : +959 252 80 8200, +959 252 80 8300
Q HOME
Quality Home, Quality Life
နေရာ - အမှတ် (၂၃)၊ ရန်ရှင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
အချိန် - နံနက် (၁၀) နာရီ မှ ည (၉) နာရီအထိ။

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် သမိုင်းဝင်စစ်ရေယာဉ်(မေယု)ကို ကြည့်ရှုလေ့လာ

ရန်ကုန် ဇူလိုင် ၁၈

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီးသန်လျင်တပ်နယ်၌ ခင်းကျင်းပြသထားသည့် သမိုင်းဝင်စစ်ရေယာဉ်(မေယု)ကို သွားရောက်ကြည့်ရှုလေ့လာသည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် သမိုင်းဝင်စစ်ရေယာဉ်(မေယု)ကို ကြည့်ရှုလေ့လာစဉ်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား တပ်နယ်ရိပ်သာ၌ သန်လျင်တပ်နယ်မှ ဗိုလ်ချုပ်ဌေးနိုင်က သမိုင်းဝင် စစ်ရေယာဉ်(မေယု)နှင့် ပတ်သက်သည့် သမိုင်းရေးဆိုင်ရာ အချက်အလက်များကို Power Point ဖြင့် ရှင်းလင်းတင်ပြပြီး ဗြိတိသျှအစိုးရကိုယ်စား စစ်ရေယာဉ်မှူးဖြစ်သူ ဗိုလ်မှူး မစ်ချယ်လ်က မြန်မာနိုင်ငံအရန်တော်ဝင်ရေတပ်သို့ စစ်ရေယာဉ်(မေယု)ကို အခမ်းအနားဖြင့် လွှဲပြောင်းပေးအပ်ခဲ့စဉ်က ကာကွယ်ရေးဝန်ကြီးဖြစ်သူ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် တက်ရောက်၍ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးခြင်းနှင့် ရေယာဉ်ကို မြန်မာနိုင်ငံကိုယ်စား လက်ခံခြင်းရုပ်သံမှတ်တမ်းကို ပြသသည်။

### ကြည့်ရှုလေ့လာ

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ သန်လျင်တပ်နယ်မှ ဗိုလ်ချုပ်ဌေးနိုင်နှင့် တာဝန်ရှိသူများနှင့်အတူ သမိုင်းဝင်စစ်ရေယာဉ်(မေယု) ပေါ်သို့ တက်ရောက်ကြည့်ရှုလေ့လာပြီး ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ☆

# မကွေးအသင်းက မြဝတီအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရ

**ရန်ကုန် ဇူလိုင် ၁၈**

၂၀၁၈ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၃)မှ ရွှေ့ဆိုင်းထားသော မကွေးအသင်းနှင့် မြဝတီအသင်းတို့၏ ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၄ နာရီက သုဝဏ္ဏကွင်း၌ ကျင်းပသည်။

**မကွေး - သုံးဂိုး**
**မြဝတီ - တစ်ဂိုး**

ရလဒ်ဆိုးရွားနေသည့် အသင်းနှစ်သင်း၏ တွေ့ဆုံခြင်းဖြစ်ပြီး မကွေးအသင်းက ရှစ်ပွဲဆက်နိုင်ပွဲပျောက်ဆုံးမှုကို အဆုံးသတ်နိုင်ခဲ့သည်။ မကွေးအသင်းသည် နိုင်ပွဲပြန်ရှာတွေ့ခဲ့သော်လည်း ပုံစံကောင်းပြသနိုင်ခြင်းမရှိဘဲ ရုန်းကန်ခဲ့ရသည်။ မကွေးအသင်းသည်

စာမျက်နှာ ၁၃ ကော်လံ ၅ သို့ ○



# KBZ Bank Women's League YREO အသင်း ဂိုးပြတ်အနိုင်ရ

**ရန်ကုန် ဇူလိုင် ၁၈**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ KBZ Bank ၏ အဓိက ပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် ၂၀၁၇-၂၀၁၈ ရာသီ KBZ Bank Women's League ပြိုင်ပွဲ ပွဲစဉ်(၁၀) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက အောင်ဆန်းကွင်း၌ ကျင်းပရာ YREO အသင်း ဂိုးပြတ်အနိုင်ရခဲ့သည်။

စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ❖

## ရာနှုန်းပြည့်မိုး (၁၉-၇-၂၀၁၈)

**နေပြည်တော်**
မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

**ရန်ကုန်**
မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

**မန္တလေး**
နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

